ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် တနလာနေ့။ Monday, 23 November 2026 ၁၂၃၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြိုးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြစဉ်။



၂၀၂၆ ခုနှစ်၊ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၆ ခုနှစ်၊ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ည နေပြိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ⁜

မြန်မာ့ထောပတ်သီးဈေးကွက် ပွင့်လန်းပါက တစ်နှစ်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိနိုင်



တောင်ကြီး နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံတွင် ထောပတ်သီး အဓိက စိုက်ပျိုးထုတ်လုပ်ရာဒေသ ခြောက်ခုရှိပြီး မြန်မာ့ထောပတ်သီးဈေးကွက် ပွင့်လန်းပါက တစ်နှစ်လျှင် အနည်းဆုံးအမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရရှိနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

"မြန်မာ့ထောပတ်သီးက ပြည်ပမျိုးနဲ့ ပြည်တွင်းမျိုးဆိုပြီး နှစ်မျိုးရှိတယ်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ⁜

ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် နေရာစိပ်စိပ်နှင့် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၂

ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ

ယနေ့ ဖတ်စရာ

ရေကြောင်းလုံခြုံရေးပင်လယ်ပြင် လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း
စာမျက်နှာ » ၉

စည်းလုံးညီညွတ်မှုအင်အားနဲ့ ရင်ဆိုင်ကျော်လွှားရမည့် ICJ တရားရုံးဆုံးဖြတ်ချက်
ဆောင်းပါး စာမျက်နှာ » ၁၀

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲ မီးပုံးပျံစံချိန်တင်အများဆုံးနှင့် ပြိုင်ဆိုင်မှုမြင့်မား
စာမျက်နှာ » ၁၁

ကုသိုလ်ကောင်းမှုများဖြင့် ထုံမွှမ်းနေသည့် တန်ဆောင်မုန်းလ
ဆောင်းပါး စာမျက်နှာ » ၁၄

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေး

နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အားပေးမြှင့်တင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ MSME လုပ်ငန်းများသည် အဖြတ်အစွန်းရရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ကြသူများသာမကဘဲ ရောင်းဝယ်မှုသို့မဟုတ် ဝန်ဆောင်မှုသို့မဟုတ် အခြားလုပ်ငန်းများလည်းပါနေသဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍများမှ ရပ်တည်လျက်ရှိသည်။

MSME လုပ်ငန်းများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ဒေသတွင်း စီးပွားရေးလည်ပတ်မှုအားကောင်းစေရေးတို့အတွက် အထောက်အကူပြုလျက်ရှိသည်။ MSME လုပ်ငန်းများသည် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု၊ ကိုယ်ပိုင်တီထွင်ကြံဆမှု၊ ကိုယ်ပိုင်ကြိုးပမ်းအားထုတ်မှုတို့ဖြင့် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏ အားပေးကူညီဆောင်ရွက်ပေးမှုအပြည့်အဝမရရှိပါက မျှော်မှန်းသလောက်ခရီးမပေါက်ဘဲ ပုံမှန်လည်ပတ်နေသည့် တိုးတက်မှုနှေးကွေးသောလုပ်ငန်းများအဖြစ် ရပ်တည်နေရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကာအကွယ်ပေးရေးဥပဒေကို နိုဝင်ဘာလ ၂၀ ရက်က ပြဋ္ဌာန်းလိုက်သည်။

MSME လုပ်ငန်းများအနေဖြင့် သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ အဆိုပါ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများ လျော့နည်းစေရန်၊ ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီပေးရန်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဥပဒေပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ၄၅ ကြိမ် သွားရောက်ခဲ့ရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကူညီတိုက်တွန်းဆောင်ရွက်ခဲ့သည်။ ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ ချည်ထည်လုပ်ငန်း၊ အသုံးအဆောင်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန်အတွက် အားပေးကူညီခဲ့သည်။ ဥပမာအားဖြင့် ပြည်တွင်း၌ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်အရေအတွက်များပြားလာသည့်အတွက် လိုအပ်သည့်တာယာနှင့် ကျွတ်များကို ပြည်ပသွင်းကုန်များအဖြစ် စွဲးန္နန်းကြီးမြင့်စွာ ဝယ်ယူနေရသည်။ တာယာနှင့် ကျွတ်များကို ပြည်တွင်း၌ အရည်အသွေးမီထုတ်လုပ်နိုင်ပါက ပြည်ပမှ တင်သွင်းနေရမှုကို လျော့ချနိုင်ပြီး သက်သာသောစွဲးန္နန်းဖြင့် ပြည်သူများအသုံးပြုနိုင်မည်။ လက်ရှိတွင် ပြည်တွင်း၌ တာယာနှင့် ကျွတ်ထုတ်လုပ်နိုင်သော်လည်း လိုအပ်ချက်များရှိနေသေးသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကဲ့သို့ ရော်ဘာထွက်ရှိသည့်ဒေသများတွင် ရော်ဘာကုန်ကြမ်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ ဝါစိုက်ပျိုးသည့်ဒေသများတွင် ဝါကုန်ကြမ်းကိုအခြေခံသည့် ချည်မျှင်နှင့် အထည်အပိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ကရင်ပြည်နယ်တွင် ဖိနပ်စက်ရုံတည်ထောင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် တာယာနှင့် ကျွတ်များထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကို ကြိုဆိုအားပေးကူညီရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေခံ၊ မြေခံ၊ အခြေခံကောင်းများရှိပြီး စက်မှုကုန်ကြမ်းသီးနှံနှင့် အပင်များဖြစ်ထွန်းသည့် အလားအလာကောင်းများစွာရှိပြီးဖြစ်သည်။ အလုပ်လုပ်နိုင်သည့် လူသားအရင်းအမြစ်များနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်သူများလည်းရှိသည်။ နိုင်ငံတော်အနေဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်၊ အထောက်အပံ့အကူညီများလည်း အပြည့်အဝပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားမြင့်မားရေးကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ကျောက်တန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက်(ရန်ကုန်)သို့ လေ့လာ

ကျောက်တန်း နိုဝင်ဘာ ၂၂

ကျောင်းသား ကျောင်းသူများ၏ အသိပညာဗဟုသုတ တိုးပွားစေရန်၊ မြန်မာ့သမိုင်း၊ ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ်များအပေါ် စိတ်ဝင်စားလေ့လာတတ်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(သေဂ)မှ ကျောင်းသားကျောင်းသူ ၁၀၀ တို့သည် ကြီးကြပ်ဆရာဆရာမလေးဦးနှင့်အတူ ယနေ့နံနက်ပိုင်းက အမျိုးသားပြတိုက်(ရန်ကုန်)သို့ လေ့လာရေးခရီး သွားရောက်ကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူးကကျောင်းသားကျောင်းသူများအား ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့သမိုင်းကြောင်းဆိုင်ရာ အထောက်အထားပစ္စည်းများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ တိုင်းရင်းသားပစ္စည်းများ၊ ရှေးခေတ်မှုံးမတ်တို့၏ ဝတ်စုံများ၊ ရှေးဟောင်းပုရပိုက် စာချွန်တော်နှင့် တံဆိပ်တုံးများ၊ ပြာသာဒ်ဟာဉ်၊ သလွန်၊ ညောင်စောင်းစသည့် ထီးနန်းသုံး အဆောင်အယောင်များ၊ ရှေးဟောင်းဒင်္ဂါးများ၊ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးခေတ်မြန်မာဘုရင်များ၏ အသုံးအဆောင်ပစ္စည်းများ မပျောက်ပျက်အောင်ထိန်းသိမ်းထားရှိမှုကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကမ္ဘာ့ကလေးများနေ့ (World Children's Day) အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန အနှိုင်းမဲ့မေတ္တာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနိုင်လင်းသိန်းက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်က အခမ်းအနားဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၂ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရေရှားမည့်ဘေး ရှောင်ရှားဖို့၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	ခိုင်သန္တာလွှေ၊ ခင်ယုဆွေ့၊ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၃၃၃၅၁



လှိုက်လှဲနွေးထွေးစွာ ကြိုဆို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

* ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မီးပုံးပျံလွှတ်တင်ရေး ပြိုင်ပွဲဝင်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက မြန်မာ့ရိုးရာ မီးပုံးငယ်များကို ကိုင်ဆောင်၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့် တစ်ပြိုင်နက် မီးပုံးပျံငယ်များကို အခမ်းအနား တက်ရောက်လာကြသူများက တစ်ပြိုင်နက်လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ

စာမျက်နှာ ၄ သို့ *



ကပြ ဖျော်ဖြေတင်ဆက်

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်စဉ်။



၂၀၂၆ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံ လွှတ်တင်ပူဇော်ပြီဉ်ပွဲတွင် သာသနာရေးဝန်ကြီးဌာနက မီးပုံးပျံလွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေစဉ်။

*** စာမျက်နှာ ၃ မှ**

နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြီဉ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြိုးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲဝင် အသင်းများအလိုက် အသီးသီးလွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုကဲ့သို့ မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

“ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည့်မီးကြိုးနှင့် စိန်နားပန်မီးပုံးပျံကြိုးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသက်နံ့ ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့် အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။”



ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော် အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုကျင်းပပြုလုပ်သည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိ ကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှည့်မီးကြိုးနှင့် စိန်နားပန်မီးပုံးပျံကြိုးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသက်နံ့ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နေမိန္ဒ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

မာရဝိဇယကျောင်းတော် စတုတ္ထအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် စတုတ္ထအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နေမိန္ဒ၊ အောင်စည်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစက္ခဏာတို့ အမှူးပြုသည့် ဆရာတော်ကြီးများ ကြရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ဆီမီးနှင့် သောက်တော် ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန် အလှူခံ မာရဝိဇယကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နေမိန္ဒ ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဏဂုံတော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကထိန်အလှူခံ မာရဝိဇယကျောင်းဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၆ သို့ ❖**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။



ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး အောင်စည်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစက္ခဏာ ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။







ပြည်သူလွတ်တော်ဥက္ကဋ္ဌဦးခင်ရီနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဌေးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ စာမျက်နှာ ၅ မှ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ပြည်ထောင်စုဝန်ကြီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် အောင်စည်သာ ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုအဝေးတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း ခဲ့ပြီး အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်နှင့် ဥ တ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အပါအဝင် တန်ဖိုးငွေကျပ် ၂၆၇ သိန်းကျော်နှင့် လှူဒါန်းငွေကျပ် ၂၉၇ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၆၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

ရေကိုစနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေးမှုပေါ်။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ပိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို ယနေ့ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် တန်ဆောင်တိုင် ပွဲတော်ကြီး၏ ပထမဆုံးနေ့ဖြစ်သော်လည်း ဘုရားမှန်ဦး အပြင်ဘက်ရှိ ကားရပ်နားဝင်းများတွင် နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်ကြသည့် မော်တော်ယာဉ်များဖြင့် အထူးများပြားလျက်ရှိရာ ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက် သွားလာနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက်လမ်းကြောင်းများ၌ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး ဗုဒ္ဓဥယျာဉ်ဝင်ထွက်တော် အတွင်း၌လည်း တန်ဆောင်တိုင် မီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့်ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ ပွဲတော်လာပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညိုး၍ ကုသိုလ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက ဘုရားမှန်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေး အတွက်လည်း ဦးချဲလ်များ၊ မော်တော်ယာဉ်ငယ် များဖြင့် စနစ်တကျ ပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ဆီမီးထွန်းညှိ ပူဇော်နိုင်မည့်နေရာများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်မည့် နေရာများ၊ မသိုးလွှေကြာသက်နှံးရက်လုပ်မည့် နေရာ၊ စျေးပွဲတော်နေရာများနှင့် ဖျော်ဖြေရေးအစီအစဉ် နေရာများသို့ အလွယ်တကူရောက်ရှိနိုင်ရေး လမ်းညွှန်ပြသ စီစဉ်ဆောင်ရွက်ပေးမှုများဖြင့် ဘုရားဖူးလာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွှဲကြသည်။

ထိုပြင် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဧရေချမ်းနှင့် ဆီမီး ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၃၆၀၀ ကပ်လှူပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အဃင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ခြင်း၊ မေတ္တာပို့သခြင်းတို့ဖြင့် ကုသိုလ်ယူပါဝင်ဆင်နွှဲကြရာ တရားဓမ္မအသံများဖြင့် ထုံမွှမ်းလျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံ လွှတ်တင်ပူဇော်မည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများကြိုတင်စောင့်ဆိုင်းရောက် ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အထူး စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကာ မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ် နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ ညမီးကြိုးနှင့် စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်ညိုမှုဝိတိ လက်ခုပ်သံများဖြင့် နေပြည်တော်တန်ဆောင်မုန့်လ ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင် ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ သီဆိုဖျော်ဖြေမှုကြောင့်လည်း ပွဲတော်ကြီးကို ပိုမိုပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော် ပြိုင်ပွဲတွင် သာသနာရေး ဝန်ကြီးဌာနက “မြတ်ရောင်ခြည်”၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက “စီမံစီးပွား ပြည့်အင်အား”၊ နိုင်ငံခြားရေး ဝန်ကြီးဌာနက “သားကောင်းတမန်”၊ လူငယ်ရေးရာဝန်ကြီးဌာနက “လူငယ့်အားမာန်”နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနက “သိပ္ပံနှင့်နည်းပညာ” စသည့် မီးပုံးပျံအမည်တို့ဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့် အတူ သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူ လွှတ်တင်ခဲ့ကြသည်။

အလားတူ ညမီးကြိုးမီးပုံးပျံ လွှတ်တင်ပူဇော် ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနက “အောင်တံခွန်”၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက “တိုးတက်မောင်”၊ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက “စက်မှုအားမာန်”၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက “ပြည်လုံးချမ်းသာ”နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက “ပဘာဝတီ” စသည့်မီးပုံးပျံ အမည်များဖြင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။

ထိုသို့ မီးပုံးများလွှတ်တင်ပူဇော် ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း ရှုမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာဆင်အကများ၊ ဆီမီးခွက်ကိုင်ဆောင်ပူဇော်ခြင်းများနှင့် အတူ တန် ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများ ကြောင့်လည်း တန်ဆောင်တိုင်ည အလှကို ပိုမိုအသက်ဝင်စေခဲ့သည်။

ထိုပြင် ဗုဒ္ဓဥယျာဉ်ဝင်ထွက်တော် အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့် အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင်တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရံ ဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ ဓိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာ ပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းပိုင်းအကြီး၊ ရေပန်းပိုင်း အသေးနေရာများ၌ မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား မသိုးလွှေကြာသက်နှံး ရက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုအဖွဲ့ ရက်ကန်းစင် ၁၅ စင်ဖြင့် သတ်မှတ် နေရာအသီးသီးတွင် မြို့ငြိမ်ငြိုင် ဆိုင်ဆိုင် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော် လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွှဲနိုင်ရေး အတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

ထိုပြင် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မသိုးသက်နှံးရက်လုပ်ပူဇော် ပြိုင်ပွဲ၊ တေးဂီတနှင့် ဇာတ်သာင်းဖျော်ဖြေပွဲ၊ စျေးရောင်းပွဲတော်တို့သို့ ဘုရားဖူးပြည်သူများ လာရောက်ရာတွင် အဆင်ပြေစေရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ပွဲတော်ကာလအတွင်း အခမဲ့အဖြစ် သတ်မှတ်စုရပ်များမှ EV Bus နှင့် တော်ဝင်ယာဉ်လိုင်းမှ မော်တော်ယာဉ်များဖြင့် အသွားအပြန် ပြေးဆွဲပေးလျက်ရှိသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသက်နှံးရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သာင်းဖျော်ဖြေပွဲ၊ စျေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည ၏ အလှနှင့်ရသကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

သတင်း - ဟိန်းမင်းဖိုး၊ ကျော်စွာဝင်း
ဓာတ်ပုံ - အေးအောင်









မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကား

နေပြည်တော် နိုဝင်ဘာ ၂၂

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်၍ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့တွင် ပထမနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် မြောက်ဘက် ဝတ္ထုကံမြေပေါ်ရှိ သတ်မှတ်နေရာများ၌ စတင်ကျင်းပလျက်ရှိရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။



တန်ဆောင်တိုင် ဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ဘုရားဖူးပြည်သူများ ဒေသထွက်လက်ဆောင်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ လေ့လာဝယ်ယူနိုင်ရန်နှင့် အစားအသောက် အဆင်ပြေစေရန်အတွက် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်တွင်းလက်မှုအနုပညာ အရောင်းပြခန်း၊ ရိုးရာ အဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၅၂၀ ဖွင့်လှစ်၍ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြောင်းကို စိတ်အားထက်သန်စွာ ရှင်းလင်းပြသပေးကြသည်ကိုလည်း တွေ့ရသည်။

ထို့အတူ ပွဲတော်လာ ဘုရားဖူးပြည်သူများ မြန်မာ့ဇာတ်သဘင် အနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် အခမဲ့အဖြစ် ဇာတ်သဘင်ကို ဖျော်ဖြေရေး အစီအစဉ်တွင် ထည့်သွင်းခဲ့ပြီး ယနေ့ည ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုတွင် ဇာတ်မင်းသား သူရဝင်းထွဋ်၊ ဇာတ်သဘင်အဖွဲ့က ခေတ်မီသည့် စင်မြင့် အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများနှင့်တွဲဖက်၍ သဘင် ပညာရှင်များ၏ စည်းလုံးညီညွတ်မှုကို အဓိကထား၍ လက်၊ ခြေ၊ “နံကရိုင်း မယ်တော်” အော်ပရာ၊ ပရိသတ်အကြိုက် ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဇာတ်မင်းသား သူရဝင်းထွဋ်၏ အဆို၊ အပြော၊ အက ပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို ဂုဏ်ယူအားရဖွယ်တင်ဆက်မည့် “တိမ်ကြားဖွားတဲ့သား” နှစ်ပါးသွား အစီအစဉ်၊ လူရွှင်တော်များ၏ စိတ်နလုံးဖျော်ရွှင်ဖွယ် ဟာသ ပြက်လုံးများနှင့် ဟာသတစ်ခန်းရပ် များကို ဌာနကရိုဏ်းကျကျ၊ စည်းဝါးကျကျ သီဆိုကပြဖျော်ဖြေ တင်ဆက်မှုများသည် အနုသုခမ သဘင်အား ချစ်မြတ်နိုးခဲ့၍ စိတ်ဝင်တစားလာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများအတွက် ဖရဏာပီတိဝမ်းဆီထိသည့် ပမာ ဖြစ်ခဲ့ရသည်။

ယနေ့ တန်ဆောင်တိုင်ပွဲတော်လာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ စိတ်အပန်းပြေစေရန် အခမဲ့ ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေး အစီအစဉ်အဖြစ် သဒ္ဒါနန်းထိုက်၊ မောက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ ဖိုးသောကြာတို့အပါအဝင် နိုင်ငံကျော်တေးသံရှင်များက DJ များနှင့် Daily Gita Band တို့၏ တီးခတ်မှုနှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

အလားတူ ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခု အဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားပိုင်းနှင့် ချားပိုင်း၊ ကလေးစီးလှုပ်စိန့်နှင့် ကလေးစီးခုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင် ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်း တွေ့မြင်ရပြီး ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင် ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှု အစီအစဉ်များကို နိုဝင်ဘာ ၂၄ ရက်အထိ စည်ကားသိုက်ဖြိုးကြစွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း – ဟိန်းမင်းစိုး၊ ကျော်စွာဝင်း
ဓာတ်ပုံ – အေးအောင်





ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ၂၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဇရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဇရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။



၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဇရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်ရေယာဉ်/စက်လေ့များ၊ ငါးဖမ်းရေယာဉ်/လေ့များ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်း ငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတကာတရားရုံး (ICJ) ၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် ပြည်သူ့ရှေ့ဆောင်ပါတီ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၂) ရက်

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတကာတရားရုံး (International Court of Justice – ICJ) မှ (ဂမ်ဘီယာနှင့် မြန်မာ) အပေါ်ချမှတ်ခဲ့သည့် အပြီးသတ်စီရင်ချက်ကို ပြည်သူ့ရှေ့ဆောင်ပါတီ အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွား၊ နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ အလေးအနက် လေ့လာသုံးသပ်လျက်ရှိပါသည်။

၂။ အဆိုပါစီရင်ချက်တွင် မြန်မာနိုင်ငံအား လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ရာတွင်တာဝန်ရှိကြောင်းဆုံးဖြတ်ခဲ့သည့် အဓိကအချက်သည် တရားရုံးတစ်ရပ်လုံး တညီတညွတ်တည်းဆုံးဖြတ်ခဲ့ခြင်း မဟုတ်ဘဲ တရားသူကြီး ၉ မဲ – ၆ မဲ ဖြင့်သာ မဲကွဲလွဲဆုံးဖြတ်ခဲ့ခြင်းကို တွေ့ရှိရပါသည်။ ICJ ဒုတိယဥက္ကဋ္ဌအပါအဝင် တရားသူကြီး ၆ ဦးက အဆိုပါအဓိကဆုံးဖြတ်ချက်အပေါ် ကန့်ကွက်မဲပေးခဲ့ကြခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်လိုသော အထူးရည်ရွယ်ချက် (Dolus Specialis)၊ သက်သေပြရန် စံနှုန်းနှင့် နိုင်ငံတော်၏တိုက်ရိုက်တာဝန်ရှိမှုဆိုင်ရာ ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် နိုင်ငံတကာတရားသူကြီးများ အကြားဥ်ပင် လေးနက်သောဥပဒေအမြင်ကွဲလွဲမှုများရှိနေကြောင်း ထင်ရှားစေပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ရခိုင်ပြည်နယ်၏ ရှုပ်ထွေးနက်နဲသော မြေပြင်လုံခြုံရေးအခြေအနေများကို ထောက်ရှု၍ အဆိုပါစီရင်ချက်ပါ အဓိကဥပဒေကောက်ချက်များနှင့် သက်သေအထောက်အထားသုံးသပ်မှုအချို့အပေါ် ပါတီအနေဖြင့် အပြည့်အဝသဘောတူလက်ခံနိုင်ခြင်းမရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

၃။ ထို့အပြင် စီရင်ချက်၌ပင် စာချုပ်အပိုဒ် ၂ (ဂ) ပါ ရှုပ်ပိုင်းဆိုင်ရာ ပျက်သုဉ်းစေရန် လူနေမှုအခြေအနေများ တမင်ဖန်တီးခြင်း စွပ်စွဲချက်ကို သက်သေမပြနိုင်ကြောင်း ဆုံးဖြတ်ခဲ့ခြင်း၊ တိုက်ရိုက်နှင့် လူသိရှင်ကြား လှုံ့ဆော်မှု စွပ်စွဲချက်ကို ၁၄–၁ မဲဖြင့် ပယ်ချခဲ့ခြင်းနှင့် ကျန်တောင်းဆိုချက်များကို ၁၅–၀ မဲဖြင့် ပယ်ချခဲ့ခြင်းတို့သည် ယခုအမှု၏အချက်အလက်နှင့် ဥပဒေကြောင်းဆိုင်ရာရှုပ်ထွေးမှုကို ထင်ဟပ်လျက်ရှိပါသည်။

၄။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ စီရင်ချက်ပါ အဓိကဥပဒေကောက်ချက်အပေါ် သဘောထားကွဲလွဲသော်လည်း နိုင်ငံတကာဥပဒေစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးမူဝါဒကို အစဉ်အလေးထားပါသည်။ မည်သည့်လူမျိုးစု၊ ဘာသာရေးအသိုင်းအဝိုင်းအပေါ်မဆို ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လုံးဝဆန့်ကျင်ပြီး ဖြစ်ပွားခဲ့သည့် ပဋိပက္ခများအတွင်း ဥပဒေချိုးဖောက်မှုများရှိခဲ့ပါက ပြည်တွင်းတရားစီရင်ရေးစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့် လိုအပ်သော ပြည်တွင်းဥပဒေပြဋ္ဌာန်း ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ရန် အခိုင်အမာ နားလည်လက်ခံသဘောတူပါသည်။

၅။ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူအားလုံး၏ ဘေးကင်းလုံခြုံရေး၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများ ရရှိရေးနှင့် နေရပ်စွန့်ခွာသူများအရေးအား တည်ဆဲဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူ့ဂုဏ်သိက္ခာရှိရှိ ရေရှည်တည်တံ့သောအဖြေရှာနိုင်ရေးတို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အဓိကကျကြောင်း ယုံကြည်ပါသည်။

၆။ စီရင်ချက်အရ လာမည့် ၂ နှစ်အတွင်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာသံတမန်ရေးရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ရပ်တည်မှုများကို အစဉ်တစိုက်ထောက်ခံအားပေး ... ရပ်တည်သွားမည်ဖြစ်ကြောင်းနှင့် ... အပြည်ပြည်ဆိုင်ရာတရားရုံး၏ စီရင်ချက်တွင် ပါရှိသော ... ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် တရားမမျှတစွာ စီရင်ဆုံးဖြတ်မှုများကို လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်း လေးနက်စွာ သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်သူ့ရှေ့ဆောင်ပါတီ
People's Pioneer Party

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

✣ မြန်မာ့ထောပတ်သီးမှ

ဒေသမျိုးဆိုရင် အမရာအသီးကို ကြိုက်ကြပြီး ပြည်ပမျိုးဆိုရင် ဟတ်စ်အသီးကို နှစ်ခြိုက်ကြတယ်။ အဓိကဈေးကွက်ရဖို့လိုတာပါ။ တရုတ်နိုင်ငံက ရှမ်းပြည်နယ်က ခြံတွေနဲ့ စက်ရုံတွေကို လာကြည့်ပြီးပါပြီ။ ဒုတိယပိုင်းစာချုပ်မူကြမ်းလက်မှတ်ရေးထိုးတဲ့အပိုင်းလည်း ပြီးသွားပါပြီ။ နောက်ဆုံးအဆင့်ပဲကျန်ပါတော့တယ်။ ထိုင်းကိုလည်း တရားဝင်တင်ပို့နိုင်ဖို့ ကြိုးစားနေသလို အိန္ဒိယနိုင်ငံကလည်း မြန်မာထောပတ်သီးကို ကြိုက်နှစ်သက်တဲ့အတွက် တင်ပို့ခွင့်ရပြီဆိုရင် မြန်မာ့ထောပတ်သီး တင်ပို့မှုကနေ နိုင်ငံခြားငွေရရှိလာမှာပါ။ ဈေးကွက်ပွင့်သွားပြီဆိုတာနဲ့ ထောပတ်သီးတင်ပို့မှုကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၁၀၀ အထက်ရရှိနိုင်ပါတယ်"ဟု မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းထွန်းဝင်းက ပြောသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ဒေသမျိုးထောပတ်သီးကို ၂၀၁၃–၂၀၁၄ ခုနှစ်တွင် ဟောင်ကောင်သို့ စတင် တင်ပို့ခဲ့ပြီး ဈေးကွက်ဝင်တင်ပို့နိုင်ရန် ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှ မျိုးစိတ်များဖြစ်သည့် ဟတ်စ်ထောပတ်သီးမျိုးစိတ်အပါအဝင် စူတာနိုး၊ ရိစ်၊ လန်းဟတ်စ်၊ ဘောဂွန် စသည့်ထောပတ်သီးမျိုးစိတ် ငါးမျိုးကို တရားဝင် တင်သွင်းခဲ့သည်။

ရှမ်းပြည်နယ်တွင် ဈေးကွက်ဝင်ဖြစ်သည့် ဟတ်စ်နှင့် ဘွတ်စ်ဆဲလ်ဗင်းကို အဓိကစိုက်ပျိုးလာပြီး ထောပတ်သီးရာသီထက် ကြိုတင်ထွက်လေ့ရှိသည့် ကျန်ပြည်ပမျိုးစိတ်လေးမျိုးကိုလည်း စိုက်ပျိုးမှုရှိသည်။

ပြည်ပဈေးကွက်သို့ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်ပို့နေသည့် ထောပတ်သီးများသည် အောက်တိုဘာလတွင် ရာသီကုန်ချိန်ရောက်ရှိပြီး မြန်မာ့ထောပတ်သီးများက နိုဝင်ဘာလမှ ဇန်နဝါရီလအထိ ထွက်ရှိကာ အရည်အသွေးကောင်းမွန်မှုကြောင့် ဈေးကွက်ရရှိလာသည်။

ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ အအေးခန်းစက်ရုံများ၊ ထုပ်ပိုးစက်ရုံများ အပါအဝင် စက်ရုံပိုင်းဆိုင်ရာ လိုအပ်လျက်ရှိရာ လုပ်ငန်းရှင်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရေတို အကျိုးအမြတ်ထက် နိုင်ငံစီးပွားနှင့်တောင်သူအကျိုးစီးပွားကို အထောက် အကူဖြစ်စေမည့် စက်ရုံပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပေါင်းစပ်ပါဝင် ဆောင်ရွက်မှုဖြင့် အသီးအနှံတင်ပို့မှုမှ ရရှည်နိုင်ငံခြားဝင်ငွေရရှိမှု ခိုင်မာစေမည်ဖြစ်ကြောင်း ထောပတ်သီးစိုက်ပျိုးတောင်သူများက အကြံပြုကြသည်။

၂၀၂၆ ထောပတ်သီးပွဲတော်ကို တောင်ကြီးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနခွဲ နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တာ ကျင်းပလျက်ရှိပြီး ပွဲတော်တွင် ထောပတ်သီးကို ဖျော်ရည်အဖြစ် သောက်သုံးမှုအပြင် ထောပတ်သီးသုပ်၊ ငါးပိရည်အတို့၊ ထောပတ်သီးပလာတာ၊ အစပ်သုပ်၊ အဆိမ့်သုပ်အပါအဝင် အခြားနည်းလမ်းများဖြင့် အရောင်းမြှင့်တင်ပြသလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ – ဇွဲမာန်

စည်းလုံးညီညွတ်မှုအင်အားနဲ့ ရင်ဆိုင်ကျော်လွှားရမည့် ICJ တရားရုံးဆုံးဖြတ်ချက်

မင်းခန့်



မြန်မာပြည်သူများ အထူးစိတ်ဝင်စားနေကြတဲ့ Genocide အမှုမှာ သာမန်အားဖြင့်တော့ ICJ တရားရုံးရဲ့ဆုံးဖြတ်ချက်အရ ဂမ်ဘီယာနိုင်ငံက အသာစီးရရှိပြီး မြန်မာနိုင်ငံက ရှုံးနိမ့်သွားတယ်လို့ ထင်မြင်ယူဆကြမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်တမ်းထဲထဲဝင်ဝင် လေ့လာသုံးသပ်ကြည့်ရင်တော့ အချက်အများအပြားမှာ အရေးနိမ့်ခဲ့ရတာ မှန်ပေမယ့် လုံးလုံးလျားလျား ခေါင်းမထူနိုင်လောက်အောင် ဆိုးရွားလှတာတော့ မဟုတ်ပါဘူး။ တချို့နေရာတွေမှာ အားသာချက်တွေလည်း ရှိနိုင်တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ICJ တရားရုံးရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ခဲ့လို့ ဂမ်ဘီယာက တရားစွဲဆိုတဲ့အမှုကို ရိုးသားဖြောင့်မတ်စွာ သွားရောက်ရင်ဆိုင်ဖြေရှင်းခဲ့ခြင်းဖြစ်ပါတယ်။ အမှုရင်ဆိုင်ခဲ့တဲ့ ၇ နှစ်တာကာလအတွင်း တရားရုံးရဲ့ အဓိန့်တွေ၊ ညွှန်ကြားချက်တွေကို တာဝန်သိစွာ အပြည့်အဝလိုက်နာခဲ့ပါတယ်။ မိမိတို့ဘက်က လူမျိုးသုဉ်းအောင် တမင်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တာမရှိဘဲ အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ဆိုးရွားလှတဲ့လုပ်ရပ်တွေကို တားဆီးနိုင်ဖို့ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်မှုတွေ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ဥပဒေအကြောင်းခြင်းရာနဲ့ သက်သေအထောက်အထား အချက်အလက်တွေပါ ခိုင်ခိုင်လုံလုံ တင်သွင်းချေပခဲ့တာဖြစ်ပါတယ်။ မြန်မာကသာ တရားရုံးကို သွားပြီး ဒီလိုရင်ဆိုင်ချေပမှုမပြခဲ့ဘူးဆိုရင်လည်း ICJ တရားရုံးက ဒီထက်မက ပိုမိုဆိုးရွားတဲ့ ဆုံးဖြတ်ချက်တွေကို ထောက်ခံမဲ ၁၅ မဲ၊ ကန့်ကွက်မဲ သုညနဲ့ ဆုံးဖြတ်ခံရမှာပဲ ဖြစ်ပါတယ်။

ယခုလို သွားရောက်ရင်ဆိုင်ဖြေရှင်းခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ ခိုင်မာတဲ့သက်သေ အထောက်အထားများနဲ့ ခုခံလျှောက်လဲချက်များဟာ ICJ တရားရုံးမှာ နိုင်ငံတကာအဆင့် မှတ်တမ်းဝင်သွားပြီဖြစ်ပါတယ်။ အဲလို မဖြေရှင်းခဲ့ဘူးဆိုရင် ဂမ်ဘီယာ စွပ်စွဲသမျှ ကမ္ဘာက အမှန်တွေချည်းလို့ ထင်မြင်ကြမှာ ဖြစ်ပါတယ်။ ဒါကလည်း အရှုံးထဲက အမြတ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ICJ က စီရင်ချက်ချမှတ်ခဲ့တဲ့ အချက် ၁၃ ချက် ရှိပြီး တရားသူကြီး ၁၅ ဦးက တစ်ချက်ချင်းကို မဲပေးပြီးတော့မှ ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဆုံးဖြတ်ချက် အမှတ်စဉ် (၁) နဲ့ အမှတ်စဉ် (၂) ကတော့ လူမျိုးသုဉ်းကျူးလွန်ခဲ့ကြောင်းနဲ့ ကျူးလွန်ခြင်းကို တားဆီးရန် ပျက်ကွက်ခဲ့ကြောင်း ထောက်ခံ ၉ မဲ ကန့်ကွက် ၆ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်လို့တော့ ဂမ်ဘီယာနိုင်ငံဘက်က တင်သွင်းတဲ့သက်သေတွေက မခိုင်လုံပေမယ့်လည်း ခိုင်မာမှုမရှိတဲ့ မျက်မြင်သက်သေဆိုသူတွေရဲ့ ထွက်ဆိုချက်တွေကို တရားရုံးက လက်ခံလိုက်တဲ့အတွက် အသတ်ခံရတဲ့ ကိန်းဂဏန်းတွေ ဖောင်းပွခြင်း၊ ပုံကြီးချဲ့ဖြစ်စဉ်များကို လက်ခံခြင်းတို့ကြောင့် ဒီလိုဆုံးဖြတ်ခဲ့ခြင်း ဖြစ်နိုင်ပါတယ်။ ၆ မဲ ၉ မဲနဲ့ကပ်ပြီး အရေးနိမ့်ခဲ့ရတာဖြစ်တဲ့ အတွက် မြန်မာဘက်ကလျှောက်လဲချက်တွေဟာ ထိရောက်ခဲ့ပြီး တချို့တရားသူကြီးတွေက အစဉ်အလာအရ အခုလို အမှုကြီးတွေမှာ ထားရှိရမြဲဖြစ်တဲ့ မြင့်မားတဲ့သက်သေခံခိုင်လုံမှုအဆင့်အတန်းကို အကြောင်းအမျိုးမျိုးကြောင့် လျော့ပေါ့ပြီး ဂမ်ဘီယာဘက်ကို အသာပေး ဆုံးဖြတ်ခဲ့တယ်လို့ ယူဆရပါတယ်။ သဘောထားကွဲလွဲတဲ့ တရားသူကြီး ၆ ဦးရဲ့ ပူးတွဲကြေညာချက်မှာ တရားရုံးရဲ့ ဒီလိုစံနှုန်း နှိမ့်ချသွေဖည်မှုကို အပြင်းအထန်ထောက်ပြဝေဖန်ခဲ့ကြတာ တွေ့ရပါတယ်။

ဆုံးဖြတ်ချက် (၃) မှာတော့ ဘင်္ဂါလီတွေအပေါ် လူမျိုးသုဉ်းသတ်ဖြတ်ရန် အမုန်းစကားများဖြင့် မြန်မာဘက်က လှုံ့ဆော်ခဲ့ခြင်းမရှိကြောင်း ၁၄ မဲ ၄ မဲနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဆုံးဖြတ်ချက် (၄) မှာတော့ လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သူ အရပ်သားတွေကို ပြစ်ဒဏ်ပေးရန် မြန်မာဘက်က ပျက်ကွက်ခဲ့ကြောင်း ၁၁ မဲ ၄ မဲနဲ့ အတည်ပြုခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီ ပြစ်ဒဏ် ကျူးလွန်ခဲ့တဲ့သူတွေကို မြန်မာနိုင်ငံကပဲ လွတ်လပ်တဲ့ ခုံရုံးဖွဲ့စည်းစစ်ဆေးပြီး အရေးယူရမှာဖြစ်ပါတယ်။ ယခင်ဖြစ်စဉ်များတုန်းက ကျူးလွန်သူတွေကို ICC နဲ့ အလားတူ အခြားနိုင်ငံတကာ ခုံရုံးတွေကို လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ဖူးပေမယ့် ယခုဖြစ်စဉ်မှာတော့ ICC ကို လွှဲပြောင်းပေးစေခြင်း မရှိတာကို တွေ့ရှိရပါတယ်။ ဒါကလည်း မြန်မာအတွက် ကောင်းမွန်တဲ့ရလဒ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ဆုံးဖြတ်ချက်(၅)မှာတော့ မြန်မာနိုင်ငံမှာ လူမျိုးသုဉ်းသတ်ဖြတ်မှုကို တားဆီးရမယ့် ဥပဒေများ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း ၁၄ မဲ ၁ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအချက်ကတော့ မြန်မာနိုင်ငံမှာ လူသတ်မှုများအတွက် ပြဋ္ဌာန်းထားရှိတဲ့ ရာဇဝတ်ဥပဒေမှုကို ဆိုင်ရာ ရာဇသတ်ကြီး ဥပဒေမှာ လူမျိုးသုဉ်းစေမှုကို ထည့်သွင်းပြင်ဆင်ခဲ့ပေမယ့် မလုံလောက်ဘူးလို့ တရားရုံးက ယူဆခဲ့တာဖြစ်ပါတယ်။ ဒါကတော့ လူမျိုးသုဉ်းစေမှုကို သီးခြားရည်ရွယ်တားဆီးတဲ့ ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး ဖြေရှင်းလို့ရတဲ့အချက်ပဲ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၆) မှာတော့ လူမျိုးသုဉ်းသတ်ဖြတ်ရန် ချိုးဖောက်မှု မှန်သမျှကို ရပ်တန့်ရန် ၁၄ မဲ ၁ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအချက်ကတော့ မြန်မာနိုင်ငံအနေနဲ့ ဒီအမှုမှာ ပါဝင်ရင်ဆိုင်ခဲ့တဲ့ အချိန်ကစပြီး လူမျိုးသုဉ်းသတ်ဖြတ်ခြင်းကို ကျူးလွန်မှုမှန်ကြောင်း ပုံမှန်အစီရင်ခံစေခဲ့တဲ့အတွက် လိုက်နာဆောင်ရွက်ပြီး ဖြစ်နေပါတယ်။

ဆုံးဖြတ်ချက် (၇) ကတော့ ဆုံးဖြတ်ချက် (၄) နဲ့ သဘောတရားတူညီပြီး ကျူးလွန်ရန် သံသယရှိသူတွေကို မြန်မာနိုင်ငံအစီအစဉ်နဲ့ စုံစမ်းစစ်ဆေးအရေးယူရန် ၁၃ မဲ ၂ မဲနဲ့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဆုံးဖြတ်ချက် (၈) ကတော့ အလားတူချိုးဖောက်မှုများ မဖြစ်စေရန် တားဆီးကာကွယ်ရမယ်ဆိုတဲ့ အချက်ဖြစ်ပြီး ဆုံးဖြတ်ချက်(၁) နဲ့ (၂) ရဲ့ သဘောတရား အတူတူပင် ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၉) မှာတော့ ပြန်လည်ထူထောင်ပေးရေး အစီအမံချမှတ် ဆောင်ရွက်ရန်အတွက် ၁၀ မဲ ၅ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအချက်ကတော့ လက်ရှိမှာလည်း မြန်မာအစိုးရအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး အာဆီယံ၊ ကုလသမဂ္ဂအဖွဲ့အစည်းအချို့နဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံတွေနဲ့ပါ ပူးပေါင်းပြီး လုပ်ဆောင်ပေးနေတဲ့အချက် ဖြစ်တဲ့အတွက် မြန်မာအစိုးရအနေနဲ့ အခက်အခဲ မရှိတဲ့ အချက်ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၁၀) နဲ့ (၁၁) ကတော့ ထိခိုက်နစ်နာခဲ့သူများကို လျော်ကြေးငွေပေးအပ်ရန် တာဝန်ရှိကြောင်း ၁၀ မဲ ၅ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်မှာလည်း လျော်ကြေးငွေကို ဂမ်ဘီယာကို ပေးစရာမလိုဘဲ ဘယ်သူတွေက နစ်နာတယ်၊ လျော်ကြေး ဘယ်လောက်ပေးရမယ်၊ ဘယ်လိုပေးရမယ်ဆိုတာကို မြန်မာနိုင်ငံကပဲ တာဝန်ယူပြီး ၂ နှစ်အတွင်း လေ့လာဆောင်ရွက်ကာ ICJ က အတည်ပြုဆုံးဖြတ်ပေးရမှာ ဖြစ်တဲ့အတွက် ဂမ်ဘီယာအတွက်တော့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၁၂) ကတော့ သက်သေခံပစ္စည်းများ ဖျက်ဆီးထားကြောင်း ၁၁ မဲ ၄ မဲနဲ့ ဆုံးဖြတ်ခဲ့ပြီး မြန်မာဘက်က သီးခြားဆောင်ရွက်ရန် မလိုတဲ့ အချက်ဖြစ်ပါတယ်။ ဆုံးဖြတ်ချက် (၁၃) ကတော့ ဘင်္ဂါလီများကို နိုင်ငံသားပေးဖို့ သူတို့လိုလားတဲ့ လူမျိုးအမည်ကို တရားဝင်သတ်မှတ်ပေးဖို့ အချက်များအပါအဝင် ဂမ်ဘီယာနိုင်ငံက အခြားလျှောက်ထားတင်ပြချက်အားလုံးကို ၁၅ မဲ သုညနဲ့ မြန်မာဘက်က အနိုင်ရရှိခဲ့ပါတယ်။

အားလုံးကို ခြုံငုံသုံးသပ်လိုက်ရင်တော့ မြန်မာရှုံးတယ်လို့ ပြောလို့မရဘဲ ဂမ်ဘီယာနိုင်ငံဘက်က လိုလားတဲ့ ဘင်္ဂါလီတွေ နိုင်ငံသားဖြစ်ခွင့်ရရှိရေး၊ ကျူးလွန်သူတွေကို ICC တရားရုံးကို လွှဲပြောင်းဆုံးဖြတ်ချက်နဲ့ အမှုက အဆုံးသတ်သွားမှာဖြစ်ပြီး ၁၅ မဲ သုညမဲနဲ့ နိုင်ငံရဲ့နယ်မြေကို ဖွဲ့ထုတ်သွားရန် ရည်ရွယ်ချက်ကို တားဆီးလိုက်နိုင်ခြင်းဟာ မြန်မာနိုင်ငံအတွက် အမြတ်ရရှိခြင်း ဖြစ်ပါတယ်။

ယခုဆုံးဖြတ်ချက်များကို လေ့လာသုံးသပ်ပြီး တခြားအချုပ်အခြာအာဏာပိုင် နိုင်ငံများနည်းတူ မြန်မာအစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားနဲ့ ပကတိအခြေအနေတွေအပေါ်မှာ မူတည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ သံတမန်ရေးအရလည်း မိတ်ဖက်နိုင်ငံကြီးတွေရဲ့ အကူအညီကိုရယူပြီး နိုင်ငံတကာမျက်နှာစာမှာ လှုပ်ရှားဆောင်ရွက်သွားဖို့လည်း လိုပါလိမ့်မယ်။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာလွတ်လပ်မှုနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားပြီး မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုများကို ဓမ္မဓိဌာန်ကျကျ ရှုမြင်သင့်ပြီး အခြေအနေ ပိုမိုကောင်းမွန်စေရေးအတွက် အပြုသဘောဖြင့် ပူးပေါင်းပါဝင်သင့်ပါတယ်။ ဆုံးဖြတ်ချက်ချမှတ်ခဲ့တဲ့ တရားသူကြီးများအကြား သဘောထားအဖြေ ကွဲပြားမှုများရှိနေပြီး ရှုပ်ထွေးရှည်လျားတဲ့ တရားရုံးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအစိုးရအနေဖြင့် အချိန်ရှိယူအလေးထားလေ့လာသွားမှာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

အားလုံးကို အနှစ်ချုပ်လိုက်ရင် မြန်မာနိုင်ငံသားများအနေဖြင့် ICJ ရဲ့ ဆုံးဖြတ်ချက်အပေါ် အလွန်အမင်းစိုးရိမ်ပူပန်စရာမလိုဘဲ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တစ်နိုင်ငံလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ဘယ်လိုအနှောင့်အယှက် အခက်အခဲမဆို ရင်ဆိုင်ကျော်လွှားကာ အောင်မြင်နိုင်မည်ဖြစ်





တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲ မီးပုံးပျံစုံချိန်တင်အများဆုံးနှင့် ပြိုင်ဆိုင်မှုမြင့်မား

တောင်ကြီး နိုဝင်ဘာ ၂၂

အနှေးခတ်မပြတ် လွှမ်းခြုံနေသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အဝေးရောမီးပုံးပျံကွင်း၌ ယနေ့စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယခုနှစ်ပြိုင်ပွဲသည် တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတစ်လျှောက် စံချိန်တင်မီးပုံးပျံအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ဆိုင်မှုအားကောင်းမှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်ကြည့်ရှုအားပေးခဲ့ကြရာ ပွဲခင်းတစ်လျှောက် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

“ဒီနှစ်မီးပုံးပျံပြိုင်ပွဲဟာ တောင်ကြီးမှာ ကျင်းပတဲ့ မီးပုံးပျံပြိုင်ပွဲတစ်လျှောက် အလုံးရေအများဆုံးနဲ့ ပြိုင်ဆိုင်မှုအားကောင်းတဲ့နှစ်လို့ ပြောရမှာပါ။ ကျွန်တော့်သက်တမ်းတစ်လျှောက်မှာ ပရိသတ်အများဆုံးနဲ့ မီးပုံးပျံအများဆုံး ယှဉ်ပြိုင်တဲ့ပြိုင်ပွဲဖြစ်တဲ့အတွက် အမှတ်ပေးဒိုင်တွေက သတိမပြတ် စောင့်ကြည့်ရတဲ့ပွဲပါ။ ပြိုင်ပွဲဝင်တဲ့မီးပုံးပျံတွေဟာ တိထွင်ဆန်းသစ်မှု၊ ပန်းချီပညာနဲ့ အရုပ်ပုံစံတွေ စုံလာတယ်။ ဒီနှစ်မှာ ကြက်ဖအရုပ်ဆိုရင် အရောင်နဲ့ ပုံသဏ္ဌာန် ထူးခြားလှပအောင် ယှဉ်ပြိုင်ကြပြီး အခြားအရုပ်တွေလည်း ခြယ်သမှုကောင်းမွန်လာတာတွေ့ရပါတယ်။ စံနှုန်းပန်ဆိုရင်လည်း တိုးတက်လာတယ်။ ညမီးကြိုးဆိုရင် ပန်းချီရေးဆွဲမှုအားကောင်းလာပြီး ယမ်းသုံးစွဲမှုအတတ်ပညာလည်း တိုးတက်လာတာတွေ့ရပါတယ်။ နေ့လွှတ်အရုပ်နဲ့ ညလွှတ်မီးပုံးပျံ ဒီနှစ်ဟာ စံချိန်တင်အများဆုံးပါပဲ”ဟု မီးပုံးပျံပညာရှင်အသင်းနာယကဖြစ်သူ အသက်(၇၈)နှစ်ရှိ အဘတင်ဝင်း(ပန်းချီ)က ပြောသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲနေ့ဖြစ်သည့် နိုဝင်ဘာ ၁၆ ရက်မှစ၍ အဝေးရာမီးပုံးပျံကွင်းအတွင်း နေ့စဉ် ပရိသတ်များ ရှေ့တိုးနောက်ဆုတ်၍မရသည်အထိ စည်ကားများပြားလျက်ရှိပြီး နိုဝင်ဘာ ၂၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့)တွင် ပိတ်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြိုး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံးဖြင့်လည်းကောင်း၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံးဖြင့်လည်းကောင်း မီးပုံးပျံ ၅၆၁ လုံး လွှတ်တင်ယှဉ်ပြိုင်လျက်ရှိသည်။

မီးပုံးပျံပွဲတော်ကို တောင်ကြီးမြို့က စတင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်တို့တွင် တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်များကို နေပြည်တော်၊ မကွေး၊ ပဲခူး၊ ပြင်ဦးလွင်၊ ဟိုပုံး၊ အောင်ပန်းမြို့တို့က ခေါ်ယူ၍ မီးပုံးပျံများကို တည်ဆောက်လွှတ်တင်လျက်ရှိသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲပြီးသည်နှင့် ဟိုပုံးနှင့်အောင်ပန်းမြို့တို့၌ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ နေ့လွှတ်မီးပုံးပျံပြိုင်ပွဲတွင် ခြေနှစ်ချောင်းအရုပ်များဖြစ်သည့် ကတ္တာပါ၊ ကြက်တူရွေး၊ ငှက်ကြီးဝန်ပို၊ ဧရာဂွက်၊ စင်ရော်၊ အောက်ချင်း၊ ဂျိုးဖြူ၊ ကြက်ဖ၊ ဘဲ စသည့်အရုပ်များနှင့် ခြေလေးချောင်းအရုပ်များဖြစ်သည့် သိုး၊ မြင်း၊ သမင်၊ ဝက်ဝံ၊ မျောက်ဝံ၊ ဆင်၊ ဝက်၊ ဖျံ၊ ပန်ဒါ စသည့် အရုပ်မီးပုံးပျံ ၄၅ လုံး ပါဝင်ယှဉ်ပြိုင်ကြသည်။

ညလွှတ် စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် ABC Men Wear၊ Shan United၊ Lucky၊ မုံတဝတောင်ရိုး၊ KBZ Bank တို့နှင့် ညမီးကြိုးပြိုင်ပွဲတွင် Shan United၊ လွိုင်လင်မီး၊ ရတနာတောင်ရိုး၊ စက္ကူ၊ ပွဲစားအို၊ လူချော၊ အိုဇုန်း၊ 81 နဂါးပျံ၊ ပေတူး၊ KBZ Bank နှင့် အားသစ်တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သတင်း - ကိုထွေး၊ သန္ဓာ၊ ဓာတ်ပုံ - ဇွဲမာန်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဆဋ္ဌမည စိန်နားပန်မီးပုံးပျံ၊ ညမီးကြိုးမီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

တောင်ကြီး နိုဝင်ဘာ ၂၂

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကို တောင်ကြီးမြို့ရှိ အဝေးရာမီးပုံးပျံကွင်း၌ ကျင်းပလျက်ရှိရာ ယမန်နေ့ ပွဲတော်ဆဋ္ဌမနေ့ညပိုင်းတွင် စိန်နားပန်မီးပုံးပျံ ငါးလုံး၊ ညမီးကြိုးရှစ်လုံး လွှတ်တင်ယှဉ်ပြိုင်ပွဲ၊ တေးကိတဖျော်ဖြေပွဲ၊ နိုင်ငံကျော်အဆိုတော်များ၏ စတိတ်ရှိုးပွဲဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပွဲတော်တွင် အနယ်နယ် အရပ်ရပ်မှ ခရီးသွားပွဲတော်လာ ပြည်သူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ပွဲတော်လာ ပရိသတ် ငါးသိန်းခန့်လာရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲတော် ဆဋ္ဌမည ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေမှု၊ စိန်နားပန်မီးပုံးပျံများ၊ ညမီးကြိုးမီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်နေမှုတို့ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ကျောက်ဆည်မြို့နယ် စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ကျောက်ဆည် နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီတွင် ကုလားကျောင်းကျေးရွာအုပ်စုမြို့ရှောင်လမ်းဆုံမှ ကောသိဦးစက်သုံးဆီအရောင်းဆိုင်သို့ ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီအရောင်းဆိုင်များ၌ထားရှိသော အပျော်စားရေစုပ်စက်၊ ရေပက်ပိုက်လိပ်၊ ရေပိုက်ခေါင်းများနှင့် တပ်ဆင်ထားသော မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်မှုရှိ/မရှိစစ်ဆေးခြင်းနှင့် ဆီသိုလှောင်ကန်များ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးသုံးစွဲနည်း၊ မီးလန့်မှုများဖြစ်ပွားပါက ဆက်သွယ်ရမည့် အရေးပေါ်ဖုန်းနံပါတ်များကို ဆက်သွယ်စေခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



ရခိုင်ပြည်နယ်အတွင်း မွေးမြူရေးဇုန်များ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၇ ခုနှစ် ဇန်နဝါရီတွင် မွေးမြူရေးလုပ်ငန်းများ စတင်အကောင်အထည်ပေါ်လာမည်

စစ်တွေ နိုဝင်ဘာ ၂၂



ရခိုင်ပြည်နယ် အတွင်းရှိ ပြည်သူများ ကြက်ဥ၊ ကြက်သားနှင့် ဝက်သားများ စဈေးနှုန်းချိသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မွေးမြူရေးဇုန်များကို အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၇ ခုနှစ် ဇန်နဝါရီတွင် မွေးမြူရေးလုပ်ငန်းများ စတင်အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ယမန်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့ ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း စားရေရိကွာ ဖူလုံမှုရှိစေရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝက်မွေးမြူရေးဇုန်၊ ကြက်မွေးမြူရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုဒေသအတွင်း စားရေရိကွာ ဖူလုံမှုရှိစေရေး ကုန်စျေးနှုန်းတည်ငြိမ်စေရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် မောင်နိုင်ပြင် ကျေးရွာရှိ ဝက်မွေးမြူရေးဇုန်ကို လည်းကောင်း၊ ဘုမ္မေကျေးရွာရှိ ကြက်မွေးမြူရေး ဇုန်ကိုလည်း ကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးရေး၊ လာမည့်ဇန်နဝါရီလတွင် မွေးမြူထုတ်လုပ်နိုင်ရေး တို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

စစ်တွေမြို့ မောင်နိုင်ပြင်ကျေးရွာ ဝက်မွေးမြူရေးဇုန်တွင် ဝက်ခြံ ၁၂ ခြံ၊ ဘုမ္မေကျေးရွာ ကြက်မွေးမြူရေးဇုန်တွင် ကြက်ခြံ ၁၂ ခြံကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီလေးခုနှင့် လုပ်ငန်းရှင်တစ်ဦးတို့က အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၇ ခုနှစ် ဇန်နဝါရီမှ စတင်ကာ သားဖောက် မျိုးဝက်မကောင်ရေ ၄၀၊ အသားတိုးဝက်ကောင်ရေ ၁၀၀၀ ကျော်နှင့် ဥစားကြက်ကောင်ရေ ၄၀၀၀၀ ကျော် မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ဘားအံမြို့နယ်၌ လမ်းတံတားလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၂၂



ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ဒွေလုံးဒွေရင်းရန်ပုံငွေဖြင့် ဌာနမှဆောင်ရွက်သော အိန္ဒကျေးရွာ ဘုရားလုံဘုန်းကြီးကျောင်းအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း သုည ဒသမ ၆၆၄ ကီလိုမီတာ၊ ကော့ကသောင်-လက္ခဏ - ခလောက်ထောင် ကတ္တရာလမ်း (ကော့ကသောင်-ဗုဒ္ဓဂယာအထိ) ကတ္တရာလမ်း ဘေးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုး လွှာခင်းခြင်း ၁ ဒသမ ၁၈၉ ကီလိုမီတာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၀ ရက်က ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

ပေါင်းတည်မြို့နယ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

ပေါင်းတည် နိုဝင်ဘာ ၂၂



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ နိုဝင်ဘာ ၁၈ ရက်က သဖန်းကုန်းကျေးရွာနှင့် နိုဝင်ဘာ ၁၉ရက်က ရွှေညောင်တန်းကျေးရွာတို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူ့စကားဝိုင်းများ ကျင်းပခဲ့ကြသည်။

စကားဝိုင်းများ၌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမော်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် ကျေးလက်ပြည်သူများတင်ပြသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကျေးလက်ပြည်သူများသိရှိလိုသည်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ရွှေသား(IPRD)

ပခုက္ကူမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

ပခုက္ကူ နိုဝင်ဘာ ၂၂



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ တောင်သူများအား နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ ပခုက္ကူခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ တာဝန်ခံဘဏ်မန်နေဂျာက ချေးငွေများ ထုတ်ချေးပေးရသည့် ရည်ရွယ်ချက်များနှင့် တောင်သူများ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘဏ်ဝန်ထမ်းများက ပခုက္ကူမြို့နယ်ကုက္ကိုလ်ကျေးရွာ အုပ်စုရှိ ဆယ်ရွာ၊ ဘွတ်ကုန်း၊ သင်္ဘောကုန်းနှင့် မယ်ဇလီကုန်း ကျေးရွာတို့မှ တောင်သူ ၁၄ ဦး၏ ဆောင်းရာသီစိုက်ပျိုးသီးနှံ ၄၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိတောင်သူများ၏ ဆောင်းရာသီစိုက်ပျိုးသီးနှံ ၁၂၅ ဧကအတွက် စုစုပေါင်းငွေကျပ် သိန်း ၃၈၀ ကို ထုတ်ချေးပေးနိုင်ရေး လျာထားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

လုပ်ငန်းခွင်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မိခင်ထံသို့ ကရုဏာကြေးများ ပေးအပ်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့

ဘန်ကောက် နိုဝင်ဘာ ၂၂

လုပ်ငန်းခွင်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မိခင်ထံသို့ ကရုဏာကြေး ဘတ်နှစ်သိန်း ပေးအပ်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုသို့ အောက်တိုဘာ ၁ ရက်တွင် မတော်တဆမြေပြိုမှုကြောင့် မြန်မာအလုပ်သမား ကိုငြိမ်းချမ်း သေဆုံးခဲ့သည်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုဖြစ်စဉ်အတွက် ရသင့်ရထိုက်သည့် နစ်နာကြေးနှင့် အကျိုးခံစားခွင့်များရရှိစေရန် အလုပ်သမားသံအရာရှိရုံးက လိုက်ပါကူညီဆောင်ရွက်ပေးရာတွင် ကုမ္ပဏီမှ ကျန်ရစ်သူမိသားစုထံ ကရုဏာကြေးပေးအပ်နိုင်ရန် မြန်မာနိုင်ငံရှိ မိခင်ဖြစ်သူ ဒေါ်ကြည်ဖြင့် မဲဆောက်မြို့သို့ ဝင်ရောက်နိုင်ရေးအတွက် အလုပ်သမားသံအရာရှိရုံးက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၀ ရက်တွင် မဲဆောက်မြို့မရဲစခန်း၌ အလုပ်ရှင်ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းကာ ကရုဏာကြေး ထိုင်းဘတ်ငွေ ၂၀၀၀၀၀ ကို မိခင်ဖြစ်သူထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့ပြင် သေဆုံးသူသည် လူမှုဖူလုံရေး အာမခံထည့်ဝင်ထားသူဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထပ်မံရရှိမည့် လူမှုဖူလုံရေး အာမခံအကျိုးခံစားခွင့်များကိုလည်း ကျန်ရစ်သူမိသားစု အပြည့်အဝရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ အသိပေးထုတ်ပြန်ထားသည်။

TWA



သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မိခင်ထံသို့ ကရုဏာကြေး ဘတ်နှစ်သိန်း ပေးအပ်စဉ်။

မိတ္ထီလာမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေးရှင်းလင်း

မိတ္ထီလာ နိုဝင်ဘာ ၂၂

မိတ္ထီလာမြို့နယ်ရှိ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကျွမ်းကျင်လာစေရန်နှင့် ပြည်သူများအား ကောင်းမွန်သည့်ဝန်ဆောင်မှုများ ပေးနိုင်စေရေး မိတ္ထီလာမြို့နယ် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူငါးဦးအား အသိပညာပေးရှင်းလင်းခြင်းကို မြို့နယ်အခွန်ဦးစီးဌာနမှုန်ရုံးတွင် နိုဝင်ဘာ ၁၈ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ အနေဖြင့် ၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေ၊ ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေ၊ နည်းဥပဒေများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးတို့ကို မိတ္ထီလာမြို့နယ် အခွန်ဦးစီးဌာနမှုန်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်နိုင်ဦးက အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ထိုင်းနိုင်ငံ ဖူးခက်ဒေသ၌ မောင်းသူမဲ့ဒရုန်းတက္ကစီယာဉ်များ ၂၀၂၇ ခုနှစ်တွင်စတင်ပြေးဆွဲမည်

ဗန်ကောက် နိုဝင်ဘာ ၂၂

ထိုင်းနိုင်ငံ ဖူးခက်လေဆိပ်နှင့် ဖူးခက်မြို့လယ်ခေါင်အကြား မောင်းသူမဲ့ဒရုန်း တက္ကစီယာဉ်များကို လာမည့်နှစ်မှ စတင်၍ ပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ဘတ် ၂၀၀၀ ကျသင့်မည်ဖြစ်သည်။ ၂၀၂၇ ခုနှစ်တွင် ဖူးခက်နိုင်ငံတကာလေဆိပ်၌ လူမပါဘဲ အလိုအလျောက် ပျံသန်းနိုင်သည့် ဒရုန်းတက္ကစီ ဝန်ဆောင်မှုများကို စတင်မိတ်ဆက်ရန် စီစဉ်ထားကြောင်း လေကြောင်းနည်းပညာကုမ္ပဏီ Sky ICT ၏ အမှုဆောင်ချုပ် ဆစ်သီဒေါ်ရ် မာယာလာ့ပ်က ပြောကြားသည်။

ယခုစီမံကိန်းအတွက် စီးပွားရေးပုံစံများနှင့် ဖြစ်နိုင်ခြေလေ့လာမှုများကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်နိုင်ရန် အဆိုပါကုမ္ပဏီက မျှော်မှန်းထားသည်။ အဆိုပါဝန်ဆောင်မှုသည် ကမ်းခြေအနီးရှိ ဟိုတယ်များသို့ တိုက်ရိုက်သွားရောက်လိုပြီး ငွေကြေးသုံးစွဲနိုင်စွမ်းဖြင့်မားသည့် ပြည်ပခရီးသွားများကို ပစ်မှတ်ထားခြင်းဖြစ်ကာ လေယာဉ်ခရီးစဉ်ပုံစံသစ်ဖြစ်သည့်အတွက် ခရီးသည်များစွာ စိတ်ဝင်တစား အသုံးပြုလာကြလိမ့်မည်ဟု ၎င်းကပြောကြားသည်။

မိမိတို့အနေဖြင့် သုဝဏ္ဏဘူမိ၊ ဒွန်မောင်းနှင့် ဖူးခက်လေဆိပ်တို့၌ အလိုအလျောက် ဝန်ဆောင်မှုပေးသည့် စက်ရုပ်များဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ VN Express



အင်ဒိုနီးရှား သကြားလုံးစက်ရုံ မီးလောင်မှုတွင် ရုပ်အလောင်း ခုနစ်လောင်းတွေ့ရှိပြီး ၅၀ ခန့် ပျောက်ဆုံး

ဂျကာတာ နိုဝင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ပြည်နယ်ရှိ သကြားလုံးစက်ရုံတစ်ရုံတွင် ယမန်နေ့ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ ရုပ်အလောင်း ခုနစ်လောင်းကို တွေ့ရှိထားပြီး လူ ၅၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

အဆိုပါ ရုပ်အလောင်း ခုနစ်လောင်းကို အမည်နှင့် အထောက်အထားများ စိစစ်ဖော်ထုတ်နိုင်ရန် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ မီးလောင်မှု ဖြစ်ပွားခဲ့သည့် စက်ရုံသည် ဘန်တန်ပြည်နယ် ဆီရန်ခရိုင်တွင် တည်ရှိပြီး မီးစတင်လောင်ကျွမ်းချိန်၌ လူ ၃၀၀ ခန့်ရှိနေခဲ့ကြောင်း သိရသည်။ မီးလောင်မှု ပြင်းထန်ခဲ့ဖြင့် သေဆုံးသူများ၏ ရုပ်အလောင်းများကို မျက်မြင်ဖြင့် ခွဲခြားသတ်



မှတ်နိုင်ခြင်း မရှိကြောင်း ကုမ္ပဏီအမှုဆောင် အရာရှိချုပ်က ပြောကြားခဲ့သည်။

မီးလောင်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံ၏ အချို့နေရာများတွင် ပြိုကျနိုင်သည့် အန္တရာယ်ရှိနေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့နေရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်မှုအသစ် ပြန်လည်တွေ့ရှိ

ဖနောင်ပင် နိုဝင်ဘာ ၂၂

ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်မှု ကင်းစင်နေခဲ့သည်မှာ နှစ်နှစ်ခွဲခန့် ကြာမြင့်ခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ လူနာသစ်တစ်ဦးကို ပထမဆုံးအကြိမ် ပြန်လည်စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ကြေညာခဲ့သည်။

အဆိုပါလူနာသည် နိုဝင်ဘာ ၂၀ ရက်က ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် မေလအတွင်း အဆိုပါ ရောဂါကူးစက်ခံရသူ ၂၀ ဦးအထိ တွေ့ရှိခဲ့ဖူးသည်။

အဆိုပါလူနာသည် နိုင်ငံအတွင်း၌ လေယာဉ်ဖြင့် ၃၀ နှင့် ခြောက်ရက်တာကာလအတွင်း ရောဂါကင်းစင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ရောဂါ ပြန်လည်တွေ့ရှိသည့် လူနာဖြစ်သည်။

ရောဂါအစုလိုက်အပြုံလိုက် ကူးစက်ခြင်း သို့မဟုတ် အကြီးအကျယ် ပျံ့နှံ့ခြင်းများ မဖြစ်ပွားစေရန်အတွက် ပြည်သူအားလုံး အနေဖြင့် သတိဝီရိယရှိကြရန်နှင့် မိမိကိုယ်တိုင်နှင့် မိသားစုများ၏ ကျန်းမာရေးကို ဂရုစိုက်ကာကွယ်ကြရန် ဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

ထုတ်ပြန်ချက်အရ အဆိုပါ ဗိုင်းရပ်စ်သည် လိင်ဆက်ဆံမှုပုံစံအားလုံးမှ တစ်ဆင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သကဲ့သို့ အနာများ၊ ခန္ဓာကိုယ်အရည်များ၊ တံတွေးသို့မဟုတ် ရောဂါပိုးကပ်ငြိနေသော အသုံးအဆောင်ပစ္စည်းများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှလည်း ကူးစက်နိုင်သည်။ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ချက်ကြိုးမှတစ်ဆင့်လည်းကောင်း၊ မွေးဖွားပြီးနောက်တွင်လည်းကောင်း ကူးစက်နိုင်ကြောင်း သိရသည်။ ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်မှ ဒေသများသို့ အိပ်စင်ပါလျှပ်စစ်ဘတ်စ်ကားများ ပြေးဆွဲ

ဟန္ဓိုင်း နိုဝင်ဘာ ၂၂

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်နှင့် အလယ်ပိုင်း ဒါလတ်ဒေသ၊ မဲခေါင်ဖြစ်ဝကျွန်းပေါ်ရှိ ကန်သို့နှင့် ထရာအွန်ဒေသတို့ကြား အိပ်စင်ပါလျှပ်စစ်ဘတ်စ်ကား အစီး ၁၀၀ အား နိုဝင်ဘာ ၂၁ ရက်မှစတင်၍ ပြေးဆွဲခဲ့ကြောင်း ဖောင်ထရန် ဘတ်စ်ကားလုပ်ငန်းက သတင်းထုတ်ပြန်ခဲ့သည်။

ဗီယက်နမ် မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ Kim Long Motor မှ ထုတ်လုပ်ထားသည့် အဆိုပါလျှပ်စစ်ဘတ်စ်ကားတစ်စီးစီတွင် ခရီးသည်များ အိပ်စက်နိုင်သော နေရာ ၃၄ ခုနှင့် စွမ်းအင်ပမာဏ ၃၅၇ ကီလိုဝပ်နာရီ ပါဝင်သည့် ဘက်ထရီတို့ ပါဝင်သည်။ ဘက်ထရီအပြည့်သွင်းထားပါက အဆိုပါယာဉ်များသည် ခန့်မှန်းခြေ ကီလိုမီတာ ၄၅၀ ခန့်အထိ ခရီးနှင်နိုင်ပြီး ၎င်းတို့၏ လျှပ်စစ်မောင်းနှင်မှုစနစ်များသည် အသံဆူညံမှု ပိုမိုနည်းပါးစေကာ အိတ်ဇောမှတစ်ဆင့် မီးခိုးငွေ့များ ထုတ်လွှတ်ခြင်းလည်း မရှိကြောင်းသိရသည်။

အဆိုပါလျှပ်စစ်ဘတ်စ်ကားများအတွက်လျှပ်စစ်အားဖြည့်သွင်းရုံများကိုလည်း ပြေးဆွဲရာလမ်းတစ်လျှောက်တွင် တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါဝန်ဆောင်မှုအသစ်သည် အိပ်စင်ပါလျှပ်စစ် ဘတ်စ်ကားများ အသုံးပြုနိုင်ခြင်းကို အကဲဖြတ်ရန် အခွင့်အလမ်းတစ်ခု ပေးစွမ်းမည်ဖြစ်ပြီး ပိုမိုသန့်ရှင်းသော စွမ်းအင်စနစ်သို့ ကူးပြောင်းသွားရေးအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ဟိုချီမင်းမြို့ ဆောက်လုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဘွီဟွာအန်က ပြောကြားသည်။

VN Express

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စည်းမျဉ်းအပြောင်းအလဲများကြောင့် ရှုပ်ထွေးမှုများဖြစ်ပေါ်ခဲ့ပြီးနောက် တောင်ကိုရီးယား ပညာရေးဝန်ကြီး နုတ်ထွက်

ဆိုးလ် နိုဝင်ဘာ ၂၂

တောင်ကိုရီးယားနိုင်ငံ၏ နှစ်စဉ်ကျင်းပမြဲ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြစ်သည့် ၂၀၂၇ ခုနှစ် စာမေးပွဲတွင် မသမာမှုများကို တားဆီးရန် လုပ်ဆောင်ခဲ့သည့် စည်းမျဉ်းအစီအမံများနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ပညာရေးဝန်ကြီး ချိုင်ကျိုင်းသည် နိုဝင်ဘာ ၂၂ ရက်တွင် ရာထူးမှ နုတ်ထွက်စာ တင်သွင်းခဲ့ကြောင်း သိရသည်။

သမ္မတ လီဂျေမြောင်ကလည်း ဝန်ကြီး၏ နုတ်ထွက်စာကို လက်ခံအတည်ပြုလိုက်ပြီဖြစ်ကြောင်း သမ္မတအိမ်တော်က ယနေ့သတင်း ထုတ်ပြန်ခဲ့သည်။ စာမေးပွဲမကျင်းပမီ ရက်ပိုင်းအလိုမှ စာမေးပွဲစည်းမျဉ်းများကို အကြိမ်ကြိမ် ပြောင်းလဲခဲ့ခြင်းကြောင့် စာမေးပွဲဖြေဆိုသူများနှင့် ပြည်သူလူထုအပေါ် အခက်အခဲများ ဖြစ်ပေါ်စေခဲ့ကြောင်း ဝန်ကြီး ချိုင်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

တာဝန်ရှိသည့် ဝန်ကြီးတစ်ဦးအနေဖြင့် ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့သည့်အပေါ် ဝေဖန်မှုများကို ရှောင်လွှဲ၍မရနိုင်ကြောင်းနှင့် တာဝန်ယူသည့်အနေဖြင့် ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မတိုင်မီ ကျင်းပခဲ့သော အခွန်စာရင်းကိုင် အရည်အချင်းစစ် စာမေးပွဲတစ်ခုတွင် ဉာဏ်ရည်တုစက်ပစ္စည်းများ အသုံးပြု၍ မသမာမှုပြုလုပ်ခဲ့သည့် ဖြစ်စဉ်ပေါ်ပေါက်ခဲ့ပြီးနောက် စာမေးပွဲတရားမျှတမှုအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

စမတ်မျက်မှန်များနှင့် အသေးစားကင်မရာများကဲ့သို့သော စက်ပစ္စည်းများ အသုံးပြု၍ စာမေးပွဲခိုးချမှုများကို ကာကွယ်ရန် အစိုးရက စာမေးပွဲမတိုင်မီ ရက်ပိုင်းအလိုတွင် အစီအမံများစွာကို ချမှတ်ခဲ့သည်။ ယင်းတို့တွင် အီလက်ထရွန်နစ်ပစ္စည်းများကို တင်းကျပ်စွာ စစ်ဆေးခြင်း၊ ဖြေဆိုသူများ၏ မျက်မှန်များကို စစ်ဆေးခြင်း၊ အဝတ်အစား ကြယ်သီးများပေါ်တွင် စတစ်ကာများ ကပ်စေခြင်းနှင့် သတ်မှတ်ထားသော စာမေးပွဲသုံးပစ္စည်းအချို့ကို ထုတ်ပေးခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ စည်းကမ်းချက်အချို့ကို စာမေးပွဲမတိုင်မီ တစ်ရက်၊ နှစ်ရက်အလိုမှသာ ထုတ်ပြန်ကြေညာခဲ့ခြင်းကြောင့် ပညာရေးအာဏာပိုင်များ၏ အချိန်ကပ်မှု တို့ပြန်လုပ်ဆောင်မှုနှင့် ကြိုတင်ပြင်ဆင်မှု အားနည်းခြင်းအပေါ် ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

တောင်ကိုရီးယား မီဒီယာများကမူ ယခုအငြင်းပွားဖွယ် ဖြစ်ရပ်သည် AI နည်းပညာ တိုးတက်လာမှုနှင့်အတူ ပေါ်ပေါက်လာသည့် ပုံစံသစ်စာမေးပွဲခိုးချမှုများအတွက် အာဏာပိုင်များဘက်မှ ကြိုတင်ပြင်ဆင်မှု အားနည်းနေခြင်းကို မီးမောင်းထိုးပြနေကြောင်း သုံးသပ်ဖော်ပြကြသည်။ အင်နီအိတ်ချ်ကေ



ကုသိုလ်ကောင်းမှုများဖြင့် ထုံမွမ်းနေသည့် တန်ဆောင်မုန်းလ



မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပစဉ်။

အရိပ်စစ်

တန်ဆောင်မုန်းလဟုဆိုလိုက်သည်နှင့် ရိုးရာဓလေ့၏ အလှတရားများဖြင့် ခြယ်မှုန်းထားသော မြန်မာနိုင်ငံ၏ မြတ်နိုးစရာ၊ ကြည်နူးစရာ၊ ခုံမင်စရာများဖြင့် ပြည့်နှက်နေသည့် လတစ်လကို ပြေးမြင်မိကြမည်ဖြစ်ပါသည်။ ဤလသည် ဘာသာတရားတစ်ခု၏ ရိုးရာအမွေအနှစ်နှင့် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုယှဉ်တွဲ၍ မီးမောင်းထိုးပြထားသောလလည်းဖြစ်ပါသည်။

ပါဠိစာပေများ၌ တန်ဆောင်မုန်းလကို "မာသေသုသရဒံ ရမဏိယံ"ဟု ရေးသားဖွဲ့ဆိုခဲ့ပါသည်။

ယင်း၏အဓိပ္ပာယ်မှာ လတကာတို့တွင် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်ကောင်းသည်ဟူ၍ဖြစ်ပါသည်။ ထို့ပြင် လောကနီတိကျမ်း၌လည်း "မယားတို့တွင် အဆင်းလှသောမယားသည် မြတ်၏။ သားတို့တွင် အကြီးဆုံးသားသည် မြတ်၏။ အရပ်မျက်နှာတို့၌ မြောက်အရပ်သည် မြတ်၏။ ထို့အတူ ဥတုကာလတို့၌လည်း တန်ဆောင်မုန်းလသည် မြတ်၏"ဟု ဖော်ပြထားပါသည်။

တန်ဆောင်မုန်းလကို ပုဂံခေတ်ကျောက်စာများတွင် "တန်ဆောင်မှုန်"ဟု ဖော်ပြထားပါသည်။ အင်းဝခေတ်သို့ရောက်သောအခါ၌ 'တန်ဆောင်မုန်း'ဟု ရေးသားခဲ့ကြသည်ကို လေ့လာသိရှိရပါသည်။ တန်ဆောင်မုန်းဟူသော ဝေါဟာရသည် တန်ဆောင်နှင့် မုန်းကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ 'တန်ဆောင်'သည် "မီးရှူးမီးတိုင်၊ ဆီမီး"ဟု အနက်ပြန်နိုင်ပြီး 'မုန်း'မှာ "တောက်ပခြင်း၊ ထွန်းညှိခြင်း"ဟု ဆိုလိုပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလသည် ဆီမီးတန်ဆောင် ထွန်းပြောင်သောလဟု အဓိပ္ပာယ်ရပါသည်။ ဝေါဟာရလိနတ္တိဒီပနီကျမ်းတွင်မူ လှေသင်းအတွင်းဝန် ဦးခြိမ့်က "အမိုက်အမှောင်ကို မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွှင့်သောလ"ဟု ဖွင့်ဆိုထားပါသည်။

တန်ဆောင်မုန်းလတွင် ဆီးနှင်း၊ မြူတိမ်၊ မီးခိုးဟူသော လေထုညစ်ညမ်းမှုကင်းစင်၍ ကောင်းကင်ပေါ်ရှိ နက္ခတ်တာရာအားလုံးကို မြင်တွေ့နိုင်သောကြောင့် နက္ခတ်သဘင်ပွဲ ကျင်းပကြသောလလည်းဖြစ်ပါသည်။ ဤလ၌ ရက်ပေါင်း ၃၀ ရှိပြီး နာရီအားဖြင့် နေ့နာရီမှာ ၂၈ နာရီဖြစ်၍ ညနာရီမှာ ၃၂ နာရီရှိသောကြောင့် တန်ဆောင်မုန်းလသည် နေ့တာတို၍ ညတာရှည်သောလဖြစ်ပါသည်။

ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း

တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အားဖြင့် ဗြိစ္ဆာရာသီဟု ဆိုကြပါသည်။ ဗြိစ္ဆာရာသီ၏ အဓိပ္ပာယ်မှာ ကင်းမြီးကောက်ဖြစ်ပြီး ကင်းမြီးကောက်တို့နှစ်သက်သောရာသီဟု ဆိုလိုပါသည်။ ဤလတွင် စန်းဟုခေါ်သော ငွေလမင်းသည် ကြတ္တိကာနက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပပြီး ကျီးတာရာပေါ်ထွန်းသောအခါသမယလည်းဖြစ်ပါသည်။ ကင်းဝန်မင်းကြီး၏ "ခဝဲပွင့်ချိန် ခင်းကထိန်"ဟု အစချီထားသော သံပေါက်လင်္ကာအရ တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်ပါသည်။ တန်ဆောင်မုန်းလရောက်လျှင် တောင်သူများ စိုက်ပျိုးထားသောစပါးနှံပင်များနှင့် ဆက်စပ်၍ "ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း"ဟု ဆိုရိုးရှိပါသည်။ စပါးခင်းများ၌ စပါးနှံ(စပါးဖုံး)များ စတင်ထွက်ပေါ်လာခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ စပါးနှံများ နို့ရည်ဖြည့်တင်းလာသည်နှင့် မကြာမီ စပါးသစ်များ ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလကို "တောင်သူရွှင်ပြုံး တန်ဆောင်မုန်း"ဟုလည်း ဆိုကြပါသည်။

ဆေးပေါင်းခသည့်လ

တန်ဆောင်မုန်းလပြည့်ညဉ့် မဲဇလီဖူးသုပ်စားသောဓလေ့မှာ ယနေ့ထိတိုင် ရှိနေပါသေးသည်။ "တန်ဆောင်မာသ၊ ဆေးပေါင်းခသည့်၊ ပင်များမင်းမည်၊ မဲဇလီ"ဆိုသည့်အတိုင်း တန်ဆောင်မုန်းလတွင် မဲဇလီသည် ဆေးဖက်အဝင်ဆုံးအပင်ဖြစ်ပါသည်။ အထူးသဖြင့် မျက်စိအားကောင်းသည်ဟု ယူဆကြသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့၌ မဲဇလီဖူးများ သုပ်စားလေ့ရှိကြသည်။ ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သောတန်ဆောင်မုန်းလပြည့်ညတွင် ဆေးပင်အပေါင်းကိုစောင့်သော နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်ကို တညီတညွတ်တည်း အခစားရောက်လာကြသည်ဟု ဆိုကြပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်ညဉ့် ဆေးပေါင်းခသောအပင်ဖြစ်သည်ဟု ယုံကြည်ချက်များရှိကြပါသည်။

ဆီမီးပွဲတော်

တန်ဆောင်မုန်းလပြည့်ညသည် အခြားသောလပြည့်ညများထက် အတောက်ပဆုံး၊ အထွန်းလင်းဆုံး၊ အပြည့်ဝဆုံးသောညတစ်ညဖြစ်ပါသည်။ ဤလတွင် ဆီမီးပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပါသည်။ ယင်းဆီမီးထွန်းပွဲတော်ကို ရှေးမြန်မာတို့သည် ကြတ္တိကာနက္ခတ်ကို ပူဇော်သောအားဖြင့် ထွန်းညှိသည်ဟုဆိုကြ၏။ ကြတ္တိကာနက္ခတ်၏အစောင့်သည် အဂ္ဂိဒေဝမီးနတ်ဖြစ်သည်။

အချို့ကလည်း ဤဆီမီးထွန်းပွဲတော်သည် တာဝတိသာနတ်ပြည်ရှိ ဆံတော်ဓာတ်ကိန်းဝပ်ရာစူဌာမဏိစေတီတော်ကို ရည်စူးပူဇော်ခြင်းဟု ဆိုကြ၏။ ထို့ပြင် ယင်းပွဲတော်သည် မဟာပိန္ဓနတ်ကို ပူဇော်ခြင်းဟုလည်း အဆိုရှိကြပြန်သည်။ မည်သို့ပင်ဆိုစေကာမူ လူအများသည် ရည်ရွယ်ချက်အမျိုးမျိုး၊ ဆန္ဒအသွယ်သွယ်၊ အတွေးအဖုံဖုံတို့ဖြင့် တန်ဆောင်မုန်းလပြည့်ညဉ့် ဆီမီးများထွန်းညှိပူဇော်လျက်ရှိကြသည်ကို တွေ့မြင်ရပါသည်။

ပုံသကူပစ်ပွဲ

ပုံသကူပစ်သည့် အလေ့အထကို တန်ဆောင်မုန်းလပြည့်နေ့တွင် ပြုလုပ်လေ့ရှိကြသည်။ မြန်မာနိုင်ငံ၌ ပုံသကူပစ်ပွဲသည် ပုဂံခေတ်ကတည်းက ရှိခဲ့သော ပွဲတော်တစ်ခုဖြစ်ကြောင်း သင်ကြီးညောင်အုပ်ကျောက်စာတွင် ရေးသားဖော်ပြထားပါသည်။ ပုံသကူပစ်ခြင်း၏ ရည်ရွယ်ချက်နှင့် အနှစ်သာရမှာ မိမိလှူဒါန်းလိုသော လှူဖွယ်ပစ္စည်းများကို အယုတ်၊ အလတ်၊ အမြတ်မရွေး မည်သူမဆို ရရှိစေလိုခြင်းပင်ဖြစ်ပါသည်။ သို့သော် ယနေ့မျက်မှောက်ကာလ၌ ပြုလုပ်နေကြသော ပုံသကူပစ်ပွဲသည် ရှေးယခင်အခါက ပြုလုပ်ခဲ့သော ပုံသကူပစ်ပွဲနှင့် များစွာကွဲပြားလျက်ရှိသည်ကို တွေ့ရပါသည်။ လူအချို့သည် ကားထဲမှနေ၍ ကားလမ်းမပေါ်သို့ ငွေစက္ကူများကို ကြဲချခြင်း၊ လူသွားလမ်းများပေါ်သို့ ငွေစက္ကူများကို ကြဲချခြင်းတို့ပြုလုပ်သည့်အတွက် ယာဉ်တိုက်ခံရမှုများဖြစ်ပွားကာ ထိခိုက်ဒဏ်ရာရရှိရုံသာမက အသက်အန္တရာယ် သေဆုံးစေသည်အထိ ဖြစ်ပျက်မှုများမှာ လွန်စွာဝမ်းနည်းစရာကောင်းလှပါသည်။ သို့ပါ၍ တန်ဆောင်မုန်းလပြည့်ညဉ့် ကားလမ်းမများနှင့် လူအများသွားလာနေကြသည့်လမ်းမကြီးများတွင် ငွေစက္ကူများကြဲချခြင်းကို ဆင်ခြင်သင့်သည်ဟု ယူဆမိပါသည်။

> **"တန်ဆောင်မုန်းလပြည့်နေ့၏ ညချမ်းအခါ၌ မြတ်စွာဘုရားရှင်က "သာမညဖလသုတ္တန်" ဒေသနာတော်ကို အဇာတသတ်မင်းအား ဟောကြားတော်မူခဲ့ပါသည်။ အဇာတသတ်မင်းသည် ထိုတရားတော်ကိုနာကြားပြီးနောက် အိပ်မပျော်သည့်ရောဂါဆိုးကြီး လုံးဝပျောက်ကင်းသွားပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ဟုလည်း ခေါ်ဆိုကြပါသည်။ "သာမညဖလ"၏အဓိပ္ပာယ်မှာ ရဟန်းပြုခြင်း၏အကျိုးဟုဆို"**

ကထိန်အလှူပွဲ

တန်ဆောင်မုန်းလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယနေ့ထိတိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသော ရိုးရာဓလေ့ပွဲတော်တစ်ခုမှာ ကထိန်အလှူပွဲဖြစ်ပါသည်။ ကထိန်သည် "ကထိန"ဟူသော ပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရဖြင့် အသုံးပြုထားခြင်းဖြစ်ပါသည်။ ကထိန်၏အနက်အဓိပ္ပာယ်မှာ မြဲမြံခိုင်မာခြင်း၊ တာရှည်တည်တံ့ခြင်းဟု ဆိုလိုပါသည်။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ပါလေယျဝိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ကထိန်ခင်းခြင်းပေါ်ပေါက်ခဲ့၏။ ကထိန်အလှူကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကထိန်အလှူသည် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ခင်းခြင်းကို ကျင်းပကြရပါသည်။

ကထိန်သင်္ကန်းသည် သံဃာ့ဂုဏ်ကိုအာရုံပြု၍ လှူဒါန်းရသောသင်္ကန်းဖြစ်ပါသည်။ ကထိန်ခင်းခြင်းကို ရဟန်းတော်များသာ ဆောင်ရွက်ကြရသည်။ ကထိန်အလှူရှင်များက ကထိန်လျာသင်္ကန်းကို လှူရုံသာ လှူဒါန်းရ၏။ ပုဂ္ဂိုလ်ကိုစွဲ၍ မလှူဒါန်းရချေ။ တစ်ထည်ကိုသာ ကထိန်သင်္ကန်းအဖြစ် ရည်စူး၍ လှူဒါန်းရပါသည်။ ထိုသင်္ကန်းကို ဥတ်ကမ္မဝါဖတ်၍ ကထိန်ခင်းရမည့် ရဟန်းသံဃာတော်ကို အပ်နှင်းရသည့်အတွက်ကြောင့် ဥတ်သင်္ကန်းဟု ခေါ်ကြပါသည်။ ကထိန်သင်္ကန်းအလှူသည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကျောင်း၊ တစ်ကျောင်းတွင် တစ်ပါး သာလှူဒါန်းရသော ထူးခြားလေးနက်လှသည့် ကာလဒါနအလှူမျိုးဖြစ်ပါသည်။

ကထိန်သင်္ကန်းလှူဒါန်းရခြင်းဖြင့် သွားလေရာအရပ်၌ ဘေးအန္တရာယ်ကင်းခြင်း၊ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ်များပေါ၍ အဆိပ်မသင့်ခြင်း၊ မိမိပိုင်ပစ္စည်းများကို မေ့လျော့နေခဲ့သော်လည်း မဆုံးရှုံးရခြင်း၊ ပစ္စည်းဥစ္စာ အစုလိုက် အပုံလိုက် ရရှိစေခြင်းနှင့် ရုပ်ဆင်းအင်္ဂါချောမောလှပစေခြင်း စသည့်အကျိုးကျေးဇူးများကို ခံစားရရှိစေနိုင်ပါသည်။

မသိုးသင်္ကန်းရက်လုပ်ပူဇော်

တန်ဆောင်မုန်းလ၏ နောက်ထပ်ထူးခြားသော ရိုးရာဓလေ့ပွဲတော်တစ်ခုမှာ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲဖြစ်ပါသည်။ မသိုးသင်္ကန်းကို တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ နေဝင်ချိန်မှ စတင်ရက်လုပ်ပြီး နောက်ရက်မကူးစေဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်ကြရသည်။ ရက်လုပ်ပြီးသော သင်္ကန်းကို ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းပူဇော်ကြ၏။ နေ့မကူး ရက်မကူးစေဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်ပူဇော်ရသည့် သင်္ကန်းဖြစ်သောကြောင့် မသိုးသင်္ကန်းဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက မိထွေးတော်မဟာပဇာပတိဂေါတမီသည် နန်းတော်အတွင်း၌ ရက်ကန်းစင်များဆောက်လုပ်၍ ကထိန်သင်္ကန်းလျာ ရက်လုပ်ယှဉ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ကိုယ်တိုင်ပါဝင်ရက်လုပ်သလို ရက်လုပ်သူများကိုလည်း ဆုများချီးမြှင့်ပေးပါသည်။ ထို့ပြင် မြတ်စွာဘုရားကိုလည်း သင်္ကန်းလျာပိတ်ချောတစ်ထည် ရက်လုပ်လှူဒါန်းသည်ဟု ဥပရိပဏ္ဏသအဌကထာ ဒက္ခိဏာ ဝိဘင်ဂသုတ်တော်၌ ဖော်ပြထားပါသည်။

ဤသည်ကို ပမာပြု၍ မြန်မာနိုင်ငံတွင်လည်း တန်ခိုးကြီးဘုရားများ၌ မသိုးသင်္ကန်းကို အသင်းအဖွဲ့လိုက် ရက်ကန်းစင်များဖြင့် အပြိုင်အဆိုင် ရက်လုပ်ပူဇော်နေကြသည်မှာ ကောင်းမြတ်သော အစဉ်အလာတစ်ရပ်ဖြစ်သလို မွန်မြတ်သည့်ဓလေ့တစ်ခုလည်းဖြစ်ပါသည်။

သာမညဖလသုတ္တန်

တန်ဆောင်မုန်းလပြည့်နေ့၏ ညချမ်းအခါ၌ မြတ်စွာဘုရားရှင်က "သာမညဖလသုတ္တန်" ဒေသနာတော်ကို အဇာတသတ်မင်းအား ဟောကြားတော်မူခဲ့ပါသည်။ အဇာတသတ်မင်းသည် ထိုတရားတော်ကို နာကြားပြီးနောက် အိပ်မပျော်သည့်ရောဂါဆိုးကြီး လုံးဝပျောက်ကင်းသွားပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ဟုလည်း ခေါ်ဆိုကြပါသည်။ "သာမညဖလ"၏အဓိပ္ပာယ်မှာ ရဟန်းပြုခြင်း၏အကျိုးဟု ဆိုလိုပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် တန်ဆောင်မုန်းလသည် ရိုးရာပွဲတော်များစုံလင်သောကြောင့် မြန်မာလူမျိုးများအဖို့ ကုသိုလ်ကောင်းမှုများဖြင့် ထုံမွမ်းနေသည့်အတွက် လွန်စွာမွေ့လျော်ဖွယ်ကောင်းလှပါသည်။ ဤကဲ့သို့ရိုးရာဓလေ့နှင့်အညီ ကျင်းပသောပွဲတော်များ၌ ပါဝင်ဆင်နွဲခွင့်ရကြသည့်အတွက် များစွာကြည်နူးမိသလို ဂုဏ်ယူစရာလည်း ကောင်းလှပါသည်။ သို့ဖြစ်ပါ၍ တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာ လူမျိုးများအတွက် တန်ဖိုးမဖြတ်နိုင်သည့် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောကောင်းကျိုးကို ပေးစွမ်းနိုင်သည့် ထူးခြားလေးနက်သောလတစ်လဖြစ်ကြောင်း ဆင်ခြင်သုံးသပ်မိပါသည်။ ။

မုံရွာမြို့၌ တန်ဆောင်တိုင် MSMEs ထုတ်ကုန်များ ဈေးရောင်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ

မုံရွာ နိုဝင်ဘာ ၂၂

တန်ဆောင်တိုင် MSMEs ထုတ်ကုန်များ ဈေးရောင်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ပြည်သူ့ဥယျာဉ်၌ ကျင်းပသည်။

အဆိုပါပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် MSMEs ဈေးဆိုင်ခန်း ပေါင်း ၁၂၅ ခန်း ပါဝင်ကာ မီးပုံးပျံလွှတ်တင်ပွဲကို တန်ဆောင်မုန်းလပြည့်ညတွင် ကျင်းပသွားမည်ဖြစ်သည်။



ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး ဖွင့်ပွဲတွင် ကပြဖျော်ဖြေ ပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့အတွက် ဂုဏ်ပြချီးမြှင့်ငွေများ ပေးအပ်ကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့တို့သည် ဈေးရောင်းပွဲတော်တွင် လှည့်သုံးကုန်၊ စားသောက်ကုန်နှင့်လယ်ယာသုံးထွန်စက်များ၊ စက်ပစ္စည်းများ၊ အဝတ်အထည်များ ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲတွင် ပြည်သူများဖြင့် အထူးစည်ကား

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကြီးတွင် ပြည်သူများတစ်ခဲနက်လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိပြီး ပျော်ရွှင်ကြည်နူးဖွယ်အငွေ့အသက်များနှင့်အတူ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ စုပေါင်းလည်ပတ်ကြပြီး ဈေးဝယ်ခြင်း၊ အစားအသောက်မျိုးစုံမြည်းစမ်းခြင်းနှင့် ဂီတဖျော်ဖြေပွဲများကို ကြည့်ရှုအားပေးခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဖြတ်သန်းလျက်ရှိကြသည်။

အဆိုပါပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများ၊ စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ်တတ်နိုင်သာ ကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ပြည်သူများအတွက် ဝယ်ယူစားသုံးရေးအဆင်ပြေစေသည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများနှင့် ပြည်တွင်းထုတ်ကုန်များကို ပိုမိုမိတ်ဆက်မြှင့်တင်ပေးနိုင်သည့် ပွဲတော်တစ်ရပ်ဖြစ်၍ မည်သူမဆို ဖျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကြီးကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း အနုပညာဖျော်ဖြေ တင်ဆက်မှုများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ထို့ပြင် ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေစေရန် YBS ယာဉ်များဖြင့် အကြို/အပို့စီစဉ်ဆောင်ရွက်ပေးထားရာ တန်ဆောင်တိုင်အခါသမယတွင် မိသားစုနှင့်အတူ အပန်းဖြေအနားယူနိုင်ခြင်း၊ ပြည်တွင်းထုတ်ကုန်များကို အားပေးဝယ်ယူနိုင်ခြင်းနှင့် မြန်မာ့ရိုးရာပွဲတော် အငွေ့အသက်များကို စုပေါင်းခံစားနိုင်ခြင်းတို့ကြောင့် ပြည်သူများအတွက် ဖျော်ရွှင်ဖွယ်ရာ အမှတ်တရပွဲတော်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

အောင်မြင့် (ပြန်/ဆက်)





မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက နိုဝင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ လပွတ္တာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး၊ မော်လမြိုင်ကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိတို့က ကျေးလက်ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ထီပါလယ်ကျေးရွာအုပ်စုမြို့ချောင်းကျေးရွာ၊ လပွတ္တာလုပ်ကလေးကျေးရွာအုပ်စု ရွာသစ်ကျေးရွာနှင့် ဘုရားချောင်းတံခွန်တိုင်ကျေးရွာအုပ်စု တံခွန်တိုင်ကြီးကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ တွင်းနက်(တွင်းသီးသန့်) တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာလျှင် ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၈ သန်းဖြင့် တွင်းနက်ဆက်စပ်လုပ်ငန်းများဖြစ်သည့် အမြင့်တင်ရေစင်(ရေစက်ရံအပါ)နှင့် (အင်ဂျင်+ ကွန်ပရက်ဆာ) တပ်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တေဇာလင်း



မိတ္ထီလာမြို့နယ် စက်ပစ္စည်းတောင်ကျေးရွာ၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အသိပညာပေး

မိတ္ထီလာ နိုဝင်ဘာ ၂၂

မိတ္ထီလာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စက်ပစ္စည်းတောင်ကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီ (SMU)တို့ ပူးပေါင်းဆောင်ရွက်သော အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စက်ပစ္စည်းတောင်ကျေးရွာဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲပိုင်ဦးဆောင်၍ ညောင်ကိုင်းကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါ်ဇင်မာဦးနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောပြီး သွေးတိုး၊ ဆီးချိုနှင့် နှလုံးကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပုသိမ်မြို့၌ တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ပုသိမ် နိုဝင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ ကမ်းနားလမ်းမြို့တော်ခန်းမ ရှေ့ဝင်းသာရင်ပြင်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ပေးအပ်

ဦးစွာ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပြခန်းများနှင့် ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ခရိုင်အလိုက်၊ မြို့နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ဒေသထွက်ကုန်များ ပိုမိုထုတ်လုပ်စေရေး၊ စားသောက်ကုန်များကိုလည်း ပြည် တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိ တင်ပို့ရောင်းချနိုင်စေရေး၊ ထုပ်ပိုးမှုပိုမိုသေသပ်ကောင်းမွန်စေရေးနှင့် ထုတ်လုပ်မှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တေးဂီတဖျော်ဖြေပွဲကို ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် MSME ပြပွဲ၊ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ခရိုင် ရှစ်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပြခန်း ၂၆ ခန်းကို ပြသသွားမည်ဖြစ်သည့် အပြင် တန်ဆောင်တိုင်ပွဲတော် ကာလအတွင်း အများပြည်သူ စိတ်အပန်းပြေစေရန် အတွက် နိဗ္ဗာန်ဈေးပွဲတော်၊ ဆီမီးမျှော်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး နိဂုံးကျော် တေးသံရှင်များကလည်း ယနေ့ညမှစတင်ကာ နိဝင်ဘာ ၂၄ ရက်အထိ ညစဉ် ၇ နာရီတွင် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာဖူးမြော်

ရန်ကုန် နိဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းခြေရှိ



ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ပြသထားသည့် ပြကွက်နှင့် ပြခန်းများအား ယနေ့ နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာဖူးမြော်ကြသည်။

ဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းညီကာ ကျောင်းသား ကျောင်းသူများအား လိုဏ်ဂူသိမ်တော်ကြီး၏သမိုင်းကြောင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၏ သမိုင်းကြောင်းနှင့် ဆက်စပ်သည့် ပြခန်းများ၊ ပြကွက်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တောင်ငူ	ပုခုံး	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	ဝေါးခယ်	တောင်ကြီး	ကျိုက်ထော်	ဟားခါး
92 Ron	၃၈၀၅	၃၉၇၀	၃၉၂၀	၃၈၀၀	၃၉၂၅	၃၈၈၀	၄၀၂၀	၃၉၀၀	၄၂၂၀	၄၀၀၀	၄၀၀၀	၃၉၇၀	၄၀၀၀	၃၉၈၀	၃၉၈၀	၄၂၂၀
95 Ron	၄၀၀၀	၄၀၉၅	၃၉၈၅	၄၀၀၅	၄၀၀၅	၄၀၀၅	၄၀၃၀	၃၉၈၅	၄၃၈၅	၄၁၀၀	၄၀၀၀	၄၀၀၅	၄၀၀၅	၄၀၀၅	၄၀၀၅	၄၃၂၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၆၅	၄၁၀၀	၄၁၀၅	၄၁၂၀	၄၁၅၅	၄၂၆၅	-	၄၃၆၅	၄၂၆၅	၄၃၆၀	၄၃၀၀	၄၃၀၀	၄၃၀၀	၄၅၆၀
HSD (50 ppm)	၄၂၆၀	၄၂၉၅	၄၂၈၅	၄၂၆၀	၄၂၆၅	၄၂၆၀	၄၂၆၀	၄၂၉၅	၄၂၆၅	၄၂၆၀	၄၂၆၀	၄၂၆၀	၄၂၆၀	၄၂၆၅	၄၂၆၅	၄၂၆၀
HSD (10 ppm)	၄၂၆၀	၄၂၉၅	၄၂၈၅	၄၂၆၀	၄၂၆၅	၄၂၆၀	၄၂၆၀	၄၂၉၅	၄၂၆၅	၄၂၆၀	၄၂၆၀	၄၂၆၀	၄၂၆၀	၄၂၆၅	၄၂၆၅	၄၂၆၀

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၈၆၀	၃၇၀၀
95 Ron	၃၉၆၀	၃၈၀၀
HSD (500 ppm)	၃၉၉၅	၄၀၆၀
HSD (50 ppm)	၄၀၀၀	၃၉၂၀
HSD (10 ppm)	၄၀၀၀	၃၉၂၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေးနှံမှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂ ၀၉-၆၈၀၅၉၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား
၂၃-၁၁-၂၀၂၆ တနင်္လာနေ့

MRTV HD
၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အရာတော်အမှုဆောင်များအား နိုင်ငံတော်သံယမဟာနာယကအဖွဲ့အရာတော်များကယိမ်တရာစတော်မွတ်ထုပ်ခြင်း
၀၆:၃၀ နံနက်ခင်းသတင်း
၀၇:၃၀ "ထူးမြတ်လှပဝတ္ထုမဂ္ဂဇင်းတိုင်း"
၀၇:၄၅ "မိုးလကုန်ခဲကဆိုပွဲ"
၁၀:၀၀ သတင်းထူးသတင်း
၁၀:၃၅ "ကုသိုလ်အဝင်ဆိုးဝါးဝယ်ဖျာ လမ်းမတော်မှတ်ဆောင်ပုဒ်" PPIB
၁၁:၂၅ ဘဝနှင့်အနုပညာ "ဂီတသေးဖလဲမြတ်နိုးသူ တေးသံရှင်မိုးမာလေး" (အပိုင်း-၂)
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာစာတော်လမ်းတွဲ "ဆီမီး" (အပိုင်း-၂၀)
၁၅:၀၅ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးဆက်သွယ်ရေးဌာန)

mitv
07:01 Evergreen Classic; Myanma Panorama and Myanma Sentiment
07:07 The Boat Trip to the Three Islands Around Ngwe Saung
07:25 Food Sufficiency for The People; Rice Industry
07:41 Listening Pleasure, Instrumental Music (Don Min) Metta Prayer (Myitta Wai Than Hsan)
07:55 Mingala Prayer (Version-2)
08:01 News
08:26 Global Updates; The Future of Coffee
08:39 Myanmar Traditional Snacks: Brown Rice Pudding
08:45 TRAVEL Vibes; Kyaik Hmaw Wun Yele Pagoda and Kyauktan(Episode-2) A
09:01 The Greatest Traditional Custom
09:33 Discovering Tribes; Yin Net Tribe - Their Life and Customs
10:01 News

MRTV NRC
ချွင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၈:၀၀)
တောင်လေဝါရွိရာအလုပ်(အပိုင်း-၁)
ချွင်း (ချိုး) (၀၈:၃၀ မှ ၀၈:၀၀)
ကင်းမွန်-ချဉ်နှင့်ကျန်းမာရေး
မွန် (၀၈:၀၀ မှ ၁၀:၀၀)
သံတော်ဝင်ကျိုက်ထီးဘုရား
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ကြည်ညိုရေးမြို့ကိုးသောင်းဃုံတော်
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၂)
၀ (၁၃:၀၀ မှ ၁၆:၀၀)
"၀" ဘာသာကားမြန်ကြားနောင်
(အရောင်းဆင်ဆိုရာ၀ါဒ်ဟာရများ)

MRTV NEWS
၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လူမှုရပ်ရွာများအားကစား
၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ကုသိုလ်အဝင်ဆိုးဝါးမျှော်မှတ်ဆောင်ပုဒ်မှာ
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၂:၄၄ ထူးခြားဆန်းကြယ်လိမ်ကိုအစီအရင်
၁၃:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမုန်းကုဏ္ဍ(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၈:၄၅ သတင်းယာဇကြေးတွဲသတင်းစကား
၁၈:၅၅ တောင်ကြီးတန်ဆောင်တိုင်
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV FARMERS
၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်ယာလယ်ယာရေးရာသတင်း
၀၆:၂၀ "World MSME Day" ယူဆိုကဏ္ဍများတွက် အထိထိုးဖောက်နိုင်ရည့် MSME လုပ်ငန်းများ
၀၇:၃၀ စိုက်ပျိုးရေးအခြေခံပေးမည့်ရေလှောင်ကန်ငယ်များ ပြန်လည်ဆက်စပ်ပေးရာတွင် ဒေသခံပြည်သူများ၏ပါဝင်ပတ်သက်မှုအပေါ် အလေးထားဆောင်ရွက်ခြင်း
၀၈:၀၀ ဝါဝိပန်းထုတ်ကိုင်းစေ့သမ်းပမဲ၀ေးရန်ရှိခြင်း ပိုးကူးပုံနှိမ်
၀၉:၀၀ ထထပေး A1နည်းပညာဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး
၁၀:၃၀ သုဝဏ္ဏသာမာဂါတော်ကြီး(နတ်ယမင်း)(ဇာတ်တော်)

MRTV Me
၀၆:၀၀ အဖွင့်၊ ဓမ္မပုဂံတေးသီချင်းများ
၀၆:၃၅ မြန်မာသံစဉ်တေးများ
၀၇:၃၅ မြန်မာစာတော်လမ်းတွဲ "ဘဝဖန်ဆိုး" (အပိုင်း-၂၂)
၀၈:၃၀ "ဘဏ္ဍဖမ်ာတစ်ခွန်" ထောင်ထောင်ချီသည်ဖြေ
၀၉:၃၀ ကဗျာတော်လွှားနယူညာသတင်းများ
၀၉:၃၀ မြန်မာ့ရုပ်ရှင်(ဖြူမည်း) 'တတိယဘဂျော်ဇီးနဲ့ဒုတိယဝေဒနာ'
၁၁:၀၀ ဟရိဝိယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် "ပင်သားအောင်စေရွေ" ဇာတ်သဘင် ဖျော်ဖြေပွဲအစီအရဲ

MRTV NRC
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ကချင်ပိုရာဂါးတင်လုပ်စားကြွယ်
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ကယားတိုင်းရင်းသားဆိုရိုးစဉ်လှုံရာတောင်ပေါ်ဒေသ
ဂေဂကရင် (၂၀:၀၀ မှ ၂၁:၀၀)
ပုံဘစ်ချက်နှင့်သွတ်ပွင့်သုပ်
ဘင်္ဂလားကျိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ကရင်စာပေစကားပြေကြာရင်းအောင် (အပိုင်း-၀)
ဘဏ္ဍပြီးကရင် (၂၂:၀၀ မှ ၂၃:၀၀)
စာပြိန်ဖွယ်ရာပျိုတို့လက်ရာ(ရွယ်မွှေကြက်သားသုပ်)

MRTV PARLIAMENT
၀၉:၀၀ အဖွင့်၊ အသံ
၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး (Replay)
၂၃:၀၀ လွှတ်တော်သတင်း(၂၃.၁၁.၂၀၂၆)

MRTV SPORTS
၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sports Diary
၀၇:၃၀ The Sports Editor's Top Picks Of This Week
၀၈:၀၀ (၃၃)ကြိမ်မြောက်အရပ်ဒေသအားကစားပြိုင်ပွဲ(ဖောင်းကန်ပြိုင်ပွဲ)(ရိုးလွယ်)(Replay)
၁၃:၀၀ အားကစားသတင်း

The Sports Editor's Top Picks Of This Week
မျိုးဂုဏ်တင့်ဝေဆိုကဇရတိုးအပေါ
ချစ်ရေးအလှယ်ကစားကြမယ်
"ထူးမြတ်လှပဝတ္ထုသင့်ဂဏ္ဍုအပေါ"
တန်ဆောင်တိုင်ပွဲတော်များ
"၂၀၂၆ခုနှစ်မာရိုဝေယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ယိုးဒယားပြည်သစ်နိုးရက်လုပ်ပုံတော်ပြီးပွဲ ပွင့်ပွဲအခမ်းအနားစီအရဲ"
ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
တန်ဆောင်တိုင်ပွဲတော်များ
နိုင်ငံခြားစာတော်လမ်းတွဲ(တရုတ်) "ဌေးရောင်အနာဂတ်" (အပိုင်း-၂)
ရုပ်မြင်သံကြားစာတော်လမ်း

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို ဇာနည်ဂုဏ်(ဇာတ်ညွှန်း) ဝေဒနာမြို့ (ရုပ်ရှင်) (ရုပ်ရှင်)ဝေဒနာမြို့ထဲတွင်ရှိသည်။

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းများအနက် နိုင်ငံရေး၊ ကာကွယ်ရေး၊ ငြိမ်းချမ်းရေး၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ အရေးပေါ်သုံးစွဲနိုင်ရေး၊ စွမ်းအင်ဖူလုံရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ သတင်းစာရှင်းလင်းပွဲ၊ ICJ ဆုံးဖြတ်ချက်အပေါ် သဘောထားထုတ်ပြန်ချက်၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

နိုင်ငံရေး

နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ပြောကြားခဲ့သည့်မိန့်ခွန်း၌ အစိုးရသစ် တာဝန်ယူခဲ့သည့် ရက်ပေါင်း ၂၂၂ ရက်တာအတွင်း ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်၏အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်တွင်းစိုက်ပျိုး မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် မူကြီး (၅) ရပ် အတိုင်း အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ရေး စသည့် မူဝါဒဆိုင်ရာ အဓိကလမ်းညွှန်ချက်များကို ပြောကြားခဲ့သည်။

ကာကွယ်ရေး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကကျသော အင်းတော်-ဝန်းသို့-ကောလင်း လမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်ရှိ သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျေးရွာများကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရာ နိုဝင်ဘာ ၈ ရက်တွင် ဝန်းသို့မြို့၊ နိုဝင်ဘာ ၁၁ ရက်တွင် ကောလင်းမြို့နှင့် နိုဝင်ဘာ ၁၅ ရက်တွင် ဥတုံးပင်ကျေးရွာအထိ အဆင့်ဆင့်ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ စစ်ဆင်ရေးများအရ ကျိုက်ထိုနှင့် ရွှေကျင်မြို့နယ်အတွင်း ခိုအောင်းနေသော KNU၊ KNLA နှင့် PDF သောင်းကျန်းသူများ၏ ယာယီအခြေပြစခန်း ၁၁ ခုကို တပ်မတော်က သိမ်းပိုက်နိုင်ခဲ့သည်။ နိုဝင်ဘာ ၁၉ ရက်တွင် ချောင်းစောက်ရွာအနီးရှိ စခန်းအား ထပ်မံသိမ်းပိုက်ခဲ့ပြီး လက်နက် ၃၇ လက်၊ ခဲယမ်းများနှင့် ဆေးဝါးပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ငြိမ်းချမ်းရေး

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံပံ့ကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၇၆ ဦးနှင့် အမျိုးသမီး ၁၉ ဦး (စုစုပေါင်း ၁၉၅ ဦး) သည် လက်နက်မျိုးစုံ ၂၅ လက်၊ ကျည်မျိုးစုံ၊ ဗုံးသီး၊ မိုင်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သဖြင့် နိုဝင်ဘာ ၁၈ ရက်တွင် မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဆုကြေးငွေများ ပေးအပ်ခဲ့သည်။

စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ကမ္ဘောဒီးယားနိုင်ငံ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Cheap Sour တို့ နိုဝင်ဘာ ၁၇ ရက်တွင် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပိုက်လိုင်းနှင့် အခြေခံအဆောက်အအုံများကို အသုံးပြုကာ LNG နှင့် သဘာဝဓာတ်ငွေ့ရောင်းဝယ်နိုင်ရေးအပါအဝင် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

အရေးပေါ် သုံးစွဲနိုင်ရေး

အယ်လ်နီညို သဘာဝဖြစ်စဉ်များကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာပြီး အရေးပေါ်လိုအပ်ချိန်တွင် သုံးစွဲနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်သိုလှောင်ရုံများ၌ အရန်ဆန်များ အပြည့်အဝ သိုလှောင်ထားရှိမှုကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

စွမ်းအင်ဖူလုံရေး

နိုဝင်ဘာ ၁၉ ရက် အသိပေးချက်အရ တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် မြို့ကြီးများ၌ စက်သုံးဆီတင်ယာဉ်များကို အရန်သင့် ထားရှိပေးထားသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မအူပင် (တောင်) ဒေသရှိ တွင်းအမှတ် (၁၅) တွင် အနက်ပေ ၅၉၀၀ ရှိ သဲကြောမှ သဘာဝဓာတ်ငွေ့များ စမ်းသပ်ထုန်းဖော်ရာမှ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာကြောင်း နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး

ဖောက်ခွဲဖျက်ဆီးခံခဲ့ရသည့် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်းကို ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သဖြင့် မြန်မာပြည် အောက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ် ပိုမိုတိုးမြှင့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်းနိုဝင်ဘာ ၂၁ ရက်တွင် သတင်းဖော်ပြထားသည်။

သတင်းစာရှင်းလင်းပွဲ

နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ဦးစားပေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်များကို အချက်အလက်ပြည့်စုံစွာ ရှင်းလင်းဖြေကြားခဲ့ကြသည်။

ICJ ဆုံးဖြတ်ချက်အပေါ် သဘောထားထုတ်ပြန်ချက်

မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်စွဲပါ ထုတ်ပြန်ချက်တွင် ဂမ်ဘီယာနိုင်ငံက စွပ်စွဲထားသည့် လူမျိုးသုဉ်းစေမှုဆိုင်ရာအမှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က ၁၉-၁၁-၂၀၂၆ ရက်တွင် မဲခွဲဆုံးဖြတ် (ထောက်ခံမဲ ၉ မဲ၊ ကန့်ကွက်မဲ ၆ မဲ) ခဲ့သည့် စီရင်ချက်အပေါ် များစွာစိတ်ပျက်အားလျော့ရကြောင်း ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၇ နှစ်တာ ဥပဒေကြောင်းအရ ရိုးဖြောင့်စွာ ပါဝင်ရင်ဆိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးများသည် ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကိုတုံ့ပြန်သည့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များသာဖြစ်၍ လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်မရှိခဲ့ကြောင်းနှင့် တရားရုံး၏ စီရင်ချက်ပါ သီးခြားသဘောထားကွဲလွဲချက်များကို အသေးစိတ်လေ့လာသုံးသပ်ပြီး အမျိုးသားလုံခြုံရေးနှင့် အချုပ်အခြာအာဏာမထိခိုက်စေဘဲ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပါရှိပါသည်။

တန်ဆောင်တိုင် မီးပုံးပျံပွဲတော်

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အဝေးရာမီးပုံးပျံကွင်း၌ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူ သုံးသိန်းကျော်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ဖွင့်ပွဲတွင် စိန်နားပန် မီးပုံးပျံနှင့် မီးပုံးပျံအလတ်/အသေး စုစုပေါင်း ၁၄၀၀ လွှတ်တင်ခဲ့ပြီး ယခုနှစ် ပွဲတော်ကာလအတွင်း ညလွှတ်မီးပုံးပျံ ၁၁၂ လုံးအပါအဝင် မီးပုံးပျံ စုစုပေါင်း ၅၆၁ လုံး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း နိုဝင်ဘာ ၁၃ ရက်တွင် တရုတ်နိုင်ငံမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရားခံပြေး Su Fu Quan အပါအဝင် အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ တရုတ်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၆ ဦးကို ကွန်ပျူတာ ၁၂၁ လုံး၊ ဖုန်း ၁၉၀ စသည့်လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ဆန်ကျေးရွာအနီးတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရန် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မောင်းပြန်သေနတ် ၃ လက်၊ ကျည်အိမ် ၃ ခု၊ ယာယီတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် အတူ လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် မစိုးရိမ်ကျောင်းလမ်းရှိ နေအိမ်တွင် တရုတ်နိုင်ငံသုံး အက်ပလီကေးရှင်းများအသုံးပြု၍ အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်နေသည့် တရုတ်နိုင်ငံသားများအပါအဝင် လူ ၁၀၅ ဦးကို ကွန်ပျူတာ၊ ဖုန်း စသည့် လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သက်ဆိုင်ရာလုံခြုံရေးပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၀ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် စစ်မှုထမ်းဆင့်ခေါ်ရာ၌ ဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်၍ အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ ညအချိန် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ အခကြေးငွေဖြင့် လူစားထိုးခြင်းနှင့် တရားမဝင် ငွေကြေးကောက်ခံခြင်းများကို အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ ငွေကြေးဆိုင်ရာ ၁၈၂ မှု (တရားခံ ၁၉၉ ဦး) နှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၄၃ မှုတို့ကို ထိရောက်စွာ အရေးယူထားပြီးဖြစ်ကြောင်းနှင့် ထိုသို့ တရားမဝင် ဆောင်ရွက်မှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်ကြောင်း အသိပေးထုတ်ပြန်ထားပါသည်။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။

အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

မကွေးမြို့နယ်၌ ပဲမျိုးစုံသန့်စင်စက်နှင့် နှမ်းသန့်စင်စက်များ တပ်ဆင်ဆောင်ရွက်ထားရှိ

မကွေး နိုဝင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံလှကျေးရွာအနီးရှိ Good Brothers' Co.,Ltd. ၏ ပဲမျိုးစုံနှင့် နှမ်းသီးနှံအရည်အသွေးခွဲခြားသန့်စင်စက်ရုံတွင် တစ်နာရီလျှင် ၅ တန် (5Mt/h)ကျ အရည်အသွေး ခွဲခြားသန့်စင်နိုင်သည့် ပဲမျိုးစုံသန့်စင်စက်နှင့် နှမ်းသန့်စင်စက်များ တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ အကျိုးတူလယ်ယာစနစ် (Contract Farming) ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဖွံ့ဖြိုးရေး ကူညီပံ့ပိုးပေးနေမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုကို ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို သွားရောက် ကြည့်ရှုအားပေးသည်။



ကြည့်ရှုစဉ်နိုင်ငံတကာဈေးကွက် ဝင်အရည်အသွေးမီ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် တောင်သူများအတွက် လိုအပ်သည့်သွင်းအားစုနှင့် နည်းပညာများ ပံ့ပိုးပေးနိုင်ရန် မှာကြားပြီး စက်ရုံသို့ ပဲ၊ နှမ်းသီးနှံများ လာရောက်ရောင်းချလျက်ရှိသော ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲနှင့် လိုအပ်ချက်များ တင်ပြဆွေးနွေးမှုကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ Good Brothers' Co.,Ltd. ၏ စားသုံးဆီစက်နှင့် ဆီသန့်စင်လုပ်ငန်းတွင် FDA ထောက်ခံချက်အမှတ် (MM 25 M 02 00162) ရရှိထားမှု၊ တစ်ရက် လျှင် ၁၅ တန် ကြိတ်ခွဲနိုင်သည့် ဆီကြိတ်စက်များ၊ ဆီသန့်စင်စက် (Oil Refinery)နှင့် နေကြာဆီကြိတ်စက်၊ နှမ်းဆီမွေးကြိတ်စက်များ တပ်ဆင်လည်ပတ်နေမှု၊ တစ်နှစ်လျှင် မြေပဲ၊ နှမ်း၊ နေကြာနှင့် နှမ်းလေ့ာ်ဆီမွေးကုန်ကြမ်း စုစုပေါင်းတန်ချိန် ၂၈၀၀ ကြိတ်ခွဲ၍ စားသုံးဆီ ၁၁၂၃ တန် (ပိသာချိန် ၆၈၇၈၄၃) ထုတ်လုပ်ရန် လျာထား ဆောင်ရွက်နေမှုနှင့် ပြည်ပသို့ နှမ်းဆီမွေးတင်ပို့နိုင်ရေး ဆောင်ရွက်နေမှု၊ စက်ရုံအတွင်းပဲ၊ နှမ်း သန့်စင်ဆောင်ရွက်နေမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

အမျိုးသားဘောလုံးပြိုင်ပွဲ အောင်ဇမ္ဗူ FC အသင်းနှင့် တောင်ငူ Old Star အသင်းတို့ ယှဉ်ပြိုင်

တောင်ငူ နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အားကစားကွင်း၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ကြေးကျပ်တစ်သောင်းဖြင့် ယမန်နေ့ညနေ ၄ နာရီက အမျိုးသားဘောလုံးပြိုင်ပွဲ အောင်ဇမ္ဗူ FC အသင်းနှင့် တောင်ငူ Old Star အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါအမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒေသခံပြည်သူ ၇၀၀ ခန့် လာရောက်အားပေးကြပြီး အောင်ဇမ္ဗူ FC အသင်းက တောင်ငူ Old Star အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တောင်ငူမြို့၌ (၉၅)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည် ပူဇော်ပွဲ၊ မန္တလေးလျင်ကြီးကြောင့် ထိခိုက်ယိုယွင်းခဲ့သည့် စေတီတော်များ ပြုပြင်မွမ်းမံခြင်း၊ အထွေထွေလှူဒါန်းမှုများအတွက် စုပေါင်းရေစက်ချခြင်းနှင့် ၅၁၆ နှစ်ပြည့် မြို့တည်နန်းတည်ပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အောင်ဇမ္ဗူစာတ်သဘင်သည် မိုင်ဒါကွင်း၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ရုံဝင်ကြေးဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်းပြီးစီးဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့်အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် (၅)ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ကျန်းမာတက်ကြွ သက်ကြီးပုဂ္ဂိုလ်ဘဝ

..... အောင်မင်း(ကျန်းမာရေးပညာ) .....

မြန်မာနိုင်ငံတွင် ကျန်းမာသော မျှော်မှန်းလူသက်တမ်း တဖြည်းဖြည်းမြင့်မားလာရာ သက်ကြီးပုဂ္ဂိုလ်များ ပိုမိုများပြားလာသည်နှင့်အမျှ သက်ကြီးဘဝလှပဖို့ကို ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျန်းမာတက်ကြွ သက်ကြီးပုဂ္ဂိုလ်ဘဝကို ရရှိနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူစားသောက်တတ်ရန် အရေးကြီးပါသည်။

အဘိုးအဘွားများ ပျော်ရွှင်၊ တက်ကြွသက်ကြီးဘဝကို ရရှိရန် အတွက် သင့်လျော်သည့်အာဟာရကို စားသုံးခြင်း၊ ကိုယ်ကာယလှုပ်ရှား မှုများပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ထိခိုက်ဒဏ်ရာမရရှိစေရန် ကာကွယ်ပေးခြင်း၊ ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားခြင်းတို့မှကာကွယ်ရန် ပြုမူနေထိုင်ခြင်း၊ စိတ်ကျန်းမာရေးကောင်းမွန်စေရန် ပြုမူနေထိုင်ခြင်းတို့ လိုအပ်ပါသည်။

အာဟာရနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ

သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် သစ်သီး၊ သစ်ဥ၊ ပဲအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းနှင့် လတ်ဆတ်သော သားငါးများကို စားသုံးသင့်ပါသည်။ ဝမ်းခဏျပဲစေရန်အတွက် ဟင်းသီးဟင်းရွက်များ စားသုံးသင့်သလို တစ်နေ့လျှင် အနည်းဆုံး ရေခြောက်ခွက်မှ ရှစ်ခွက် (၂ လီတာခန့်) သောက်သုံးသင့်ပါသည်။ သက်ကြီးဘိုးဘွားများတွင် သွားမကောင်းသည့် ပြဿနာရှိသဖြင့် ဝါးရလွယ်ကူစေရန် သေးနိုင်သမျှ အသေးဆုံး လှီးဖြတ်၍ နူးညံ့ပျော့ပျောင်းအောင် ပြင်ဆင်ချက်ပြုတ်ပေးရန် လိုအပ်ပါသည်။ အစာစားချိန်တွင် မိသားစုဝင်တစ်ယောက်ယောက်က အဖော်ပြု၍ အတူစားသင့်ပါသည်။

ကိုယ်ကာယလှုပ်ရှားမှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များ

သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးပါက အသက်ကြီးခြင်းနှင့်အတူ ဖြစ်ပေါ်လာသော နာတာရှည်ရောဂါများကို ကာကွယ်ထိန်းသိမ်းပြီး ပျော်ရွှင်တက်ကြွသည့် သက်ကြီးဘဝရရှိနိုင်မည်ဖြစ်ပါသည်။ ကိုယ်ကာယလှုပ်ရှားမှုလေ့ကျင့်ခန်းများကို ပုံမှန်ဆောင်ရွက်ပါက ရောဂါများကို ကြိုတင်ကာကွယ်နိုင်ပြီး အသက်ကြီးရင့်မှုကြောင့် ဖြစ်ပေါ် လာနိုင်သည့် မသန်စွမ်းဖြစ်မှုများကို နှောင့်နှေးစေသည့်အပြင် အချို့သောရောဂါကုသမှုအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

ထိခိုက်ဒဏ်ရာရရှိခြင်းမှ ကာကွယ်ခြင်း

သက်ကြီးပုဂ္ဂိုလ်များသည် မျက်စိမှုန်ခြင်း၊ နားလေးခြင်းတို့ကြောင့် လည်းကောင်း၊ ကြွက်သားအားလျော့နည်းမှုနှင့် အရိုးအဆစ်များ ခိုင်မာမှုကျဆင်းလာသောကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်ဟန်ချက် မထိန်းနိုင်ခြင်း၊ အပူအအေးသိမှုကျဆင်းလာခြင်းတို့ကြောင့် ထိခိုက် ဒဏ်ရာများ ပိုမိုရရှိလာနိုင်ပါသည်။

သက်ကြီးပုဂ္ဂိုလ်များ၏ ပတ်ဝန်းကျင်တွင် မြင်သာထင်သာသော အရောင်များသုံးရမည်။ ထိခိုက်ဒဏ်ရာရရှိနိုင်သော အတားအဆီး ပစ္စည်းများကို ဖယ်ရှားထားရမည်။ အလင်းရောင်ကောင်းစွာရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမည်။ ချော်လဲနိုင်သော ဖိနပ်များကို မစီးစေရ။ ဖမ်းကိုင်၊ ဆုပ်ကိုင်နိုင်မည့်ပစ္စည်းများ၊ တန်းများ ထားပေးရမည်။ နားကောင်းစွာ ကြား၊ မကြား သိနိုင်အောင် နှစ်စဉ်စစ်သပ်မှုခံယူရမည်။ မျက်မှန်ပါဝါကိုက်အောင် နှစ်စဉ်စစ်သပ်ပေးရမည်။ တုတ်ကောက်၊ တောင်ဝှေးသုံး၍သွားလာရန် အားပေးရမည်။ လဲလျောင်းနေရာ၊ ထိုင်နေရာမှ ချက်ချင်း လျင်လျင်မြန်မြန်မထရန် သတိပေးရပါမည်။ ရုတ်တရက် သွေးပေါင်ချိန်ကျ၍ လဲကျနိုင်ပါသည်။

ကင်ဆာရောဂါဖြစ်ပွားမှုမှ ကာကွယ်ခြင်း

အသက်ကြီးလာသောအခါ ကင်ဆာဖြစ်စေသော မျိုးရိုးဗီဇများ ထက္ကြလာခြင်းကြောင့်လည်းကောင်း၊ ကင်ဆာမဖြစ်စေသော မျိုးရိုး ဗီဇများ အားနည်းလာခြင်းကြောင့်လည်းကောင်း၊ မိမိသက်တမ်း တစ်လျှောက် ကြုံတွေ့သုံးစွဲခဲ့သော ကင်ဆာဖြစ်စေသည့်အကြောင်း များကြောင့်သော်လည်းကောင်း ကင်ဆာပိုမိုဖြစ်လာနိုင်ပါသည်။ အရက်ဖြတ်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းနှင့် ကွမ်းဖြတ်ခြင်း၊ အသီးအရွက် များများစားခြင်း၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်းတို့ကို ကြိုတင် ဆောင်ရွက်နိုင်ခဲ့ပါက သက်ကြီးရွယ်အိုဘဝတွင် ကင်ဆာရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသည်။

နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်ခြင်း

ရင်ဘတ်အောင့်ခြင်း၊ ရင်တွင်းလေးလံလာခြင်း၊ အသက်ရှူမဝ ခြင်း၊ ဘယ်လက်မောင်းအောင့်လာခြင်း၊ ကျဉ်လာခြင်း၊ လည်ပင်းနှင့် မေးစေ့တစ်ဝိုက်တို့တွင် ကျဉ်လာခြင်းတို့သည် နှလုံးသွေးကြောကျဉ်း ရောဂါ၏ လက္ခဏာများဖြစ်ပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်နိုင်မည့်နည်းလမ်းများ

ဆေးလိပ်မသောက်ပါနှင့်၊ ကွမ်းမစားပါနှင့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများခံစားနေရပါက စနစ်တကျဆေးဝါးကုသမှုခံယူပါ။ အဆီများလွန်းသောအစာ၊ အငန်များလွန်းသော အစာများနှင့် အချို များစွာစားသုံးခြင်းတို့ကို ရှောင်ကြဉ်ပါ။ လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။ ဘာသာတရားကို ကျင့်ကြံအားထုတ်ပါ။

သွေးတိုးရောဂါဖြစ်ခြင်းမှ ကာကွယ်ခြင်း

သက်ကြီးပုဂ္ဂိုလ်များတွင် အပေါ်သွေး ၁၄၀ mmHg နှင့် အထက် ကျော်လျှင် သို့မဟုတ် အောက်သွေး ၉၀ mmHg ကျော်လျှင် သွေးတိုး ရောဂါရှိသည်ဟု သတ်မှတ်ပါသည်။ သွေးပေါင်မချိနိုမီ အတန်အသင့် အနားယူချိန်ပေးပြီး နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်အထက် တိုင်းယူ သင့်ပါသည်။ သက်ကြီးပုဂ္ဂိုလ်ဆေးခန်းများတွင် ထိုင်လျက်သာမက မတ်တတ်ရပ်လျက် သွေးပေါင်ချိန်ကို တိုင်းယူခြင်းဖြင့် မတ်တတ်ရပ်ချိန် တွင် သွေးပေါင်ကျခြင်းကို သတိပြုနိုင်ပါသည်။

သွေးကျဆေးများပေး၍ သွေးတိုးချိန်ညှိရာတွင် မတ်တတ်ရပ်ချိန် တွင်ရှိသော သွေးပေါင်ချိန်ကိုပါ ထည့်သွင်းစဉ်းစားမှ ပိုမိုထိရောက်စွာ ကုသနိုင်မည်ဖြစ်ပြီး မတ်တတ်ရပ်ချိန်သွေးပေါင်ချိန်လျော့ကျခြင်း ကြောင့် ခံစားရသည့် မူးနောက်ခြင်း၊ ယိမ်းယိုင်ခြင်း၊ လဲကျခြင်းများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ရှောင်ကြဉ်ရမည့်အချက်များ

သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်းဖြင့် မကူးစက်နိုင်သောရောဂါ သတိမေ့လျော့ခြင်း၊ သဘောပေါက် နားလည်နိုင်မှုအားနည်းလာခြင်း၊ စိတ်အားငယ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်း၊ ငယ်မူပြန်ခြင်း စသည့် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ခံစားရလေ့ရှိပါသည်။

မှတ်ဉာဏ်စွမ်းအားလျော့နည်းခြင်း

မှတ်ဉာဏ်စွမ်းအားလျော့နည်းလာသော ရောဂါဖြစ်ခြင်း လျော့နည်းစေရန် ကျန်းမာရေးနှင့်ညီညွတ်၍ အာဟာရပြည့်ဝသော အစားအစာများစားခြင်း၊ ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းခြင်း၊ စိတ်ဓာတ်တက်ကြွစွာနေထိုင်ခြင်း၊ စိတ်ဖိစီးမှုအားထိန်းသိမ်းခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ အိပ်ရေး ဝအောင်အိပ်ခြင်း၊ သက်ရွယ်တူများအချင်းချင်း ဆက်သွယ်ပြောဆို ခြင်း၊ အတတ်ပညာအသစ်များ လေ့လာသင်ယူခြင်းတို့ကို ဆောင်ရွက် သင့်ပါသည်။

မှတ်ဉာဏ်စွမ်းအား လျော့နည်းလာပါက အောက်ပါလက္ခဏာများ ကို ခံစားရမည်ဖြစ်ကြောင်းနှင့် ၎င်းလက္ခဏာများကိုခံစားရပါက ကျန်းမာရေးဝန်ထမ်းနှင့် ဆွေးနွေးတိုင်ပင်သင့်ကြောင်း ကျန်းမာရေး အသိပညာပေးရမည် -

- ယခင်ကျွမ်းဝင်ပြီးသော အလုပ်များကို ကောင်းမွန်စွာမဆောင်ရွက် နိုင်ခြင်း၊ စကားပြောဆိုဆက်ဆံရာတွင် အခက်အခဲရှိလာခြင်း၊

> **သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများကို လိုက်နာကျင့်သုံးပါက အသက်ကြီးခြင်းနှင့်အတူ ဖြစ်ပေါ်လာသော နာတာရှည်ရောဂါများကို ကာကွယ်ထိန်းသိမ်းပြီး ပျော်ရွှင်တက်ကြွသည့် သက်ကြီးဘဝရရှိနိုင်မည်ဖြစ်ပါသည်။ ကိုယ်ကာယလှုပ်ရှားမှု လေ့ကျင့်ခန်းများကို ပုံမှန်ဆောင်ရွက်ပါက ရောဂါများကို ကြိုတင်ကာကွယ်နိုင်ပြီး အသက်ကြီးရင့်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မသန်စွမ်းဖြစ်မှုများကို နှောင့်နှေးစေသည့်အပြင် အချို့သောရောဂါကုသမှုအတွက် အထောက်အကူဖြစ်**

များဖြစ်ခြင်းမှ ကာကွယ်တားဆီးနိုင်သည့်အပြင် ကိုယ်ရောစိတ်ပါ ကျန်းမာသန့်စွမ်းစေပါသည်။

ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း

ဆေးလိပ်သောက်ခြင်းကြောင့် နာတာရှည်ချောင်းဆိုးရောဂါများ အပြင် ကင်ဆာရောဂါများ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုး ရောဂါများ၊ လေဖြတ်ခြင်းနှင့် အရိုးပွရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်သော အဘိုးအဘွားများအနေဖြင့် ဆေးလိပ်ဖြတ်ရန် လိုအပ်ပါသည်။

ဆေးလိပ်ဖြတ်သည့်နည်းလမ်းများ

- မီးခြစ်၊ ဆေးလိပ်ခွက်၊ ဆေးလိပ်စသည်တို့ကို မြင်သာသည့်နေရာ၌ မထားရပါ။
- အဘိုးအဘွားများရှေ့တွင် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။
- အဘိုးအဘွားများ ဆေးလိပ်ဖြတ်ခြင်းကို မိသားစုက ပိုင်းဝန်း အားပေးဖို့လိုပါသည်။
- ဆေးလိပ်သောက်ချင်စိတ်ပေါ်လာပါက စိတ်ပြေလက်ပျောက် တစ်ခုခုထလုပ်ပါ။ အာရုံပြောင်းပစ်လိုက်ပါ။

အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း

သက်ကြီးပုဂ္ဂိုလ်များအရက်သောက်ပါက နှလုံးရောဂါ၊ အသည်း ခြောက်ရောဂါ၊ အစာအိမ်အနာရောဂါများဖြစ်ခြင်း၊ ခြေလက်များ ထုံကျဉ်ကိုက်ခဲခြင်း၊ ပိုမို၍သတိမေ့လျော့လာခြင်း၊ မကြာခဏလိမ့်ကျ ခြင်း၊ ချော်လဲခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်းတို့ ပိုမိုဖြစ်ပွား တတ်ပြီး အရက်သမားသက်ကြီးပုဂ္ဂိုလ်တို့အား ပတ်ဝန်းကျင်မှ ရှောင်ကြဉ် လာတတ်ပါသည်။

အရက်ဖြတ်ရန်လိုအပ်ချက်များ

- မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများမှ ထောက်ခံအားပေးရပါမည်။
- အရက်၏ ဆိုးကျိုးများကို ဆွေးနွေးပညာပေးပြီး အကျိုးအပြစ်များ ဆန်းစစ်ရပါမည်။
- တတ်ကျွမ်းသူနှင့် တိုင်ပင်ဆွေးနွေးပြီးဆေးရုံတက်၍ အရက်ဖြတ်ပါက ပိုမိုကောင်းမွန်ပါမည်။

စိတ်ကျန်းမာရေးကောင်းမွန်စေရန် လိုက်နာရမည့်အချက်များ

သက်ကြီးပုဂ္ဂိုလ်များတွင် မှတ်ဉာဏ်စွမ်းအားလျော့နည်းခြင်း၊

- မည်သည့်နေရာရောက်နေမှန်းမသိဘဲ မျက်စိလည်ခြင်း၊
- အချိန်စဉ်းစားမရဘဲ စိတ်ရှုပ်ထွေးစေခြင်း၊
- ဝေဖန်ပိုင်းခြားနိုင်စွမ်း လျော့နည်းလာခြင်း၊
- ပစ္စည်းများကို နေရာလွဲမှား၍ ချထားခြင်း၊
- စိတ်နေစိတ်ထားနှင့် အပြုအမူများပြောင်းလဲလာခြင်း၊
- စီးပွားရေး၊ လူမှုရေးစသည့် လုပ်နေကျလုပ်ငန်းများကို မလုပ်တော့ ခြင်း။

မိသားစုဝင်များအနေဖြင့် သက်ကြီးဘိုးဘွားများတွင် အဖြစ်များ သော မှတ်ဉာဏ်စွမ်းအားလျော့နည်းလာသောရောဂါကို စောစီးစွာသိရှိ စေရန် သက်ကြီးဘိုးဘွားများကို စိတ်ကျန်းမာရေးဆိုင်ရာ ဆန်းစစ်မှု များ ပုံမှန်စစ်ဆေးခံရစေမည်ဖြစ်ပြီး ကုသမှုနှင့် အထောက်အပံ့များ ရရှိစေရေး ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ် ကြောင်း ကျန်းမာရေးအသိပညာပေးရမည်။

စိတ်အားငယ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်း

သက်ကြီးပုဂ္ဂိုလ်များသည် အကောင်းမြင်ဝါဒကျင့်သုံးပြီး အပြု သဘောဆောင်သည့် အတွေးအခေါ်အပြုအမူများနှင့် နေထိုင်ရပါမည်။ စိတ်ကျန်းမာရေးကောင်းမွန်စေရန် သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် မိသားစု၊ သူငယ်ချင်းများနှင့်အတူ အချိန်များကုန်ဆုံးစေခြင်း၊ ပြဿနာ များအား အချင်းချင်းပြောပြခြင်း၊ စိတ်ဝင်စားရာကောင်းသော၊ ပျော်ရွှင်ဖွယ်ကောင်းသော ဝါသနာများအား ရှာဖွေပြုလုပ်ခြင်းတို့ကို ကျင့်ကြံပြုမူနေထိုင်သင့်ကြောင်း အသိပညာပေးရမည်။

သက်ကြီးပုဂ္ဂိုလ်များ ဘဝ၏နေဝင်ချိန်ကို ကျန်းမာပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်ရေးအတွက် မိမိတို့၏အနာဂတ်ကလေးငယ်နှင့် လူငယ် များကိုသာမက သက်ကြီးပုဂ္ဂိုလ်များကိုပါ ကျွန်တော်တို့အားလုံး ပိုင်းဝန်းပုံပိုး ကူညီစောင့်ရှောက်ပေးကြပါရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ရည်ညွှန်း -

(၁) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ Elderly Health Care Project ၏ Power Point များ

(၂) ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်ထုတ် လူထိုင်းအိမ်တိုင်း ဆောင်ထား ကျန်းမာရေးအသိပညာများစာအုပ်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 11: Describing places (နေရာများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း Lesson 11: Describing places (နေရာများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်တစ်ပတ်မှအဆက်)

Lesson 11: Describing places (နေရာများကို ဖော်ပြခြင်း)

7. Park (ပန်းခြံ)

14. ပန်းခြံသည် ကျွန်ုပ်တို့၏ စိတ်ဖိစီးမှုများကို လျော့နည်းစေသည်။ (reduce, stress)
15. ကျွန်ုပ်တို့သည် ပန်းခြံကို သန့်ရှင်းစွာ ထိန်းသိမ်းသင့်သည်။ (should keep, park, clean)
16. ပန်းခြံများသည်မြို့ပြတ်ဝန်းကျင်ကို ပိုမိုစိမ်းလန်းသာယာစေသော အရေးပါသည့်နေရာများဖြစ်သည်။ (green spaces, urban environment, important places)

8. Beach (ကမ်းခြေ)

1. ကမ်းခြေသည် အလွန်လှပသောနေရာတစ်ခုဖြစ်သည်။ (beach, very beautiful place)
2. ကျွန်ုပ်တို့နိုင်ငံတွင် လှပသောကမ်းခြေများစွာရှိသည်။ (many beautiful beaches, in our country)
3. ကမ်းခြေတွင် သဲဖြူဖြူများရှိသည်။(white sand, on the beach)
4. ပင်လယ်ရေသည် ကြည်လင်ပြာလဲ့နေသည်။ (seawater, clear and blue)
5. လှိုင်းလုံးများသည် ကမ်းခြေသို့ တဖြည်းဖြည်းရိုက်ခတ်လာကြသည်။(waves, slowly, wash onto the shore)
6. လူများသည် ကမ်းခြေသို့အပန်းဖြေရန်လာကြသည်။ (people, visit the beach, relax)
7. ကလေးများသည် သဲများဖြင့် ကစားကြသည်။ (children, play with sand)
8. လူအချို့သည် ပင်လယ်ထဲတွင် ရေကူးကြသည်။ (some people, swim, in the sea)
9. ကမ်းခြေတွင် အုန်းပင်များစွာ ရှိသည်။ (many coconut trees, on the beach)
10. မနက်ခင်းတွင် နေထွက်ချိန်သည် အလွန်လှပသည်။ (sunrise, in the morning, beautiful)
11. ညနေခင်းတွင် နေဝင်ချိန်ကို ကြည့်ရှုနိုင်သည်။ (in the evening, watch the sunset)
12. ကမ်းခြေတွင် လတ်ဆတ်သော ပင်လယ်လေကို ရှူရှိုက်နိုင်သည်။ (breathe, fresh sea air)
13. ခရီးသွားများသည် ကမ်းခြေတွင် ဓာတ်ပုံများရိုက်ကြသည်။ (tourists, take photographs, on the beach)
14. ကမ်းခြေသည် မိသားစုနှင့် သူငယ်ချင်းများ အတူတကွ အချိန်ဖြုန်းရန် သင့်တော်သည်။ (suitable, family and friends, spend time together)
15. ကျွန်ုပ်တို့သည် ပင်လယ်ကမ်းခြေကို ညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းသင့်သည်။ (keep the beach clean, prevent pollution)
16. ကမ်းခြေသည် သဘာဝအလှတရားနှင့် အပန်းဖြေမှုကို တစ်ပြိုင်နက် ခံစားနိုင်သော နေရာတစ်ခုဖြစ်သည်။ (natural beauty, relaxation, enjoy, at the same time)

9. Museum (ပြတိုက်)

1. ပြတိုက်သည် စိတ်ဝင်စားဖွယ်ကောင်းသော နေရာတစ်ခုဖြစ်သည်။(museum, interesting place)
2. ကျွန်ုပ်တို့မြို့တွင် ပြတိုက်တစ်ခုရှိသည်။ (a museum, in our town)
3. ပြတိုက်တွင် ရှေးဟောင်းပစ္စည်းများစွာရှိသည်။ (many ancient objects, in the museum)
4. ရှေးဟောင်းပန်းချီကားများကိုလည်း တွေ့မြင်နိုင်သည်။(ancient paintings, can see)
5. ပြတိုက်တွင် သမိုင်းဝင်ပစ္စည်းများကို ပြသထားသည်။(historical objects, display)
6. လူများသည် ပြတိုက်သို့ လေ့လာရန် လာကြသည်။(people, visit the museum, learn)
7. ကျောင်းသားများသည်ပြတိုက်သို့အဖွဲ့လိုက်လာရောက်လေ့လာကြသည်။(students, visit, in groups)
8. ပြတိုက်တွင် ရှေးဟောင်းအိုးများနှင့် လက်နက်များကို တွေ့နိုင်သည်။ (ancient pots, weapons, see)
9. အချို့ပြတိုက်များတွင် ရှေးဟောင်းဒင်္ဂါးများလည်း ရှိသည်။ (some museums, ancient coins, also)
10. ပြတိုက်သည် ကျွန်ုပ်တို့၏သမိုင်းကြောင်းကို သိရှိစေသည်။ (museum, help us learn, history)
11. ပြတိုက်တွင် တိတ်တိတ်ဆိတ်ဆိတ် နေထိုင်သင့်သည်။(should remain quiet, in the museum)
12. ပြသထားသောပစ္စည်းများကို လက်ဖြင့် မထိသင့်ပါ။(displayed objects, should not touch)
13. ပြတိုက်သို့ သွားရောက်ခြင်းဖြင့် အသိပညာအသစ်များ ရရှိနိုင်သည်။(by visiting the museum, gain new knowledge)
14. ပြတိုက်သည် ယဉ်ကျေးမှုနှင့် အမွေအနှစ်များကို ထိန်းသိမ်းပေးသည်။(preserve, culture, heritage)
15. လူငယ်များသည် မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပိုမိုသိရှိရန် ပြတိုက်များသို့ သွားရောက်သင့်သည်။ (young people, learn more about, national history, visit museums)
16. ပြတိုက်သည် အတိတ်ကာလ၏ အကြောင်းအရာများကို လေ့လာနိုင်သော အဖိုးတန်ပညာရေးနေရာတစ်ခုဖြစ်သည်။ (valuable educational place, study, the past)

10. Pagoda (ဘုရားစေတီ)

1. ကျွန်ုပ်တို့မြို့တွင် ဘုရားစေတီများစွာရှိသည်။(many pagodas, in our town)
2. ဘုရားစေတီများသည် မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သည်။(famous landmarks, in Myanmar)
3. ဘုရားစေတီသည် အလွန်သပ္ပာယ်သည်။ (pagoda, very beautiful)
4. ဘုရားရင်ပြင်သည် ကျယ်ဝန်းသည်။ (pagoda platform, spacious)
5. ဘုရားစေတီတွင် ရွှေရောင်အဆင်းများကို တွေ့မြင်နိုင်သည်။ (golden colour, can see)
6. လူများသည် ဘုရားသို့ ဘုရားဖူးရန် လာကြသည်။(people, visit the pagoda, pay homage)
7. သူတို့သည် ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူကြသည်။ (offer flowers, water, candles)
8. အချို့လူများသည် တရားထိုင်ကြသည်။(some people, meditate)
9. ဘုရားရင်ပြင်တွင် အမြဲတမ်းအေးချမ်းသာယာသည်။ (pagoda platform, always, peaceful)
10. ဘုရားပွဲတော်များကို နှစ်စဉ် ကျင်းပကြသည်။ (pagoda festivals, celebrate, every year)
11. ဘုရားသို့ သွားသည့်အခါ သင့်တင့်လျောက်ပတ်သော အဝတ်အစားများ ဝတ်ဆင်သင့်သည်။(when visiting a pagoda, wear, proper clothes)
12. ဘုရားပရိဝုဏ်အတွင်း တိတ်ဆိတ်စွာနေထိုင်သင့်သည်။ (within the pagoda compound, remain quiet)
13. ဘုရားစေတီများသည် ကျွန်ုပ်တို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုကို ကိုယ်စားပြုသည်။(represent, religion, culture)
14. ဘုရားဖူးခြင်းသည် စိတ်အေးချမ်းမှုကို ရရှိစေသည်။(visiting pagodas, bring, peace of mind)
15. ကျွန်ုပ်တို့သည်ရှေးဟောင်းဘုရားစေတီများကိုထိန်းသိမ်းစောင့်ရှောက်သင့်သည်။ (preserve and protect, ancient pagodas)
16. ဘုရားစေတီများသည် မြန်မာနိုင်ငံ၏ ဘာသာရေးအမွေအနှစ်နှင့် ယဉ်ကျေးမှုအလှတရားများကို ဖော်ပြနေသော အဖိုးတန်အဆောက်အအုံများဖြစ်သည်။(valuable structures, religious heritage, cultural beauty, represent)

11. Library (စာကြည့်တိုက်)

1. ကျွန်ုပ်တို့ကျောင်းတွင် စာကြည့်တိုက်တစ်ခုရှိသည်။ (a library, in our school)
2. စာကြည့်တိုက်သည် အလွန်တိတ်ဆိတ်သည်။ (library, very quiet)
3. စာကြည့်တိုက်တွင် စာအုပ်များစွာရှိသည်။ (many books, in the library)
4. စာအုပ်အမျိုးအစားများစွာကို ဖတ်ရှုနိုင်သည်။ (read, different kinds of books)
5. ကျောင်းသားများသည် စာကြည့်တိုက်သို့ လာရောက်ကြသည်။ (students, visit the library)
6. သူတို့သည် စာအုပ်များကို ဖတ်ရှုကြသည်။(they, read books)
7. အချို့ကျောင်းသားများသည်စာအုပ်များကိုငှားရမ်းကြသည်။(some students, borrow books)
8. စာကြည့်တိုက်တွင် စားပွဲနှင့် ထိုင်ခုံများရှိသည်။(tables and chairs, in the library)
9. စာအုပ်များကို စနစ်တကျ စီစဉ်ထားသည်။(books, arrange, systematically)
10. စာကြည့်တိုက်တွင် သတင်းစာနှင့် မဂ္ဂဇင်းများလည်းရှိသည်။ (newspapers, magazines, also)
11. စာကြည့်တိုက်မှူးသည် စာအုပ်ရှာဖွေရာတွင် ကူညီပေးသည်။ (librarian, help, find books)
12. စာကြည့်တိုက်တွင် အသံကျယ်ကျယ် မပြောသင့်ပါ။(should not speak loudly)
13. စာဖတ်ခြင်းသည် ကျွန်ုပ်တို့၏ အသိပညာကို တိုးပွားစေသည်။ (reading, increase, knowledge)
14. စာကြည့်တိုက်သည် ကျောင်းသားများအတွက် အလွန်အသုံးဝင်သည်။(library, very useful, students)
15. ကျောင်းသားတိုင်းသည် စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးပြုသင့်သည်။(every student, use, effectively)
16. စာကြည့်တိုက်သည် တစ်သက်တာလုံး သင်ယူလေ့လာနိုင်ရန် အထောက်အကူပြုသော အသိပညာရင်းမြစ်တစ်ခုဖြစ်သည်။ (source of knowledge, support, lifelong learning)

12. Playground (ကစားကွင်း)

1. ကျွန်ုပ်တို့ကျောင်းတွင် ကစားကွင်းကြီးတစ်ခု ရှိသည်။(a large playground, in our school)
2. ကစားကွင်းသည် ကျယ်ဝန်းသည်။(playground, spacious)
3. ကစားကွင်းတွင် မြက်ခင်းစိမ်းများရှိသည်။(green grass, in the playground)
4. ကလေးများသည် ကစားကွင်းတွင်ပျော်ရွှင်စွာကစားကြသည်။ (children, play happily, in the playground)
5. သူတို့သည် ဘောလုံးကစားကြသည်။(play football)
6. အချို့ကလေးများသည် ပြေးလွှားကစားကြသည်။(some children, run around and play)
7. ကစားကွင်းတွင် ဘတ်စကက်ဘောကွင်းတစ်ခုလည်းရှိသည်။ (a basketball court, also)
8. ကျွန်ုပ်တို့သည် သူငယ်ချင်းများနှင့်အတူ ကစားကြသည်။ (play, with our friends)
9. အားကစားဆရာသည် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။(sports teacher, guide us)
10. ကျောင်းသားများသည် အားကစားပြိုင်ပွဲများတွင် ပါဝင်ကြသည်။ (students, take part in, sports competitions)
11. ကစားခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေသည်။(playing, keep our bodies, healthy and strong)
12. ကစားကွင်းသည် ကျွန်ုပ်တို့၏ ကိုယ်လက်လှုပ်ရှားမှုကို တိုးတက်စေသည်။(playground, improve, physical activity)
13. ကလေးများသည် ကစားခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်လာကြသည်။ (through playing, children, learn to cooperate)
14. ကစားကွင်းသည် ပျော်ရွှင်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တိုးပွားစေသည်။(increase, happiness, friendship)
15. ကစားသည့်အခါ ဘေးကင်းလုံခြုံရေးကိုလည်း ဂရုပြုသင့်သည်။ (while playing, pay attention to, safety)
16. ကစားကွင်းသည် ကလေးများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးနှင့် အဖွဲ့လိုက်လုပ်ဆောင်နိုင်စွမ်းတို့ကို တိုးတက်စေသော အရေးပါသည့်နေရာတစ်ခုဖြစ်သည်။ (physical development, social skills, teamwork, improve, important place)

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

အေအိုင်ခေတ်နှင့် စာမေးပွဲစနစ်အားပြိုင်မှု

နိဇော်သစ်



တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဖြစ်ပွားခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူအချို့ နည်းပညာသုံးပြီး ခိုးချဖို့ ကြိုးစားခဲ့ကြသည်က အေအိုင်ခေတ်၏ စာမေးပွဲစနစ်အပေါ် စိန်ခေါ်မှုကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်တွေ့ရစေခဲ့သည်။

ဖြစ်စဉ်မှာ အများသိပြီးသားဖြစ်၍ အကျဉ်းချုပ်သာပြောပါမည်။ တောင်ကိုရီးယား၏ အခက်ဆုံးစာမေးပွဲတစ်ခုဖြစ်သော လက်မှတ်ရ အခွန်စာရင်းကိုင် စာမေးပွဲဟုဆိုနိုင်သည့် Certified Tax Accountant စာမေးပွဲကို ဧပြီလတွင် ကျင်းပခဲ့ရာ အသက် ၃၄ နှစ်အရွယ် ဟန်ဝန်ဆော့ဆိုသူက ပထမရခဲ့သည်။ မေးခွန်း ၁၆၀ တွင် ၁၅၉ ပုဒ်မှန်ပြီး တစ်ပုဒ်သာမှားခဲ့သဖြင့် တစ်နိုင်ငံလုံး ပထမဖြစ်ဖို့ ထိုက်တန်သည်။ သို့သော် ထိုအချက်ကပင်လျှင် သံသယဝင်စရာ ဖြစ်ခဲ့သည်။ ဟန်ဝန်ဆော့က အေအိုင် နည်းပညာသုံးပြီး ခိုးချခဲ့ခြင်းဖြစ်ကြောင်း ပြီးခဲ့သည့် နိုဝင်ဘာ ၁၆ ရက်တွင် ဝန်ခံလိုက်ရာ တိုင်းတုန်သတင်းဖြစ်သွားတော့သည်။

သူခိုးချသည့်နည်းက အဆင့်မြင့်သည်။ ကော်ရက်ရှင်တိပ်တွင် မိုက်ခရိုကင်မရာတပ်ထားပြီး မေးခွန်းကို ဓာတ်ပုံရိုက်သည်။ ထိုဓာတ်ပုံကို ကိုယ်ပေါ်တွင် ဖွက်ပြီးယူလာသည့် အိုင်ဖုန်းထံပို့သည်။ ထိုသို့ပို့နိုင်ရန် ဂဏန်းပေါင်းစက်တစ်လုံးကို ကြိုးမဲ့ကီးဘုတ်တစ်ခုလို သုံးနိုင်အောင်ပြင်ထားသည်။ ဖုန်းတွင် အက်ပ်တစ်ခု ကိုယ်တိုင်ရေးပြီး ထည့်ထားသည်။ မေးခွန်းဓာတ်ပုံကို ထိုအက်ပ်က ယူလိုက်ပြီး အိမ်တွင်အသင့်ပြင်ထားသည့် လက်ပ်တော့မှတစ်ဆင့် အေအိုင်တစ်ခုကို ဖြေခိုင်းလိုက်သည်။ အေအိုင်က ဖြေပေးသည့်အဖြေများကို လက်ပ်တော့ပ်က ဖုန်းသို့ပြန်ပို့ပြီး ဖုန်းမှတစ်ဆင့် မိုက်ခရိုစခရင်တစ်ခုပေါ်တွင် ပေါ်အောင်လုပ်ထားသည်။ ထိုနည်းဖြင့် ခိုးချခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်ရပ်က နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် တောင်ကိုရီးယား၏ အရေးကြီးဆုံး တက္ကသိုလ်ဝင်တန်း စာမေးပွဲကို သက်ရောက်သွားသည်။ စောင့်ကြပ်ဖို့ တာဝန်ရှိသူ ၈၄၀၀ ကျော် တိုးဖြင့်ခန့်ထားသည်။ အခန်းစောင့်များက စမတ်နာရီများ၊ စမတ်မျက်မှန်များ၊ နားကြပ်များကိုပါ စစ်ဆေးကြရသည်။ မိုက်ခရိုကင်မရာ တပ်ထားမည်စိုးရိ၍ ကြယ်သီးများကို တိပ်ဖြင့်ပိတ်သည်။ မနက် ၈ နာရီခွဲတွင် ဘေးအန္တရာယ် သတိပေးချက်ကို ထုတ်လွှင့်သည်။ ဘေးအန္တရာယ်ရှိ၍တော့မဟုတ်။ စာမေးပွဲခန်းထဲ ခိုးယူလာသောစမတ်ဖုန်းများရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်သည်။

ဘေးအန္တရာယ်သတိပေးချက်သည် ဖုန်းကို အသံပိတ်ထားလျှင်ပင် ကျယ်ကျယ်လောင်လောင်ထမြည်နိုင်သည်။ ထိုနည်းဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖွက်ယူလာသော ဖုန်း ၅၄ လုံးကို သိမ်းနိုင်ခဲ့သည်။ မျက်မှန်၊ နားကြပ်၊ မိုက်ခရိုကင်မရာ၊ နာရီ စသည့်နည်းမျိုးစုံဖြင့် ခိုးချဖို့ကြိုးစားသူ စုစုပေါင်း ၁၁၁ ယောက်ကို ဖမ်းမိသည်။

စာမေးပွဲတွင် ခိုးချဖို့ကြိုးစားသူများ ရှိသည်မှာ အဆန်းမဟုတ်။ ခေတ်အဆက်ဆက်ရှိနေသည့် ဖြစ်စဉ်တစ်ရပ်သာ။ ခေတ်နှင့်အညီ ခိုးချသည့်ပုံစံများ အဆင့်မြင့်လာသည်မှာလည်း မထူးဆန်း။ ထို့ကြောင့် အေအိုင်နှင့် လျှပ်စစ်နည်းပညာ ထွန်းကားနေသော ဤခေတ်တွင် ခေတ်၏နည်းပညာကိုသုံးပြီး ခိုးချခြင်းမျိုးမရှိလျှင်သာ ထူးဆန်းလိမ့်မည်။ ရှိနေသည်ကမထူးခြား။ ဘယ်လိုတုံ့ပြန်မလဲ။ တစ်နည်းအားဖြင့် ဘယ်လိုဖမ်းမလဲ ဆိုသည်ကသာ အရေးကြီးသည်မဟုတ်ပါလား။ သို့သော် စာမေးပွဲတွင် ခိုးချတိုင်း လည်း မှန်တတ်သည်မဟုတ်။ ထိုအကြောင်းကို လူတိုင်းသိပြီးသား။ ယခု တောင်ကိုရီးယား၏ အတွေ့အကြုံအရ အေအိုင်ခေတ်တွင် အခက်ဆုံး စာမေးပွဲအတွက် အများတစ်ပုဒ်သာ ရှိအောင် ခိုးချ၍ရသည်။ တစ်နည်းအားဖြင့် အေအိုင်သည် အဖြေမှန်ကို ချက်ချင်း လက်ငင်းထုတ်ပေးနိုင်သည်။ ထိုအချက်က မူ တော်တော်အားသာသည်ဟုဆို၍မည်။

တောင်ကိုရီးယားက ဘယ်လိုတုံ့ပြန်လဲဆိုလျှင် ဝန်ကြီးချုပ်ဦးဆောင်သော ဌာနပေါင်းစုံ အထူးလုပ်ငန်းအဖွဲ့တစ်ခုဖွဲ့စည်းလိုက်သည်။ စည်းမျဉ်းများ ပြဋ္ဌာန်းဖို့ စတင်ဆွေးနွေးသည်။ ခိုးချသူများကို ရာဇဝတ်ကြောင်းအရ အရေးယူနိုင်ရန် ပြင်ဆင်သည်။ စိတ်ဝင်စားဖို့အကောင်းဆုံးမှာ ဝန်ကြီးချုပ် ဆွေးနွေးသွားသည့် အေအိုင်ခေတ်တွင် ခေတ်နှင့်အညီ စာမေးပွဲပုံစံကို ပြင်ဆင်သွားဖို့ဆိုသည့်အချက် ဖြစ်သည်။ ဘယ်လိုပြင်ဆင်မလဲဆိုသည်ကိုတော့ ယခုမှ စတင်ဆွေးနွေးကြသည် ဖြစ်၍မသိနိုင်သေး။ တောင်ကိုရီးယားလို နည်းပညာမြင့်သည့် နိုင်ငံမျိုးကတော့ နည်းပညာအားကိုးဖြင့် ပြင်ဆင်သွားဖို့ ဖြစ်နိုင်ခြေများသည်ဟု မှန်းဆကြည့်ရုံသာ တတ်နိုင်သည်။

အစိုးရ၏တို့ပြန်မှုထက် သတင်းမီဒီယာတို့၏ တုံ့ပြန်မှုက ပိုပြီးစိတ်ဝင်စားစရာကောင်းသည်။ အက်စ်ဘီအက်စ် သတင်းဌာနမှ သတင်းထောက်များက ချက်ချင်းဆိုသလို ခိုးချသည့်ပစ္စည်းများ နောက်သို့လိုက်ကြသည်။ တရုတ်နိုင်ငံမှ ပစ္စည်းရောင်းချသူတစ်ဦးကို ဆက်သွယ်လိုက်ရာ ကြယ်သီးပုံစံ ကင်မရာအသေးလေးများ၊ နားကြပ်အသေးလေးများ၊ ကြိုးမဲ့ဆက်သွယ်ရေး ကိရိယာများကို အမြန်ပို့ပေးနိုင်သည်ဟု အကြောင်းပြန်ခဲ့ကြောင်း အက်စ်ဘီအက်စ်က ထုတ်ဖော်ခဲ့သည်။ ထို့ပြင် အွန်လိုင်းစျေးကွက်ပေါ်၌ စာမေးပွဲအတွက် လျှို့ဝှက်အကူအညီ ရယူရန် Student Set များ ဝယ်ယူနိုင်ကြောင်း ကြော်ငြာများပါ တွေ့ခဲ့ကြရသည်။

သတင်းထောက်များက ထို့မျှနှင့်မရပ်။ Claude AI ကိုသုံးပြီး စာမေးပွဲမေးခွန်းများကို အေအိုင်ကိုသွားမေး၊ အဖြေထုတ်၊ အဖြေကို ပြန်ဖော်ပြသည့်အက်ပ်တစ်ခု ကိုယ်တိုင် စမ်းသပ်ရေးဆွဲခဲ့ကြသည်။ ၁၀ မိနစ်အတွင်း လိုချင်သည့်အက်ပ် ထွက်လာသည်။ ဆက်ပြီးစမ်းကြည့်ရာ မေးခွန်းသုံးပုဒ်ပါသည့် စာမျက်နှာတစ်ခုကို ၅ ဒသမ ၃ စက္ကန့်အတွင်း အဖြေထုတ်ပေးနိုင်သည်။ အဖြေများမှာလည်း မှန်သည်။ အသေးစားကိရိယာလေးများ၊ ကြိုးမဲ့ဆက်သွယ်ရေးစနစ်၊ အေအိုင်ကို မေးပြီး အဖြေပြန်ယူပေးနိုင်သည့်အက်ပ် တို့ရှိနေပြီဖြစ်ရာ ထို့ထက်ပို၍ ပြီးပြည့်စုံသော ခိုးချသည့် နည်းလမ်းမရှိတော့ဟု ဆို၍မည်။ အဖွဲ့လိုက်တွဲလုပ်စရာလည်း မလို။

မေးစရာရှိသည်မှာ ထိုပစ္စည်းများ၊ ထိုနည်းလမ်းများကို သိထားသည့်တိုင် တာဝန်ရှိသူများက မိအောင်ဖမ်းနိုင်ပါ့မလား။ ယခင်ယခင်ခေတ်များကလည်း ခိုးချသည့်နည်းလမ်းများကို သိထားသည့်တိုင် လွတ်သွားသူများရှိနေသည်မှာ သေချာသည်။ ယခုလို အဆင့်မြင့် နည်းပညာများ ပေါင်စပ်အသုံးပြုထားချိန်တွင် ပိုမလွယ်တော့သည်မှာလည်း သေချာသည်။ ယခု တောင်ကိုရီးယားတွင် ၁၁၀ ယောက် မိသည်ဆိုသည့်တိုင် ဘယ်နယောက် လွတ်သွားသလဲဆိုသည်ကို မည်သူမျှမသိနိုင်။ ဘေးအန္တရာယ် သတိပေးချက် ထုတ်လွှင့်သည့်နည်းလမ်းမှာ ယခုတစ်ကြိမ်တွင် အောင်မြင်သွားသည့်တိုင် နောက်ပိုင်းတွင် မသေချာတော့ပါ။ ရှောင်ကွင်းရမည့်နည်းလမ်းများကို ရှာကြဦးမည်ဖြစ်သည်။

ထို့ကြောင့် တောင်ကိုရီးယား ဝန်ကြီးချုပ်၏ 'အေအိုင်ခေတ်နှင့်အညီ စာမေးပွဲပုံစံကို ပြင်ဆင်ဖို့'ဆိုသည့် အချက်မှာ စိတ်ဝင်စားဖို့ကောင်းနေခြင်း ဖြစ်သည်။ တောင်ကိုရီးယားမှာမို့လို့ ကျောင်းသားတွေ အဲဒီလိုလုပ်လို့ရတာပါ ကွာဟုမထင်ပါနှင့်။ နည်းပညာလိုင်း၏ ပျံ့နှံ့နိုင်စွမ်းကို အထင်သေးး၍မရ။ မကြာမီကာလအတွင်း တစ်ကမ္ဘာလုံးရှိ စာမေးပွဲခန်းများတွင် ထိုအတိုင်းဖြစ်လာနိုင်သည်။ အေအိုင်ခေတ်က စာမေးပွဲစနစ်ကို စိန်ခေါ်လိုက်ပြီ။ စာမေးပွဲစနစ်ဘက်က ခေတ်နောက်ကျနေ၍မရတော့။ ဘာမှန်းမသိသေးသည့်တိုင် အေအိုင်ခေတ်နှင့်ကိုက်ညီသည့် စာမေးပွဲစနစ်တစ်ခုဆီသို့တက်လှမ်းဖို့ ပြင်ဆင်ရတော့မည်က သေချာပါသည်။

သွေးစစ်ပြီး မှတ်ဉာဏ်ပြဿနာ ရှိ၊ မရှိ သိနိုင်သည့်နည်းလမ်းတွေ့ရှိ

ကျန်းမာရေးကောင်းမွန်နေသော သက်ကြီးရွယ်အိုများတွင် အယ်လ်ဇိုင်းမားရောဂါနှင့် ဆက်စပ်သည့်မှတ်ဉာဏ်နှင့် သိမြင်မှုဆိုင်ရာ ဘေးအန္တရာယ်များကို သွေးစစ်ရုံဖြင့် ဆန်းစစ်နိုင်မည့်အလားအလာကောင်းသောနည်းလမ်းတစ်ခုကို သုတေသီများက တွေ့ရှိခဲ့ကြသည်။

JAMA Neurology ဂျာနယ်တွင် ဖော်ပြခဲ့သော မေယိုကလင်းနစ်၏ လေ့လာမှုအသစ်တစ်ခု၌ သုတေသီများသည် အယ်လ်ဇိုင်းမားနှင့် ဆက်စပ်သည့် သွေးတွင်းဇီဝအမှတ်အသားတစ်ခုကို အသက်၊ ကျား၊ မနှင့် မျိုးရိုးဗီဇဆိုင်ရာ ဘေးအန္တရာယ်တို့နှင့်ပေါင်းစပ်၍ တစ်ဦးချင်းစီအတွက် သီးသန့်ခန့်မှန်းချက်များ ထုတ်ပေးနိုင်မည့်နည်းလမ်းတစ်ခု တီထွင်ခဲ့ကြသည်။



နည်းလမ်းမှာ အယ်လ်ဇိုင်းမားရောဂါနှင့် ဆက်စပ်နေသော ပရိုတင်းတစ်မျိုးဖြစ်သည့် အေဗီလွိုက်ဟုခေါ်သော ပရိုတင်းကို တိုင်းတာခြင်းဖြစ်သည်။ သွေးထဲတွင် အဆိုပါပရိုတင်းပမာဏမြင့်မားနေခြင်းသည် ဦးနှောက်အတွင်း အယ်လ်ဇိုင်းမားနှင့်ဆက်စပ်သည့် ပြောင်းလဲမှုများနှင့် ဆက်စပ်နေသည်။

"ကျွန်မတို့ရဲ့ ရည်မှန်းချက်က အယ်လ်ဇိုင်းမားရောဂါနဲ့ဆက်စပ်တဲ့ အေဗီလွိုက် ပရိုတင်းသွေးစစ်ဆေးမှုရလဒ်ကောင်းလား။ မကောင်းဘူးလားဆိုတာတင်မဟုတ်ပါဘူး။ တစ်ဦးချင်းစီရဲ့ မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်ပွားနိုင်ခြေဆိုင်ရာ ပိုပြီးအဓိပ္ပာယ်ရှိတဲ့ ခန့်မှန်းချက်ကိုပေးစွမ်းနိုင်ဖို့ဖြစ်ပါတယ်"ဟု မေယိုလင်းနစ်၏ ဓာတ်ခွဲဆေးပညာနှင့် ရောဂါဗေဒ သုတေသီဖြစ်ပြီး လေ့လာမှုကိုဦးဆောင်ခဲ့သူ ဒေါက်တာအလီစီယာ အယ်ဂျီဆီရာ-ရှင်မနစ်ချ်က ရှင်းပြသည်။

ထိုနည်းလမ်းကိုသုံးပြီး လူတစ်ယောက်အနေဖြင့် ငါးနှစ်မှ ဆယ်နှစ်အတွင်း မှတ်ဉာဏ်ဆိုင်ရာပြဿနာ မည်မျှရှိလာနိုင်သနည်းဆိုသည်ကို သိနိုင်မည်ဖြစ်သည်။ သို့သော် ယခုတွေ့ရှိမှုမှာ ကနဦးတွေ့ရှိမှုမျှသာဖြစ်၍ နောက်ထပ်သုတေသနပြုမှုများ လိုအပ်ဦးမည်ဖြစ်ကြောင်းလည်း သုတေသီများက ဆိုသည်။

Ref: scitechdaily

လူငယ်များအတွက် အနီရောင်အဆင့်အန္တရာယ် "နီကိုတင်း"ထွက်ကုန်သစ်များ

စိုးမိုး (စံပြကျောင်း၊ မန္တလေး)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၃ ခုနှစ် ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးမူဘောင် သဘောတူညီချက်စာချုပ် WHO–FCTC (Framework Convention on Tobacco Control) ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်အနေဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ၂၀၀၈ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ထိုစဉ်က မိမိတို့နိုင်ငံအတွင်း ရှေးနှစ်ပေါင်းများစွာကပင် မိရိုးဖလာနှင့် လူမှုရေး ဇာတ်ခံရာတွင် အဓိကထားသုံးစွဲကြသည့် ဆေးပေါ့လိပ်၊ စီးကရက်များနှင့် အခြားပုံစံများဖြင့် ဆေးရွက်ကြီးသုံးစွဲမှုတို့ကိုဦးတည်၍ တားမြစ်သည့် ရည်ရွယ်ချက်ကိုသာ လိုအပ်သလို ဖော်ဆောင်ရန် အဓိကရည်ရွယ်ပြီး ဥပဒေတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

အီးစီးကရက်ဟုခေါ်သည့် အီလက်ထရောနစ်စီးကရက်ကို တရုတ်နိုင်ငံက ၂၀၀၃ ခုနှစ်တွင်စတင်၍ တီထွင်ခဲ့ပြီး နိုင်ငံတကာ၌လည်း ပေါ်ထွန်းခါစကာလ ဖြစ်သည့်အလျောက် အသုံးပြုမှုပမာဏ ကြီးမားစွာ မရှိသေးခြင်း၊ မြန်မာနိုင်ငံ၌လည်း တင်သွင်းသုံးစွဲလာမှု ပြောပလောက်အောင် မရှိသေးခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေတွင် အီးစီးကရက်အပါအဝင် နောင်ကျယ်ကျယ်ပြန့်ပြန့် ထပ်မံထုတ်လုပ်လာသည့် အီလက်ထရောနစ်စနစ်သုံး အင်္ဂေ့ကျိုက်ရိယာများဖြစ်သည့် ဆေးရွက်ကြီးအပူပေး အင်္ဂေ့ကျိုစက်များ (Heated Tobacco Products)၊ အီလက်ထရောနစ် ရှိုးရှား (Electronic Shisha) အပါအဝင် Bamboo Pipe၊ Hookha စသည့် ရေပြောင်းမျိုးစုံတို့ကို ဥပဒေထဲတွင် ထည့်သွင်းတားမြစ် ကန့်သတ်ထားခြင်းမရှိခဲ့ပါ။

ခေတ်ကာလအလျောက် ဆေးပေါ့လိပ်၊ ရိုးရိုးစီးကရက်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ဥပဒေဖြင့် တားမြစ်ရန် အကျုံးဝင်လင့်ကစား လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်း ဥပဒေသက်ရောက်မှု၊ အကောင်အထည်ဖော်မှုနှင့် ပြည်သူလူထု၏ ဥပဒေအပေါ် သိရှိနားလည်မှု၊ သဘောပေါက်မှုတို့မှာလည်း နည်းပါးသည့်အလျောက် အမြတ်အစွန်းကြီးမားစွာရရှိနေသော ဆေးလိပ်ကုန်ထုတ်လုပ်ငန်းအနေဖြင့် ကမ္ဘာတစ်ဝန်း နိုင်ငံများ၏ တားမြစ်ကန့်သတ်ချက်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို လက်တစ်လုံးခြောပြုလုပ်ကာ ဥပဒေ၏ ပျော့ကွက်၊ ယိုကွက်၊ ဟာကွက်များကို လှည့်ပတ်ရောင်ကွင်းပြီး မှားယွင်းသော သတင်းစကားများကို အခြေပြုကာ လိမ်လည်လှည့်ဖြား ကြော်ငြာခြင်း၊ စပွန်ဆာပေးကာ အရောင်းစျေးကွက်မြှင့်တင်ခြင်း၊ ဒီဂျစ်တယ်နည်းလမ်းသုံးကာ ဈေးကွက်ထိုးဖောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းတို့ဖြင့် အထက်ဖော်ပြပါ ခေတ်မီဆေးရွက်ကြီးထုတ်ကုန် ပစ္စည်းသစ်များနှင့် လူ၏ကျန်းမာရေးကို ထိခိုက်စေသည့် Vapes များစုံရောင်းချမှုများ၊ အီလက်ထရောနစ် အင်္ဂေ့ကျိုစက် (Electronic Smoking Devices) များတွင် ဖြည့်စွက်သည့် အရည်တောင့်၊ အရည်ဘူး (Cartridges) များကို ရောင်းချသော ဆိုင်များ မြို့ကြီးများအနှံ့ လျင်မြန်စွာ ပေါ်ပေါက်လာခဲ့ကြပါသည်။

သုံးစွဲသူအများစုမှာ ခေတ်နှင့်အတူ ရင်ပေါင်တန်းလိုသော၊ တက်ကြွသော၊ စမ်းသပ်လိုစိတ်ရှိသော၊ ဆန်းသစ်မှုကို တောင့်တမက်မောကြသော၊ သက်တူရွယ်တူချင်း အပြုအမူ ကူးစက်လွယ်သော ဆယ်ကျော်သက်လူငယ် လူရွယ်များ၊ ကျောင်းသားထုများအတွင်း သို့ ခေတ်မီနီကိုတင်းသုံးစွဲမှု အပြုအမူ ကူးစက်မှုများသည် ကပ်ရောဂါအသွင် လျင်မြန်စွာ ပျံ့နှံ့လာခဲ့ပါသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါအင်္ဂေ့ကျိုရှိုက်ခြင်းနှင့်ဆိုင်သော အီးစီးကရက်၊ ဆေးရွက်ကြီးအပူပေး အင်္ဂေ့ကျိုရိယာများ၊ အီလက်ထရောနစ် ရှိရှားအမျိုးအစား ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို အထူးကုန်စည်အဖြစ်သတ်မှတ်ကာ ရောင်းဝယ်ဖောက်ကားခြင်း၊ တင်သွင်းခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့ကို မပြုလုပ်ရန် လုံးဝပိတ်ပင်တားမြစ်အမိန့်ကြော်ငြာစာကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

ထိုသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်ခြင်းကြောင့် ရှိုလိုပေါက်ကာ တစ်ဟုန်ထိုးတိုးတက်ပေါ်ထွန်းလာသော Vape ဆိုင်များမှာ မတွေ့ရသလောက် ဖြစ်သွားသော်ငြား ရောင်းချသူနှင့် သုံးစွဲသူတို့အကြား ချိတ်ဆက်ပြီး လျှို့ဝှက်စွာ ရောင်းချမှု၊ သုံးစွဲမှုရှိနေနိုင်သေးသည်။

တားမြစ်အမိန့်ကြော်ငြာစာ မထုတ်မီက နိုင်ငံတွင်းသို့ ရောက်ရှိပြီး ဆိုင်တင် ရောင်းချနေသော Vape Devices များမှာ မနည်းလှသောအရေအတွက် ပမာဏ ရှိမည့်အပြင် ဈေးကွက်လိုအပ်ချက်အရ နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုများမှလည်း ထပ်မံဝင်ရောက် နိုင်သေးသည်ဖြစ်၍ ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို အမှန်တကယ် ထိခိုက်စေမည့် အထူးသဖြင့် လူငယ်ထုကို အန္တရာယ်ပြုနိုင်မည့် Vape ပစ္စည်း ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို အလေးထား နှိမ်နင်းတားဆီးရန် တာဝန်ရှိသည်နှင့်အမျှ တာဝန်ကျေပွန်စွာ ပိုင်းဝန်းပူးပေါင်းဆောင်ရွက် ပိတ်ပင်သွားရန်လည်း လိုအပ်လှပါသည်။

ပြည်တွင်းထုတ် ရိုးရိုးဆေးလိပ်ထဲတွင် ဆေးသားအဖြစ် ဆေးရိုးနှင့် ဆေးရွက်ကြီး အကျိုးအကြေများကို ရောနှောထည့်သွင်းပြီး ဆေးလိပ်ခုံများမှ ဆေးပေါ့လိပ်အဖြစ် လည်းကောင်း၊ ဆေးရွက်ကြီးကို အဓိကထားလိပ်ကြသည့် ဆေးပြင်းလိပ်ကိုလည်းကောင်း မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် ထုတ်လုပ်သောက်သုံးခဲ့ကြသည်။

မြန်မာ့ရိုးရာလူမှုဘဝ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်း ဧည့်ဝတ်ပြုတည်ခင်းရာတွင် အသုံးပြုခဲ့ပါသည်။ ရှေးယခင်က မည်သို့ပင် ရိုးရာဓလေ့ထုံးတမ်း၏ အစိတ်အပိုင်းဖြစ်ခဲ့သော်ငြား ယခုကဲ့သို့ ခေတ်မီတိုးတက်လာသော သိပ္ပံပညာနှင့် ဆေးပညာတွေ့ရှိချက်တို့အရ ဆေးရွက်ကြီးနှင့်ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်း၊ ဆေးလိပ်ငွေ့နှင့် အခြားဓာတ်ပစ္စည်းများသည် လူ၏ကျန်းမာရေးကို အထူးထိခိုက်ပြီး ဖြစ်ပွားစေနိုင်သော ကင်ဆာရောဂါအမျိုးမျိုး အပါအဝင် အခြားရောဂါများကြောင့် လူ့ဘဝအရည်အသွေးကို ထိခိုက်ခြင်း၊ အသက်တိုခြင်း၊ ရောဂါကုသစရိတ် ကြောင့် ရောဂါခံစားရသူနှင့် မိသားစုပတ်ဝန်းကျင်အသိုင်းအဝိုင်းအဖို့ ကုန်ကျစရိတ်အပြင် နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေးကုသမှုစရိတ်များစွာ ကုန်ကျထိခိုက်ခြင်းကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်မသောက်သုံးရန် ကြိုးပမ်းခြင်း၊ သောက်သုံးနေပါက လည်း ဖြတ်တောက်ရန် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်လာပါသည်။

ထိုစွဲလမ်းမှုပြဿနာများ၏ အရင်းခံမှာ ဆေးရွက်ကြီးတွင် သဘာဝအလျောက် ပါဝင်သည့် နီကိုတင်းဓာတ်ကြောင့် ဖြစ်ပါသည်။

ဆေးရွက်ကြီးထိန်းချုပ်မှု ဥပဒေများ အားကောင်းလာမှုကြောင့် နောက်ပိုင်းတွင် ဆေးရွက်ကြီးတွင်ပါဝင်သော သဘာဝနီကိုတင်းထုတ်လုပ်မှု လျော့ချနေကြသည်ဆိုသော်ငြားလည်း ဓာတ်ခွဲခန်းထုတ် နီကိုတင်း (Synthetic nicotine)များကိုပါ ပြောင်းလဲထုတ်လုပ်လာကာ နီကိုတင်းထုတ်ကုန်သစ်များ ဖန်တီးရန်အတွက် ဆေးလိပ်ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ကြံစည်ကြိုးပမ်းလာကြသည်ကို တွေ့ရှိနေရပါသည်။

သဘာဝအတိုင်း နီကိုတင်းပါဝင်သောဆေးရွက်ကြီးမှ ယခင်ကဆေးပေါ့လိပ်၊ စီးကရက်များ ထုတ်လုပ်ရန်သာ သုံးစွဲခဲ့ကြသော်လည်း ယခုအခါ နီကိုတင်းဓာတ်ကို ခန္ဓာကိုယ်ထဲသို့ လျင်မြန်စွာနှင့် ညှင်သာစွာ ပို့ဆောင်ပေးသည့်ထုတ်ကုန်သစ်များစွာကို ဆေးလိပ်ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ထိထွင်ကာ ထွက်ပေါ်လာလျက်ရှိကြောင်းလည်း တွေ့ရှိနေရပါသည်။

(၁) အီးစီးကရက်ခေါ် အီလက်ထရောနစ်စီးကရက်။ လူ၏ကျန်းမာရေးကို ထိခိုက်စေသော နီကိုတင်းနှင့် အခြားဓာတုပစ္စည်းများပါဝင်သည့်အရည်ကို အီလက်ထရောနစ်နည်းစနစ်ဖြင့် အပူပေးပြီး ရှိုက်နိုင်သော ငွေ့ရည်မှုန်အဖြစ် ပြောင်းလဲပေးသည့် ကိရိယာဖြစ်ပါသည်။

(၂) ဆေးရွက်ကြီးအပူပေးအင်္ဂေ့ကျိုကိရိယာများ။ ဆေးရွက်ကြီးကို မီးမရှို့ဘဲ အပူပေးပြီး ရှိုက်သည့်ထုတ်ကုန် ကိရိယာဖြစ်ပါသည်။ သမားရိုးကျ စီးကရက်ထက် အန္တရာယ်ရှိသော ဓာတ်ပစ္စည်းများနည်းနိုင်သည်ဟု အကြောင်းပြနိုင်သော်လည်း ဘေးအန္တရာယ် ကင်းသည်ဟုမဆိုနိုင်ပါ။

(၃) ဆေးလိပ်ဖြတ်ရန် သုံးစွဲသော အစားထိုး နီကိုတင်းထုတ်ကုန်များ။ ဆေးလိပ်၊ စီးကရက်စွဲလမ်းမှုကို ဖြတ်တောက်ရန်အတွက် သုံးစွဲသောနီကိုတင်းပါဝင်မှုရာခိုင်နှုန်းနည်းသော ဆရာဝန်၏ အကြံပြုချက်ဖြင့် နီကိုတင်းအစားထိုးကုသမှုအဖြစ် သုံးစွဲသည့် နီကိုတင်းကပ်ခွာပြား (Nicotine Patch)၊ နီကိုတင်းပါးဆေး (Nicotine Gum)နှင့် နီကိုတင်းဒုံဆေး (Nicotine Lozenges) များလည်း ရှိသေးသော်ငြား မိမိတို့မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်စွာအသုံးပြုမှုမရှိသေးပါ။

(၄) နီကိုတင်းဒုံဆေး အိတ်ငယ်များ (Nicotine Pouches)။ နှုတ်ခမ်းနှင့် သွားဖုံးကြားထားရှိသုံးစွဲသည့် နောက်ဆုံးပေါ် နီကိုတင်းထုတ်ကုန်တစ်ခုဖြစ်ပြီး လူငယ်ထုအကြား အချိန်တိုအတွင်း ခေတ်စားလာသည့် ပစ္စည်းတစ်ခုဖြစ်ပါသည်။ သစ်ပင်ဖုရသော သစ်သားကို အခြေခံပြီး အလွှစ်ပါးလွှာစွာ ပြုလုပ်ထားသော အိတ်ငယ်လေးအတွင်း နီကိုတင်းမှုန့်ကို ဆွဲဆောင်မှုရှိစွာ ထုံးကဲ့သော အနှံ့အရသာများဖြင့်ဈေးကွက်အလိုက် ထုတ်လုပ်ထားသည့် နီကိုတင်းဒုံဆေး အိတ်ငယ်များဖြစ်ပြီး နီကိုတင်းပြင်းအား အနည်းအများ လိုအပ်သလိုထုတ်လုပ်ရရှိနိုင်ပါသည်။

ဒီဂျစ်တယ်ဈေးကွက် ဖော်ဆောင်နည်းစနစ်ကိုအသုံးပြုပြီး ကမ္ဘာအနှံ့ ခြေဆန့်လာနေသော လူငယ်ထုကို အထူးဆွဲဆောင်မှုရရှိသည့် ထုတ်ကုန်အဖြစ် ပေါ်ထွန်းလာလျက်ရှိပါသည်။

နီကိုတင်း ဒုံဆေးထုပ်ငယ်လေးများမှာ အင်္ဂေ့မထွက်ခြင်း၊ ပါးစပ်အတွင်း နှုတ်ခမ်းနှင့် သွားဖုံးကြား မည်သူမျှ မသိအောင် ထည့်ထားနိုင်သည့်အပြင် ခံတွင်း၌ တံတွေးနှင့် ထိတွေ့သည်နှင့် နီကိုတင်းဓာတ်ကို ခံတွင်းအမြှေးပါးမှ တစ်ဆင့် သွေးကြောအတွင်း စက္ကန့်ပိုင်းအတွင်း ရောက်ရှိနိုင်ပြီး အာနိသင်ပြန်ရှိရမှုမက ထွေးထုတ်ပစ်ရန်လည်း မလိုအပ်ဘဲ အိတ်ငယ်နှင့်တကွ နီကိုတင်းမှုန့်ပါ အလိုလိုကုန်ခန်းသွားသဖြင့် စာသင်ခန်း၊ ကျောင်းပရဝုဏ်၊ အစည်းအဝေးခန်းမနှင့် အများပြည်သူနှင့် ဆိုင်သောနေရာများတွင်ပါ သုံးစွဲရန် အဆင်ပြေသဖြင့် ကြီးစွာသော အန်ရောင်အဆင့်အန္တရာယ် နီကိုတင်းမြိမ်းခြောက်မှုဖြစ်လာစေပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက အီလက်ထရောနစ် စီးကရက်၊ ဆေးရွက်ကြီးအပူပေးအင်္ဂေ့ကျိုကိရိယာ အီလက်ထရောနစ်ရှိရှားနှင့် အလားတူပစ္စည်းကိရိယာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများတင်သွင်းမှု၊ ရောင်းချမှု၊ သိုလှောင်သိမ်းဆည်းမှု၊ သုံးစွဲမှု၊ လက်ဝယ်ထားရှိမှု၊ ကြော်ငြာခြင်း၊ ဈေးကွက်အရောင်းမြှင့်တင်မှုတို့ ပိတ်ပင်ထားသည့်အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း ဒီဂျစ်တယ်ဈေးကွက် ဖော်ဆောင်ခြင်းအတွက် ကြော်ငြာမည့်ပစ္စည်းကို မှတ်ပုံတင်ရန် ညွှန်ကြားထားလင့်သကား တရားမဝင် ကုန်သွယ်မှုနည်းလမ်းဖြင့် တင်သွင်းရောင်းဝယ်မှုများရှိလာနိုင်သဖြင့် အထူးအလေးထားဂရုပြုကာ သက်ဆိုင်ရာဌာနအဖွဲ့စည်းများက ကြပ်မတ်တားမြစ်ရန် တာဝန်ရှိပါသည်။

နီကိုတင်းထွက်ကုန်များကို ဘာကြောင့် တားမြစ်သင့်သလဲ

နိုင်ငံတော်က မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားသော ဘိန်းမည်း၊ ဘိန်းဖြူ၊ ကိုကင်း၊ ဖက်သင်း၊ ဆေးခြောက်စသည့် စွဲလမ်းမှုကြီးမားစွာဖြစ်ပြီး ယင်းတို့အပေါ် မှီခိုမှု အလွန်အမင်းဖြစ်ပေါ်စေကာ လူတို့၏စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ **စာမျက်နှာ ၂၃ သို့**

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပုဂံမာရသွန်အပြေးပြိုင်ပွဲ ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရားတောင်ဘက်မုခ်ကွင်းပြင်၌ ပုဂံမာရသွန်ပြိုင်ပွဲကျင်းပခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၅ နာရီခွဲတွင် စတင်တာလွှတ်ကျင်းပသည်။

ပုဂံမာရသွန်အပြေးပြိုင်ပွဲကို ၁၀ ကီလိုမီတာ၊ ၂၁ ကီလိုမီတာနှင့် ၄၂ ကီလိုမီတာပြိုင်ပွဲများ ကျင်းပခဲ့ပြီး ကီလိုမီတာတန်းအပြေးပြိုင်ပွဲများကို နံနက် ၅ နာရီ ၄၀ မိနစ်တွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီယာယီဥက္ကဋ္ဌ ဦးဇေဗိုင်ထက်၊ ဒုတိယဗိုလ်မှူးကြီး သော်ထိုက်နှင့်ခရိုင်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က အလံများလွှဲယမ်းကာ တာလွှတ်ပေးကြသည်။ အဆိုပါ ပုဂံမာရသွန်ပြိုင်ပွဲတွင် ၁၀ ကီလိုမီတာတန်း၌ အမျိုးသား၊ အမျိုးသမီး ၅၈၆ ဦး၊ ၂၁ ကီလိုမီတာတန်း၌ အမျိုးသား၊ အမျိုးသမီး ၃၉၂ ဦး၊ ၄၂ ကီလိုမီတာတန်း၌ အမျိုးသား/အမျိုးသမီး ၁၂၅ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၁၁၀၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်ပအပြေးသမား ၃၉ ဦး ပါဝင်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲတွင် ၁၀ ကီလိုမီတာ အမျိုးသားနှင့် အမျိုးသမီး ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ် နှစ်သိန်း၊ စတုတ္ထဆု ကျပ် တစ်သိန်း၊ ပဉ္စမဆု ကျပ် တစ်သိန်း၊ ဆဋ္ဌမမှ ဒသမ တန်းဝင်များအား ကျပ်တစ်သိန်း၊ ၂၁ ကီလိုမီတာတန်းတွင် အမျိုးသားနှင့်အမျိုးသမီး ပထမဆု ကျပ် ခုနစ်သိန်း၊ ဒုတိယဆု ကျပ် ငါးသိန်း၊ တတိယဆု ကျပ် သုံးသိန်း၊ စတုတ္ထဆု ကျပ် တစ်သိန်းခွဲ၊ ပဉ္စမဆု ကျပ် တစ်သိန်းခွဲ၊ ၄၂ ကီလိုမီတာတန်းတွင် အမျိုးသား/အမျိုးသမီး ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ် ခုနစ်သိန်း၊ တတိယဆုကျပ် ငါးသိန်း၊ စတုတ္ထဆု ကျပ် နှစ်သိန်း၊ ပဉ္စမဆု ကျပ်နှစ်သိန်းနှင့် ကုမ္ပဏီများမှ လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း





ပဲခူးမြို့၌ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံး တည်ဆောက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး တည်ဆောက်သွားမည် ဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါရုံး တည်ဆောက်မည့် မြေနေရာ၊ လှိုင်းနှုန်းစဉ်တိုင်းတာရေးစခန်း တည်ဆောက်မည့် မြေနေရာနှင့် ဘုရားကြီးဆက်သွယ်ရေးစခန်း တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာရုံးတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လှိုင်းနှုန်းစဉ် တိုင်းတာရေးစခန်းအတွက် ရုံး၊ စက်မှုအဆောက်အအုံနှင့် တာဝါတိုင်များ တည်ဆောက်မည့် လျာထားချက်များကို လုပ်ငန်း သဘာဝနှင့် ကိုက်ညီမည့်ဒီဇိုင်း ရေးဆွဲတည်ဆောက်ရန်၊ လျှပ်စစ်မီးနှင့် ရေရရှိရေးတို့ကို ကြိုတင် ပြင်ဆင် ဆောင်ရွက်သွားရန်၊ ဆက်လက်၍ ပဲခူးမြို့တွင်း ရှုပ်ထွေးနေသော ကေဘယ်လ်ကြိုးများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပူးပေါင်း ရှင်းလင်းဆောင်ရွက်သွားကြရန်၊ အဝေးဆက်သွယ်မှု ဆက်ကြောင်းများ မပြတ်တောက်စေရေးအထူးအလေးထား ဆောင်ရွက်သွားရန်၊ ဆက်သွယ်ရေးဆက်ကြောင်းများ အစဉ်ကောင်းမွန်စေရေးအတွက် လိုအပ်သည့် အရန်ဆက်ကြောင်းများကို ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

တပ်ကုန်းမြို့နယ်၌ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲ ဒုတိယရက် ဆက်လက်ယှဉ်ပြိုင်

တပ်ကုန်း နိုဝင်ဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် တတိယအကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈နာရီခွဲက မြို့နယ်ပြည်သူအားကစားကွင်းတွင် ဒုတိယရက်ဆက်လက်ကျင်းပသည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ နွားလှည်းယဉ်ကြေးနှင့်နွားအလှများဖြစ်သည့် လှည်းအစီးရေ ၂၀ ပါဝင်ယှဉ်ပြိုင်၍ (A)အုပ်စုနှင့်(B)အုပ်စု အဖြစ် အုပ်စုခွဲယှဉ်ပြိုင်ကာ ပထမရက်နှင့် ဒုတိယရက် ယှဉ်ပြိုင်ခဲ့သည့် (A)နှင့်(B)အုပ်စုများမှ အမှတ်ပေးစနစ်ဖြင့် ဆန်ခါတင်နွားလှည်းယဉ်ကြေးနှင့် နွားအလှ ၁၀ စီး ရွေးချယ်ပြီး ရွေးချယ်ခံခဲ့ရသည့် လှည်း ၁၀ စီးကို နိုဝင်ဘာ ၂၃ ရက်တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀၊ တတိယဆုငွေကျပ်သိန်း ၂၀၊ အထူးဆုများနှင့် နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ဝင်တိုင်းကိုလည်း ချီးမြှင့်ငွေများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်



◍ စာမျက်နှာ ၂၂ မှ

အရည်အသွေးကို အလွန်နိမ့်ပါးစေသည့် အရာများနှင့် လူတို့၏ စိတ်ကိုပြောင်းလဲရှုးသွပ်စေသော စိတ်ကြွဆေး၊ စိတ်ထဆေးကဲ့သို့သော ဆေးဝါးအမျိုးမျိုးကို သုံးစွဲ၊ ရောင်းချ၊ သယ်ယူ သိုလှောင်၊ လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် တားမြစ်ထားပြီး ပြင်းထန်သောပြစ်ဒဏ်များကို ချမှတ်ထားသော်ငြားလည်း လူ၏ကျန်းမာရေးကို အထူးထိခိုက်ရုံမျှမက စွဲလမ်းမှုနှင့် မိုက်မှုကို ဖြစ်ပွားစေသည့် တရားဝင်သုံးစွဲ၊ တင်သွင်း၊ ထုတ်လုပ်၊ ရောင်းချ၊ သိုလှောင်နိုင်သော နိုက်တင်းပါဝင်သည့် ဆေးလိပ်၊ စီးကရက်နှင့် အခြားနီကိုတင်းပါဝင်သည့် ထုတ်ကုန်များမှာ ပြင်းထန်သည့်ဥပဒေဖြင့် အရေးယူမှုမှ ကင်းလွတ်နေသည့်တစ်ခု တည်းသောအရာဖြစ်နေသေးသည်ကို တွေ့ရှိနေရဆဲဖြစ်ပါသည်။

နီကိုတင်းကို သုံးစွဲခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ဆိုးကျိုးအန္တရာယ်များစွာထဲမှ အဓိကမြင်သာသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စွဲလမ်းမှုမြင့်မားခြင်း။ နီကိုတင်းသည် ဦးနှောက်ရှိ ပစ်ကျူထရီဂလင်းကို လှုံ့ဆော်ခြင်းဖြင့် ဒိုပါမင်းဓာတ်ထွက်ပေါ်လာစေပါသည်။ ယင်းဒိုပါမင်းဓာတ်သည် အားပြင်းသည့် စိတ်ကြွဆေးဖြစ်ပြီး တဒင်္ဂအားဖြင့် နေထိုင်ကောင်းသည်၊ သောကကိုပြေပြင်မိစေသည်ဟု ခံစားမှုအတုကို ဖြစ်ပေါ်စေသော်လည်း ဆက်တိုက်သုံးစွဲခြင်းဖြင့် အချိန်တို အတွင်း ပြင်းထန်သောမှီခိုမှုကို ဖြစ်ပေါ်စေတတ်သည်။

(ခ) နှလုံးသွေးကြောဆိုင်ရာသက်ရောက်မှုများ။ နီကိုတင်းသည် နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်ကို မြင့်မားစေသည်။

(ဂ) ခံတွင်းကလာပ်စည်းပြောင်းလဲမှုများ။ နီကိုတင်းငုံဆေးထုပ်ငယ်များကို သုံးစွဲပါက ပါးစပ်အတွင်း ထည့်သွင်းထားရှိရာနေရာ၌ ရေရှည်တွင် အနာဖြစ်ပေါ်စေပြီး ထိတွေ့ရာနေရာ၌ ခံတွင်းကလာပ်စည်း ပြောင်းလဲမှုများလည်း နောက်ဆက်တွဲ ဖြစ်ပေါ်စေပါသည်။

(ဃ) ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် သက်ရောက်ထိခိုက်ခြင်း။ မွေးစမှအသက် ၂၅ နှစ်ခန့်အထိ လူငယ်လူရွယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် နီကိုတင်း၏ သက်ရောက်မှုကြီးမားပြီး နောက်ဆက်တွဲလက္ခဏာများလည်း ဖြစ်ပေါ်စေပါသည်။

(င) ဆေးလိပ်ဖြတ်စက်၊ ဆေးလိပ်ဖြတ်ရန် ပစ္စည်းဟုကြော်ငြာသဖြင့် ယုံမှတ်သုံးစွဲကြမှု။ နီကိုတင်းပါဝင်သည့် အီးစီးကရက်၊ ဆေးရွက်ကြီး အပူပေးအငွေ့ရှူကိရိယာ၊ အီလက်ထရောနစ် ရှိရှား စသည့် အီလက်ထရောနစ် အငွေ့ရှူစက် အမျိုးမျိုးတို့သည် ကြီးမားစွာ အဖြတ် အစွန်းရနေသည့် ဆေးလိပ်ကုန်ထုတ်လုပ်ငန်းမှ အလွဲကြော်ငြာမှုအဖြစ် လူငယ်များတွင်ကျယ်စွာ အသုံးပြုသည့် ဆေးလိပ်ဖြတ်စက်၊ ဆေးလိပ်ဖြတ်ရန် ပစ္စည်း အမှန်တကယ်မဟုတ်ပါ။

> **ဆေးလိပ်နှင့်စီးကရက်မှတစ်ဆင့် ထပ်ဆင့်ထိထွင်လာသည့် အီးစီးကရက်၊ ဆေးရွက်ကြီးအပူပေးအငွေ့ရှူကိရိယာ၊ အီလက်ထရောနစ် ရှိရှားအပါအဝင် အီလက်ထရောနစ်စနစ်သုံး ရေပြောင်းအမျိုးမျိုးနှင့် ထပ်မံပေါ်ထွန်းလာသည့် နီကိုတင်းငုံဆေးထုပ်ငယ်များမှာ လူငယ်ထု၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်အနှံ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေရုံသာမက နီကိုတင်းစွဲလမ်းမှီခိုမှုကိုလည်း ဖြစ်ပွားစေသည့် အနီရောင်အဆင့်အန္တရာယ်တစ်ခု ဖြစ်လာနေပြီဖြစ်ကြောင်းနှင့် အသိ၊ သတိကိုအခြေခံ၍ စတင်မသုံးစွဲမိစေရန်နှင့် သုံးစွဲနေသောသူများအနေဖြင့်လည်း အမြန်ဆုံးဖြတ်တောက်နိုင်ကြစေရေး၊ ဥပဒေအရလည်း အားဖြည့်ဆောင်ရွက်ပြီး ပညာပေးရေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုအပ်**

အချုပ်အားဖြင့်ဆိုရသော် **ဆေးလိပ်နှင့် စီးကရက်မှတစ်ဆင့် ထပ်ဆင့်ထိထွင်လာသည့် အီးစီးကရက်၊ ဆေးရွက်ကြီးအပူပေးအငွေ့ရှူကိရိယာ၊ အီလက်ထရောနစ် ရှိရှား အပါအဝင် အီလက်ထရောနစ်စနစ်သုံး ရေပြောင်းအမျိုးမျိုးနှင့် ထပ်မံပေါ်ထွန်းလာသည့် နီကိုတင်းငုံဆေးထုပ်ငယ်များမှာ လူငယ်ထု၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်အနှံ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေရုံသာမက နီကိုတင်းစွဲလမ်းမှီခိုမှုကိုလည်း ဖြစ်ပွားစေသည့် အနီရောင်အဆင့်အန္တရာယ်တစ်ခုဖြစ်လာနေပြီဖြစ်ကြောင်းနှင့် အသိ၊ သတိကိုအခြေခံ၍ စတင်မသုံးစွဲမိစေရန်နှင့် သုံးစွဲနေသောသူများအနေဖြင့်လည်း အမြန်ဆုံးဖြတ်တောက်နိုင်ကြစေရေး၊ ဥပဒေအရလည်း အားဖြည့်ဆောင်ရွက်ပြီး ပညာပေးရေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်လျက် ရေးသားလိုက်ရပါသည်။ ။**



၁ ရေကို ကြိုတင်စီမံပါ

- တိရစ္ဆာန်အလိုက် နေ့စဉ်ရေလိုအပ်ချက်တွက်ချက်ပါ။
- အရေးပေါ်သုံးရေကို အနည်းဆုံး ၇ရက်စာသိုလှောင်ပါ။
- ရေတွင်း၊ ရေကန်၊ ဆည်၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များကို စစ်ဆေးပါ။
- ရေစုပ်စက်၊ ပိုက်လိုင်း၊ ရေတိုင်ကီနှင့် အရန်လျှပ်စစ် စနစ်များကို ကြိုတင်ပြင်ဆင်ပါ။
- မြို့နယ်အလိုက် ရေအရင်းအမြစ်ရရှိမည့်မြေပုံ ရေးဆွဲထားပါ။





၂ ရောဂါကိုကြိုတင်ကာကွယ်ပါ

- လိုအပ်သောကာကွယ်ဆေးများကိုကြိုတင်ထိုးနှံပါ။
- မွေးမြူရေးခြံအဝင်/အထွက်ထိန်းချုပ်ခြင်းနှင့် ဇီဝလုံခြုံမှုကို စနစ်တကျဆောင်ရွက်ပါ။
- ကာကွယ်ဆေးသိုလှောင်မှု (Cold Chain အပါအဝင်) ကို စနစ်တကျဆောင်ရွက်ပါ။
- ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းများရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ဆိတ်ပလိပ်ရောဂါများကို ကာကွယ်ပါ။
- သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။



၃ အစာကို ကြိုတင်သိုလှောင်ပါ

- ဒေသနှင့်ကိုက်ညီသော အစာစိမ်းပင်များကို ကြိုတင်စိုက်ပျိုးပါ။
- မြက်ခြောက်နှင့် မြက်/ပြောင်းချဉ်ဖတ်ပြုလုပ် သိုလှောင်ပါ။
- အစာကြမ်း ၃ လစာ အရန်စီမံထားရှိပါ။
- ပြောင်း၊ ဆန်ဖွဲ၊ ပဲဖတ်နှင့် ဆီကြိတ်ဖတ် အပါအဝင် အစာကုန်ကြမ်းများကို ကြိုတင်စုဆည်းပါ။
- အစာများကို မို့ဆိပ်၊ ခဲဆိပ်အန္တရာယ် မရှိအောင် ကာကွယ်ပါ။





၄ အပူဒဏ်မှ ကာကွယ်ပါ

- အရိပ်၊ လေဝင်လေထွက်ကောင်းမွန်မှုနှင့် သန့်ရှင်းသော သောက်ရေကို စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်သည့်နေရာများတွင် ပန်ကာနှင့် အအေးပေးစနစ်များ တပ်ဆင်ပါ။
- အပူချိန်မြင့်မားချိန်တွင် တိရစ္ဆာန်များအား ခိုင်းစေခြင်း၊ လွတ်ကျောင်းခြင်းနှင့် သယ်ယူခြင်း မပြုရ။
- အစာကို နံနက်စောစောနှင့် ညနေပိုင်းတွင် ကျွေးပါ။
- တိရစ္ဆာန်များကို လုံလောက်သော အကျယ်အဝန်းတွင် ထားရှိပါ။





၅ အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားပါ

- မီးစက်၊ ရေစုပ်စက်နှင့် ပန်ကာများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြို့နယ်အလိုက် တိရစ္ဆာန်အရေအတွက်၊ ရေအရင်းအမြစ်၊ အစာအရင်းအမြစ်နှင့် အန္တရာယ်ရှိသော ဒဏ်များကို စာရင်းပြုစုပါ။
- အပူချိန်၊ စိုထိုင်းဆ၊ အစာစားနှုန်း၊ ထုတ်လုပ်မှုနှင့် သေဆုံးမှုများကို နေ့စဉ်စောင့်ကြည့်ပါ။
- ရောဂါသံသယရှိပါက သတင်းပို့ခြင်း၊ စစ်ဆေးခြင်း၊ နမူနာရယူခြင်း၊ စစ်ဆေးဖိုင်ရန် ဓာတ်ခွဲခန်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားပါ။





"ရေရှိမှ မွေးမြူနိုင်မည်။ အစာရှိမှ ထုတ်လုပ်နိုင်မည်။ ကြိုတင်ပြင်ဆင်မှ ဆုံးရှုံးမှုလျော့နည်းမည်"



မြဝတီမြို့ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြဝတီ နိုဝင်ဘာ ၂၂

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း တည်ထောင်သူ ဦးသန်းရွှေ၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမင်းခင်က အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် မြဝတီမြို့နယ်ရှိ အမှတ်(၁)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(မြေနီကုန်း)မှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ခဲ့ရာ Level - 1 တွင် Grade - 4 မှ ကျောင်းသား ကျောင်းသူများ၊ Level - 2 တွင် Grade - 5၊ Grade - 6 မှ ကျောင်းသား ကျောင်းသူများ၊ Level - 3 တွင် Grade - 7၊ Grade - 8 မှ ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကြသည်။

ထို့နောက် တာဝန်ရှိသူများက Level အလိုက် ပထမဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ငွေကျပ် သုံးသိန်း၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လူငယ်စာပေကလပ်ဖွဲ့စည်းခြင်းနှင့် စာဖတ်ပိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ “စာဖတ်သူလူငယ်များ၏အနာဂတ် တောက်ပရမည်” (Young Readers , Bright Future) အစီအစဉ်ကို ယမန်နေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါအစီအစဉ်တွင် လူငယ်များအနေဖြင့် စာပေလှုပ်ရှားမှုများ ဖြစ်သည့် စာဖတ်ပိုင်းများ၊ စာအုပ်သုံးသပ်ချက်များ၊ စာအုပ်ဖတ်ရှုမှု စိန်ခေါ်ပွဲများ၊ ပြပွဲပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် “လူငယ်စာပေကလပ်”ကို ဖွဲ့စည်းကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးသက်ဝေ (စာရေးဆရာ သက်ဝေမောင်)က ကျောင်းသား ကျောင်းသူ လူငယ်များ စာအုပ်သုံးသပ်မှုများနှင့် လူငယ်စာဖတ်ပိုင်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရေး စာရေးဆရာ မှော်ဝန်းသီဟ ရေးသားသော လူငယ်နှင့် ဂိမ်းထောင်ချောက် စာအုပ်ဖြင့် စာဖတ်ပိုင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ငွေဆောင်မြို့ ပြည်သူ့စာကြည့်တိုက်၌ ကလေးတိုင်းစာဖတ်သူဖြစ်စေရမည်အစီအစဉ် ဆောင်ရွက်

ငွေဆောင် နိုဝင်ဘာ ၂၂

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့တွင် ကလေးငယ်များ ငယ်စဉ်ကတည်းက စာဖတ်ခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာပေဖတ်ရှုလေ့လာခြင်းကို စိတ်ပါဝင်စား နှစ်သက်လာစေရန်နှင့် ကလေးများ၏ တွေးခေါ်ဆင်ခြင်နိုင်စွမ်း၊ စိတ်ကူးစိတ်သန်းနှင့် ဖန်တီးနိုင်စွမ်းများ တိုးတက်လာစေရန် ရည်ရွယ်၍ “ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်” အစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ငွေဆောင်မြို့ရုံးမှ စာကြည့်တိုက်လက်ထောက်(၃)က ကလေးငယ်များအား အသက်အရွယ်နှင့် လိုက်လျောညီထွေသည့် ပုံပြင်များကို စိတ်ဝင်စားဖွယ် ပြောပြပြီး ပုံပြင်နားထောင်ခြင်း မှတစ်ဆင့် စာပေဖတ်ရှုခြင်းအပေါ် စိတ်ဝင်စားမှု ရှိလာစေရန်နှင့် ပုံပြင်များတွင်ပါဝင်သည့် အသိပညာ၊ ဗဟုသုတနှင့် ကိုယ်ကျင့်တရားဆိုင်ရာ သင်ခန်းစာများကို နားလည် သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကလေးငယ်များက ပုံပြင်တွင် ပါဝင်သည့် ဇာတ်ကောင်များ၏ အကြောင်းအရာ၊ လုပ်ဆောင်ချက်များနှင့် ပုံပြင်မှရရှိသည့် သင်ခန်းစာများကို မိမိတို့နားလည် သဘောပေါက်သည့် အတိုင်း ပြန်လည်ပြောပြပြီး ပုံပြင် နားထောင်ပြီး ရရှိလာသည့် စိတ်ကူးစိတ်သန်းများကို အခြေခံကာ ပုံပြင်နှင့်သက်ဆိုင်သည့် ရုပ်ပုံများကို မိမိတို့စိတ်ကြိုက် ရေးဆွဲကြသည်။



ထို့ပြင် မိဘများအနေဖြင့် ကလေးငယ်များ၏ စာဖတ်ဝါသနာကို အိမ်တွင်းမိသားစု ပတ်ဝန်းကျင်မှ စတင်ပျိုးထောင်ပေးနိုင်စေရန် ရည်ရွယ်၍ အိမ်တွင် ကလေးများနှင့်အတူ စာဖတ်ခြင်း ဆိုင်ရာ နည်းလမ်းများ၊ ကလေးများနှင့်အတူ စာအုပ်ဖတ်ရှုရာတွင် လိုက်နာ ဆောင်ရွက်သင့်သည့် အချက်များနှင့် စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် မိဘများက ပါဝင်အားပေးနိုင်မည့် နည်းလမ်းများပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့







အမျိုးသားပြတိုက် (နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ မိတ္ထီလာမြို့နယ်မှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

မိတ္ထီလာ နိုဝင်ဘာ ၂၂

မိတ္ထီလာခရိုင် ကျောင်းပြင်ပလေ့လာရေးခရီးစဉ် ကြီးကြပ်မှုဦးစီးကော်မတီနာယက ခရိုင်စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်မြင့်ဦး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုဝင်ဘာ ၂၁ ရက်က အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ မိတ္ထီလာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာသည်။

လေ့လာရေးခရီး လာရောက်သည့် မိတ္ထီလာမြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူ ဆရာ ဆရာမများ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)မှ တာဝန်ရှိသူများက လှိုက်လဲ့ပျူငှာစွာကြိုဆိုခဲ့ကြပြီး ပြတိုက်များတွင် ခင်းကျင်းပြသထားသည့် ပြခန်းများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ကျောင်းသား ကျောင်းသူများ လာရောက် လေ့လာဖူးမြော်

သာကေတ နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးဌဲ့ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ယမန်နေ့နံနက်ပိုင်းက အထက (၁) သာကေတမှ ကျောင်းသား ကျောင်းသူများက လာရောက်လေ့လာဖူးမြော်သည်။

ထိုကဲ့သို့ လေ့လာဖူးမြော်ရာတွင် ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်ရေးဆရာမများနှင့်အတူ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၏သမိုင်းကြောင်းနှင့် ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များကို လေ့လာကြသည်။

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ်ပြခန်းများ၊ သမိုင်းဝင်ပြခန်းများနှင့် ပြကွက်များကို ကျောင်းသား ကျောင်းသူများအပြင် အများပြည်သူများ လာရောက်လေ့လာဖူးမြော်လျက်ရှိပြီး အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)





အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ သွားရောက် လေ့လာဖူးမြော်

မင်္ဂလာတောင်ညွန့် နိုဝင်ဘာ ၂၂

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးဌဲ့ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များကို ပြသထားသည့် ပြကွက်နှင့် ပြခန်းများကို ယနေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက သွားရောက်



လေ့လာဖူးမြော်ကြသည်။

ထိုသို့ လေ့လာဖူးမြော်ရာတွင် မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တို့သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ သမိုင်းကြောင်းနှင့် ဆက်စပ်သည့် ပြခန်းများ၊ ပြကွက်များကို စိတ်ဝင်တစား လေ့လာဖူးမြော်ခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းများ၊ သမိုင်းဝင်ပြခန်းများနှင့် ပြကွက်များကို ကျောင်းသား ကျောင်းသူများအပြင် အများပြည်သူများ လာရောက်လေ့လာ ဖူးမြော်လျက်ရှိပြီး အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်မြတ်အေး(ပြန်/ဆက်)



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက် ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

သန်လျင်မြို့နယ်မှ ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက်သို့ လေ့လာရေးခရီး သွားရောက်

သန်လျင် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ သည် ကြီးကြပ်ဆရာ ဆရာမလေးဦးနှင့်အတူ ယမန်နေ့နံနက်ပိုင်းက အမျိုးသားပြတိုက်(ရန်ကုန်)သို့ လေ့လာရေးခရီး သွားရောက်ကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိလေးက ကျောင်းသား



ကျောင်းသူများအား ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့သမိုင်းကြောင်းဆိုင်ရာအထောက်အထားပစ္စည်းများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ တိုင်းရင်းသားပစ္စည်းများ၊ ရှေးခေတ်မှုန်းတိုင်၏ ဝတ်စုံများ၊ ရှေးဟောင်းပုရပိုက် စာချွန်တော်နှင့် တံဆိပ်တုံးများ၊ ပြာသာဒ်ဟာဠ၊ သလွန်၊ ညောင်စောင်း စသည့်ထီးသုံးနန်းသုံးအဆောင်အယောင်များ၊ ရှေးဟောင်းဒင်္ဂါးများ၊ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးခေတ်မြန်မာဘုရင်များ၏ အသုံးအဆောင်ပစ္စည်းများ မပျောက်ပျက်အောင် ထိန်းသိမ်းထားရှိမှုအကြောင်းကို ရှင်းလင်းပြသသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းပစ္စည်းများ၊ အနုပညာလက်ရာများနှင့် သမိုင်းဝင်အမွေအနှစ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ယခုကဲ့သို့ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်ခန်းအတွင်း သင်ယူလေ့လာထားသည့် အသိပညာများကို လက်တွေ့မြင်တွေ့ခွင့်ရရှိစေပြီး မြန်မာ့သမိုင်း၊ ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလိုသည့် အသိစိတ်ဓာတ်များ တိုးပွားလာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း

မြန်မာနိုင်ငံအုပ်ချုပ်ပုံသမိုင်း



ဒေါက်တာမြင့်သိန်း၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော မြန်မာနိုင်ငံ အုပ်ချုပ်ပုံသမိုင်း စာအုပ်သည် မြန်မာမင်းများ လက်ထက်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အုပ်ချုပ်ပုံ (၂၀၁၀-၂၀၁၄)အထိ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံသမိုင်း အဆင့်ဆင့်ပြောင်းလဲလာပုံသမိုင်းကို မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်းကို လေ့လာနေသော သုတေသီများ၊ မျိုးဆက်သစ်စာဖတ်သူများ ဖတ်ရှု၍ ဗဟုသုတရရှိစေရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ပုံသမိုင်းအကြောင်း မည်သို့ဖြစ်ပေါ်လာသည်၊ မည်ကဲ့သို့ အုပ်ချုပ်ရသည်၊ မည်သို့ဖွဲ့စည်းထားသည်များကို အလေးထားဖော်ပြထားပါသည်။ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မြန်မာမင်းများလက်ထက်တွင် စည်းစနစ်ကျစွာ ပုံစံကျနစွာ ဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။ ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံကို ဗြိတိသျှတို့အုပ်ချုပ်ခဲ့သည်မှာ နှစ်(၇၀)နည်းပါးရှိခဲ့သည့်အတွက် နှစ်ပေါင်းများစွာ ငြိမ်ဝပ်အောင် မည်ကဲ့သို့ အုပ်ချုပ်ခဲ့သည်ကို နှောင်းခေတ်အုပ်ချုပ်သူတို့အတွက် စိတ်ဝင်တစားလေ့လာရမည့် အုပ်ချုပ်ပုံများ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ခိုင်မာသည့် အုပ်ချုပ်ပုံဖြစ်ရန် စနစ်အမျိုးမျိုးပြောင်းလဲအုပ်ချုပ်ခဲ့ပုံများကို ရေးသားတင်ပြထားပါသည်။ ဤစာအုပ်သည် မြန်မာမင်းများလက်ထက်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အုပ်ချုပ်ပုံ (၂၀၁၀-၂၀၁၄)အထိ ခေတ်အဆက်ဆက် မြန်မာနိုင်ငံအုပ်ချုပ်ပုံအမျိုးမျိုး၊ စနစ်အမျိုးမျိုး အကြောင်းကို အခန်း(၁၃)ခန်းဖြင့် ရေးသားတင်ပြထားသည့်အတွက် စာဖတ်သူများအား အသိပညာဗဟုသုတများစွာရရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဌာနတွင်း စွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများ အတွဲ(၅)



ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေသည့် ဌာနတွင်းစွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများ အတွဲ(၅) စာအုပ်သည် မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများက ဌာနတွင်းသုတေသနဝန်ထမ်းများ သုတေသနစွမ်းရည်မြှင့်တင်ရေးအတွက် မိမိတို့သုတေသနပြုချက်များမှရရှိသော ခေတ်ကာလအသီးသီးအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် သုတေသနစာတမ်းများကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ထိုစာအုပ်သည် ကျောက်ခေတ်သစ်မှ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလအထိ သုတေသနပြုချက် အကြောင်းအရာများကို ဖော်ပြထားပါသည်။ ဤစာအုပ်တွင် ဒေါက်တာတိုးလှ၏ ကျောက်ခေတ်သစ်လူတို့ ကိုးကွယ်ယုံကြည်မှုနှင့် ဗဒုံမင်းနှင့် ဗုဒ္ဓသာသနာတော် စာတမ်း(၂)စောင်၊ ဦးကျော်၏ ဖိုဝန်တောင်က သမိုင်းမှတ်တမ်းများ၊ ဦးသိန်းလှိုင်၏ ညောင်ရမ်းခေတ်ဆိုင်ရာ သုတေသနတွေ့ရှိချက်အချို့၊ ဦးကျော်စိုး၏ မင်းတုန်းမင်း လက်ထက် ယာသစ်တီအမိန့်နှင့် မင်းမြေ၊ သာသနာ့မြေ စာတမ်း(၂)စောင်၊ ဒေါ်အုန်းကြည်၏ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် ကရင်နီနယ်အရေး (၁၈၅၃-၁၈၈၅)၊ ဦးတင်ခြုံ၏ ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅)မြန်မာမင်းတို့၏မြို့နန်းတည်ခြင်း လောကီလောကုတ္တရာထုံးများ၊ ဦးကျော်ငြိမ်း၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးအဆင့် (၁၉၄၅-၁၉၅၈) စသည့် သုတေသနစာတမ်း (၉)စောင် ပါရှိသဖြင့် စာဖတ်သူများအတွက် မှတ်သားဖွယ်ရာကောင်းသော အသိပညာဗဟုသုတများစွာရရှိမည့် စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကြေးခေတ်၊ သံခေတ်၊ မြို့ပြအကြိုကာလ



ဒေါက်တာစိန်မြင့်၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော ကြေးခေတ်၊ သံခေတ်၊ မြို့ပြအကြိုကာလစာအုပ်သည် မြန်မာ့ခေတ်ဟောင်းသမိုင်းတွင် သမိုင်းအကြိုကာလသို့ ရောက်လာခဲ့သည့်နောက် ရှေးလူ့အဖွဲ့အစည်းသည် အသိပညာများ အတတ်ပညာများဖြင့် တီထွင်ဖန်တီးကာ အသုံးပြုခဲ့ကြရင်းဖြင့် ကြေးခေတ်၊ သံခေတ်နှင့် မြို့ပြအကြိုကာလတွင်း ကျင်လည်ခဲ့ကြသည်များကို မျိုးဆက်သစ် စာဖတ်သူများဖတ်ရှု၍ မှတ်သားဖွယ် ဗဟုသုတရရှိစေရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဒေါက်တာစိန်မြင့်၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့၏ ကြေးခေတ်၊ သံခေတ်၊ မြို့ပြအကြိုကာလစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်သည် သမိုင်းအထောက်အထားအရ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟူ၍ ဟန်လင်းမြို့ပြ ပေါ်ပေါက်လာမည့် နေရာတစ်ဝိုက်တွင် ရှေးဟောင်းသုတေသနတူးဖော်မှုမှရရှိသော အထောက်အထား၊ မြေပြင်ပေါ်တွေ့အထောက်အထားများပေါ် အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ထိုစာအုပ်တွင် မြန်မာ့သတ္တုခေတ်ကာလ မြို့ပြအကြိုကာလ၊ သတ္တုခေတ်၏ ကြေးခေတ်နှင့် သံခေတ်ကာလ သက်တမ်းသတ်မှတ်ချက်၊ ချင်းတွင်းမြစ်အောက်ပိုင်းနှင့် ရွှေဘိုလွင်ပြင်ကြားမှ သမိုင်းမတင်မီကာလဒေသရပ်ဝန်းများ၊ ဧရာဝတီမြစ်ဝှမ်းဒေသ သံခေတ်ကာလရပ်ဝန်းများ ကြေးခေတ်နှင့် သံခေတ်ကာလမြှုပ်နှံသဠြိုဟ်မှု၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြအကြိုကာလ ခန့်မှန်းလူဦးရေ၊ ကြေးခေတ်၊ သံခေတ်ကာလ မြို့ပြအကြိုလူ့အဖွဲ့အစည်း ဖွဲ့တည်မှုဟူ၍ အခန်း(၇)ခန်းဖြင့် ရေးသားထားပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

သမိုင်းစာပဒေသာ



ဦးသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ-၁၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော သမိုင်းစာပဒေသာ စာအုပ်သည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်း၊ မိဖုရား၊ ဝန်ကြီး၊ မှူးမတ်များ၏ လုပ်ဆောင်ချက်များကို ဦးစားပေး ရေးသားထားသဖြင့် ကုန်းဘောင်ခေတ်ကို အထူးပြုလေ့လာနေသော သုတေသီများအတွက် များစွာအထောက်အကူပြုစေရန် ရည်ရွယ်ပြီး ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ သမိုင်းစာပဒေသာ စာအုပ်သည် ရွှေအမြုတေ၊ မဟေသီ၊ ငွေတာရီ၊ သရဖူ၊ ရုပ်ရှင်တေးကဗျာစသောမဂ္ဂဇင်းများမှ စာရေးသူ၏ဆောင်းပါးများအနက် လုံးချင်းမထုတ်ရသေးသည့် ဆောင်းပါးပေါင်း (၃၆)ပုဒ်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုစာအုပ်တွင် ကုန်းဘောင်ခေတ်နှောင်းမင်းများဖြစ်သော ပုဂံမင်းနှင့် သီပေါမင်းတို့၏ အကြောင်းအရာများ၊ ကုန်းဘောင်ခေတ်မိဖုရား၊ ဝန်ကြီးများ၏ လုပ်ဆောင်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီးဒုတ်ဦးဘချိုတို့၏ အကြောင်းအရာများနှင့် အခြားသောအကြောင်းအရာများကို ဝေဝေဆာဆာရေးသားထားသည့်အတွက် ဗဟုသုတများစွာရရှိမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

မြန်မာ့အကြိုသမိုင်း



ဒေါက်တာတိုးလှ၊ ဒုတိယဥက္ကဋ္ဌ-၂၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော မြန်မာ့အကြိုသမိုင်း စာအုပ်သည် လူသားဆင့်ကဲဖြစ်စဉ်မှ ကြမ်းတမ်းရိုင်းစိုင်းသော လူ့ဘဝများကို ဖြတ်သန်းကာ ယဉ်ကျေးသော လူသားဖြစ်စဉ် ပေါ်ပေါက်ကွဲပြားလာသည်များကို စာဖတ်သူများ ဗဟုသုတရရှိစေရန်နှင့် မှီငြမ်းကိုးကားနိုင်ရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်သည် သမိုင်းအဆင့်သို့ မရောက်သေးသောကာလဖြစ်၍ လူမှုအဖွဲ့အစည်းမရှိ အုပ်စုငယ်လေးများဖြင့် မုဆိုး၊ တံငါဘဝဖြင့် နေထိုင်ရသောကာလမျိုးမှ စိုက်ပျိုးမွေးမြူရေးများ လုပ်ကိုင်လာတတ်ပြီးနောက် လူမှုအဖွဲ့အစည်းအသွင် ပေါ်ပေါက်လာကာ တိုးတက်လာသောဘဝများကို ရှေ့ဆောင်လာခဲ့ပြီး ပိုမိုယဉ်ကျေး တိုးတက်လာခဲ့သည်များကို အခြေခံ၍ ရေးသားထားပါသည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ ဘူမိမြေဖြစ်တည်လာပုံ၊ ဧရာဝတီမြစ်ရိုးပေါ်မှလူ၊ ကျောက်ခေတ်သစ်လူနေဒေသများ၊ မြို့ပြယဉ်ကျေးမှုခေတ် စသည်ဖြင့် အခန်း(၆)ခန်း ရေးသားထားပါသည်။ ထိုစာအုပ်သည် စာဖတ်သူများအား အသိပညာ၊ ဗဟုသုတများစွာရရှိမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒေါ်ညိုညိုတင်၏ လက်ရွေးစင်စာတမ်းများ



ဒေါ်ညိုညိုတင်၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ရေးသားထားသော ဒေါ်ညိုညိုတင်၏ လက်ရွေးစင်စာတမ်းများ စာအုပ်သည် ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက် အမိန့်တော်များ စစ်တမ်းများကို အခြေပြု၍ ရေးသားထားသော စာတမ်းများများစွာပါဝင်သဖြင့် ကုန်းဘောင်ခေတ်ကို အထူးပြုလေ့လာနေကြသော သုတေသီများအတွက် ရည်ရွယ်ပြီး ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်သည် ပုဂံခေတ်ကျောက်စာလေ့လာချက်စာတမ်းအပါအဝင် ကုန်းဘောင်ခေတ်ကို ဦးစားပေးထားသောစာတမ်းများဖြစ်ပါသည်။ ဗဒုံမင်း၏စာတမ်းများကိုအခြေခံ၍ စီးပွားရေး၊ အုပ်ချုပ်ရေးအခြေအနေများကို အဓိကထားရေးသားထားပါသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် သမိုင်းနှင့် ပညာရေးဆိုင်ရာ အကြောင်းအရာများကို ရေးသားဖော်ပြထားပါသည်။ ထိုစာအုပ်တွင် မြန်မာဘာသာဖြင့်ရေးသားထားသော စာတမ်း(၁၀)စောင်နှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာတမ်း(၃)စောင်ပါဝင်သဖြင့် ဖတ်ရှုသူများအတွက် မှတ်သားဖွယ်ရာကောင်းသော ဗဟုသုတများရရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဤစာအုပ်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၄၊ ၀၆၇-၄၀၈၇၁၈၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆၊ သမိုင်းသုတေသနဌာနခွဲ(ရန်ကုန်) အမှတ်(၈၅-အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၂၁၀၄၇၁၂၄ နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် (၆၀၄/၆၀၈)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၉၂၉၄ တို့တွင် ဖြန့်ချိထားပြီး တိုက်ရိုက်ဆက်သွယ်ဝယ်ယူရရှိနိုင်ပါသည်။

လာဇီယိုအသင်း အိတလီစီးရီးအေပြိုင်ပွဲ၌ ရှုံးပွဲမရှိစံချိန် ဆက်လက်ထိန်းနိုင်ခဲ့

လာဇီယိုအသင်းဟာ အိတလီစီးရီးအေပွဲစဉ်(၁၂)အဖြစ် နိုဝင်ဘာ ၂၁ ရက်ညဥိုင်းက လက်ချီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လာဇီယိုအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၅ မိနစ်နဲ့ ၆၈ မိနစ်မှာ နိုဆလင်က နှစ်ဂိုး၊ မိနစ် ၉၀ မှာ ဖရက်တီဆီက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လာဇီယိုအသင်းဟာ လက်ချီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အိတလီစီးရီးအေပွဲစဉ်(၁၂)အပြီးမှာ အမှတ်ပေးဇယားဒုတိယနေရာက ရိုးမားအသင်းကို နှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင် လာဇီယိုအသင်းဟာ လက်ချီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အိတလီစီးရီးအေပြိုင်ပွဲမှာ ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရှုံးပွဲမရှိစံချိန်ကိုလည်း ဆက်လက်ထိန်းထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။





ဘောလုံးလောက သတင်းတိုများ

- ဝက်ဖို့ဒ်အသင်းဟာ နည်းပြ ဒီယိုနီစီအား ပွဲစဉ်(၁၈)ပွဲ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်ကနေ ၁၈ လတာကာလအတွင်း အသင်းအတွက် အားထားရမယ့် ခြောက်ဦးမြောက်နည်းပြကို ရှာဖွေလျက်ရှိတယ်လို့ သိရပါတယ်။
- **အိတလီစီးရီးအေးကလပ် အေစီမီလန်အသင်းဟာ မန်ယူအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဇာနန်ဒက်စ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။**
- မန်ယူအသင်းဟာ ဖရိုင်းဘတ်အသင်းမှ ခရိုအေးရှားတိုက်စစ်မှူး မာတာနိုစစ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

ဘုန်းမောက်အသင်း ပြိုင်ပွဲစုံ ကိုးပွဲဆက်အနိုင်ရတဲ့ စံချိန်သစ်စိုက်ထူ

ဘုန်းမောက်အသင်းဟာ နိုဝင်ဘာ ၂၁ ရက်ညဥိုင်းက နော်တင်ဟမ်ဖောရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်မှာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ကိုးပွဲဆက်အနိုင်ရတဲ့ စံချိန်မှတ်တမ်းသစ်ကို စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းရဲ့ ပြိုင်ပွဲစုံ ကိုးပွဲဆက် အနိုင်ရရှိခဲ့မှုမှာ ပရီမီယာလိဂ် ပွဲစဉ် ငါးပွဲအထိ ပါဝင်နေတာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းဟာ ပရီမီယာလိဂ်မှာ ဆန်းဒါးလန်းအသင်း၊ လီဒ်စ်ယူနိုက်တက်အသင်း၊ မန်ယူအသင်း၊ အစ်ဆွစ်အသင်းနဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းတို့ကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်း အနေနဲ့ ချယ်လ်ဆီးအသင်းရဲ့ အိမ်ကွင်းမှာ ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဟာ ယခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာ နောက်ဆုံး ရှုံးနိမ့်ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ကိုလည်း ရှုံးနိမ့်ထားတာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းဟာ အဲဗာတန်အသင်း၊ နယူကာဆယ်အသင်း၊ ဘရန့်ဖို့ဒ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်တွေမှာတော့ တစ်ပွဲမှာတစ်မှတ်သာ စုဆောင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဘုန်းမောက်အသင်းအနေနဲ့ ပရီမီယာလိဂ် ငါးပွဲဆက် အနိုင်ရရှိခဲ့တာကလည်း အသင်းရဲ့သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် နိုင်ပွဲရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင် ဘုန်းမောက်အသင်းအနေနဲ့ ပြိုင်ပွဲစုံ ကိုးပွဲမှာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ အေစီမီလန်အသင်းနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲမှာ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တာလည်း ပါဝင်နေတာ ဖြစ်ပါတယ်။

အခုလို ပြိုင်ပွဲစုံ ကိုးပွဲအထိ နိုင်ပွဲဆက်ခဲ့မှုဟာ ဘုန်းမောက်အသင်းအနေနဲ့ ၁၉၉၈-၁၉၉၉ ဘောလုံးရာသီနဲ့ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှာ တင်ရှိခဲ့တဲ့ ပြိုင်ပွဲစုံ ကိုးပွဲဆက်နိုင်ပွဲရရှိမှုစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီလို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၁) ကစားပြီးချိန်မှာ ရမှတ် ၁၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒွေကြေယ် - ရေသားသည်

အာဆင်နယ်အသင်း အဝေးကွင်းတွင် သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ဇယားထိပ်၌ ဆက်လက်ဦးဆောင်



အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၁)ရဲ့ နိုဝင်ဘာ ၂၁ ရက်ညဥိုင်း နော်ဝစ်ဆစ်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သရေရလဒ်သာထွက်ပေါ်ခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

နယူးကာဆယ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတယ်ဆိုပေမယ့် ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်မှာ အက်ဇီရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပါတယ်။ ကစားရတဲ့နယူးကာဆယ်အသင်းက ၄၉ မိနစ်မှာ ဘားနက်စ်သီဝေါရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ အာဆင်နယ်အသင်းကို တယ်။ ဒါပေမယ့် အာဆင်နယ်အသင်းက ပွဲကစားချိန် ၇၈ နောက် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့

အာဆင်နယ်အသင်းဟာ လက်ရှိပရီမီယာ ၂၈ မှတ်ဖြင့် အဆင့်(၂)နေရာက ဘရိုက်တန်အသင်းကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်း အဆင့်(၁၂)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

အိမ်ကွင်း ဧည့်ခံရဲ့ သွင်းဂိုး၊ ၆၂ မိနစ်မှာ ပြန်လည် ဦးဆောင်နိုင်ခဲ့ပါ မိနစ်မှာ မာဒူကီရဲ့ သွင်းဂိုးရရှိခဲ့ပြီး တာ ဖြစ်ပါတယ်။

လိဂ်ပွဲစဉ်(၁၁)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ခြောက်မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဆက်လက်ကတော့ လက်ရှိအချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယား



လီဒ်စ်ယူနိုက်တက်အသင်း ၂၇ နှစ်အတွင်း ချယ်လ်ဆီးအသင်း အိမ်ကွင်း၌ ပထမဆုံးနိုင်ပွဲရရှိ

လီဒ်စ်ယူနိုက်တက်အသင်းဟာ နိုဝင်ဘာ ၂၁ ရက် ညဥိုင်းက ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ၂၇ နှစ်အတွင်း ချယ်လ်ဆီးအိမ်ကွင်းမှာ ပထမဆုံး အနိုင်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်း အတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၂၅ မိနစ်မှာ အီမီဂါကသွင်းယူပေးခဲ့တာဖြစ်ပြီး လီဒ်စ်ယူနိုက်တက်အသင်းအတွက် အိုကာဖော်က နှစ်ဂိုး၊ ကယ်လ်ဗာ့လီဝင်က တစ်ဂိုး၊ အာရွန်ဆင်ကတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လီဒ်စ်ယူနိုက်တက်အသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၆)နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းက အဆင့်(၈)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

✪ M-League II မှ

ဇယားထိပ်ပိုင်းမှအသင်းများ နိုင်ပွဲပျောက်ဆုံးမှုကို မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Junior Lions အသင်း အသုံးချ နိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။ အသင်းသစ်ဖြစ်သော Asia Lion အသင်းသည် ရာသီအစ ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပြီး ဂိုးပြတ်ရလဒ်နှင့်အတူ ပထမဆုံးနိုင်ပွဲ ရရှိခဲ့သည်။ Asia Lion အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ကျော်နန္ဒ၊ ၅၃ မိနစ်တွင် သီဟဇော်၊ ၅၉ မိနစ်တွင် ချစ်ဆန်းကိုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Asia Lion အသင်းမှ ကျော်နန္ဒကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေး ငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၆)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ မှတ်၊ တက္ကသိုလ် အသင်းက ၁၃ မှတ်၊ ရွှိုင်ရယ်ဒင်္ဂုံအသင်းက ၁၂ မှတ်၊ VUE နေပြည်တော် အသင်းက ၁၁ မှတ်၊ Junior Lions အသင်းက ၁၀ မှတ်၊ ရာမညယူနိုက် တက်အသင်းက ကိုးမှတ်၊ မနောအသင်းက ငါးမှတ်၊ Asia Lion အသင်း နှင့် Elite Kings အသင်းက လေးမှတ်စီရရှိထားပြီး Enjoy Brother အသင်း မှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **သတင်း-ညီမြတ်သော်တာ**

ဓာတ်ပုံ-MLeague

❒ ကျောဖုံးမှ

ပြိုင်ပွဲအပြီးတွင် SGF Youth အသင်းက ၅၉ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး Victoria အသင်းက ၅၆ မှတ်ဖြင့် ဒုတိယ၊ Pacific Sun Far အသင်းက ၄၇ မှတ်ဖြင့် တတိယ ရရှိကာ FFU မင်းမဟော်အသင်းက ၄၄ မှတ်၊ Mahar Burma အသင်းက ၄၃ မှတ်၊ Avengers Junior အသင်းက ၃၁ မှတ်၊ United City အသင်းက ၂၈ မှတ်၊ Jullniss အသင်းက ၂၄ မှတ်၊ TKA Star အသင်းက ၁၉ မှတ်၊ ဘူရီဒိုအသင်းက ၁၇ မှတ်၊ မာရိန်းအသင်းက ရှစ်မှတ်၊ ရွှေပြည်သာ ယူနိုက်တက်အသင်းက ခုနစ်မှတ် ရရှိထားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံး ဆုရ Victoria အသင်းက အမှတ်တရ ဆုဖလားနှင့် ဆုကြေး ငွေကျပ် သုံးသိန်း၊ အကောင်းဆုံး ဂိုးသမားဆုရ SGF Youth အသင်းမှ စောကောင်းထွဋ်လင်းနှင့် အကောင်းဆုံး ကစားသမားဆု ရရှိခဲ့သော Victoria အသင်းမှ ဘုန်းမြတ်မင်းစံတို့က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းစီ၊ စတုတ္ထဆု ရရှိခဲ့သော FFU Minmahaw အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆု ရရှိခဲ့သော Pacific Sun Far အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆု ရရှိခဲ့သော Victoria အသင်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၊ ချန်ပီယံဖြစ်ခဲ့သော SGF Youth အသင်းက တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၅၀ နှင့် ချန်ပီယံ ဆုဖလားတို့ ဆွတ်ခူးရရှိသည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-MFF

စွေစပ်ကြောင်းလမ်းပြိုးစီးခြင်း

ရန်ကုန်မြို့နေ ဦးမြင့်ထွန်း+ဒေါ်ကြည်ကြည်မိုးတို့၏ သားကြီး၊ မောင်ဇထွန်းလင်း၏ အစ်ကို

မောင်ဇထွန်းရှင်း B.E (IT)

နှင့်

ရန်ကုန်မြို့နေ (ဦးကိုကိုထွန်း)+ဒေါ်ခင်မျိုးကျော်တို့၏ သမီးငယ်၊ ကိုမင်းသူရိန်ဖေ+မအေးမြတ်သူထွန်း၊ မောင်ထက်လင်းကိုကိုထွန်းတို့၏ ညီမငယ်၊ မောင်ပိုင်သုတဖေ၏ အဒေါ်

မမြတ်နိုးကိုကိုထွန်း B.A(LAW)

တို့သည် နှစ်ဖက်သောမိဘတို့ သဘောတူညီချက်အရ (၂၂-၁၁-၂၀၂၆)ရက်နေ့တွင် စေ့စပ်ကြောင်းလမ်းပြိုးစီးပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

နှစ်ဖက်သော မိဘများနှင့်
မောင်ဇထွန်းရှင်း+မမြတ်နိုးကိုကိုထွန်း

"ရန်ကုန်တိုင်းဒေသကြီး။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ် (၆၅၅)၊ တည်ရှိ ဧရိယာ (၃၀'×၆၀')ရှိသည့်အနက်မှ တရားဝင်ခွဲခမ်းတော်ရသေးသော မြေအကျယ် (၂၀ပေ×၆၀ပေ) (တောမြေကွက်(၂၆၆)နှင့်ကပ်လျက်အခြမ်း) ပါမစ်မိခွင့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

အထက်ပါမြေကွက်ကို ရောင်းချသည့် ပါမစ်အမည်ပေါက်သူ ဦးတိုးကြည်ထံမှ အရောင်းအဝယ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ အခွံအရိုးကင်းစွာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွေ့မပြောင်းနိုင်သော ပစ္စည်း လွဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်း သာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရပ်အရင်းတစ်စုတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်း၊ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစံလွင်ထွန်းနှင့် ဒေါ်ခင်ဝါဝါလွင်တို့ ရောင်းချသည့် ပါမစ်အမည်ပေါက် နှစ် (၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ယခု ရောင်းချသူ ဦးမျိုးထွဋ်မှ မိမိတစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံလျက်ရောင်းချလိုကြောင်း၊ ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူ၍ရောင်းဖိုးငွေအားပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညှိနှိုင်းချေးချက်အရ-
ခေါ်ဆိုရန်ဖုန်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)
ဖုန်း-၀၉-၂၅၁၁၀၆၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-22-X2၊ ကိုင်းတန်းလမ်း၊ မြေကွက်အမှတ်-၂၀၆၊ ဧရိယာ(၀.၀၂၉) ဧကရှိ ဦးမျိုးထွဋ်(၁၂/လမတ(နိုင်)၀၂၀၆၉၆)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ယခု ရောင်းချသူ ဦးမျိုးထွဋ်မှ မိမိတစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံလျက်ရောင်းချလိုကြောင်း၊ ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူ၍ရောင်းဖိုးငွေအားပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညှိနှိုင်းချေးချက်အရ-
ခေါ်ဆိုရန်ဖုန်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)
ဖုန်း-၀၉- ၂၅၁၁၆၈၀

"တိုက်ခန်း၀ယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၁)လမ်း၊ တိုက်အမှတ်(၁၂၇)၊ (၁)ခန်းတွဲ Hall (၄)ထပ်တိုက်သည် မြေရှင် ဒေါ်မြမြစန်း (၁၂/အစန(နိုင်)၁၆၀၃၃၂)နှင့် ကနဦးရက်တာ ဦးသီဟ (၁၂/လမန(နိုင်)၁၂၆၇၆)တို့မှ အကျိုးတူပူးပေါင်း ဆောက်လုပ်ခဲ့ပြီး ကနဦးရိုက်တာမှ ခံစားခွင့်ရရှိသော (ပထမဝယ်) တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း အရှေ့ပိုင်းအရောင်းတစ်စုတစ်ရာမရှိကြောင်း မည်သူကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်ထွန်း (၄/ဟခန(နိုင်)၀၃၃၉၉၀)မှ (၂၁-၁၁-၂၀၂၆) ရက်စွဲဖြင့် ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ် အပြီးအပိုင် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်ထွန်း၏ လွှဲအပ်ညှိနှိုင်းချေးချက်အရ
ဒေါ်ခင်ဝါဝါလွင်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၉၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၄၅၂၄၂၈၂၂

"တိုက်ခန်း၀ယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (ခ-၁)လမ်း၊ တိုက်အမှတ်(၁၂၇)၊ (၁)ခန်းတွဲ Hall (၄)ထပ်တိုက်သည် မြေရှင် ဒေါ်မြမြစန်း (၁၂/အစန(နိုင်)၁၆၀၃၃၂)နှင့် ကနဦးရိုက်တာ ဦးသီဟ (၁၂/လမန(နိုင်)၁၂၆၇၆)တို့မှ အကျိုးတူပူးပေါင်း ဆောက်လုပ်ခဲ့ပြီး ကနဦးရိုက်တာမှ ခံစားခွင့်ရရှိသော (မြေညီထပ်) တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း အရှေ့ပိုင်းအရောင်းတစ်စုတစ်ရာမရှိကြောင်း မည်သူကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်ထွန်း (၄/ဟခန(နိုင်)၀၃၃၉၉၀)မှ (၂၁-၁၁-၂၀၂၆) ရက်စွဲဖြင့် ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ် အပြီးအပိုင်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်ထွန်း၏ လွှဲအပ်ညှိနှိုင်းချေးချက်အရ
ဒေါ်ခင်ဝါဝါလွင်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၉၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၄၅၂၄၂၈၂၂

ပတ်စ်ပို့ဇော်ဂျာက်
အာဘဉီးဝင်းရွှေ၏သမီး
ဖဇင်မာနိုင် (၅/ဒပဃ(နိုင်)
၁၃၉၄၆၂)၏နိုင်ငံကူးလက်မှတ်
(မမှတ်၀)ပျောက်ဆုံးသွားပါ
သဖြင့် တွေ့ရှိပါက အကြောင်း
ကြားစေပးပါရန်။
ဖုန်း-၀၉၇၅၉၂၂၃၀၂၉

ပတ်စ်ပို့ဇော်ဂျာက်
အာဘဉီးမြင့်မော်၏သမီး
မပြည့်ပြည့်မိုး (၉/ဒပဃ(နိုင်)
၁၃၄၄၃၀၉)၏နိုင်ငံကူးလက်မှတ်
(မမှတ်၀)ပျောက်ဆုံးသွားပါ
သဖြင့် တွေ့ရှိပါက အကြောင်း
ကြားစေပးပါရန်။
ဖုန်း-၀၉၉၆၁၀၀၀၂၉

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ စေတနာ(၄)လမ်း၊ မြေကွက်အမှတ်(၅၀၅) တည်ရှိဧရိယာ (၀.၀၅၅)ကေရှိသည့်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေဧရိယာ (၁၀ပေ×၆၀ပေ)၊ ခေါင်းရင်းခြမ်း (၂၀ပေ×၆၀ပေ)ရှိမြေကွက်နှင့်ကပ်လျက် တည်ရှိရာအခြမ်း အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

အထက်ပါအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူသည် အရွယ် အရင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွဲပြောင်းရောင်းချပိုင်ခွင့်နှင့် ရွေ့မပြောင်းနိုင်သော ပစ္စည်းလွဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်း ပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်း သာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရပ်အရင်းတစ်စုတစ်ရာမရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွဲပြောင်း ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဒေါ်ဌေးဌေးဝင်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက် အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လုပ်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ရှုးသူစောဆောင်း၏ လွှဲအပ်ညှိနှိုင်းချေးချက်အရ-
ခေါ်သက်ထားဆို(LL.B, D.I.L, Dip in Eng)
အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)
Ph:09-972734996, 09-881181988

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစက်လွိင် (၁၂/ပဘတ(နိုင်)၀၀၄၄၃၂) ကိုင်ဆောင်သူ၏ လွှဲအပ်ညှိနှိုင်းချေးချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၂) ရပ်ကွက်၊ ရွှေပြည်သာ (၁)လမ်း၊ မြေကွက်အမှတ် (၆၃၈)ဟူ၀ါတွင်သော ပေ (၄၀ x ၆၀)ပေါ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူခဲ့၍ လက်ရောက်ရရှိ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း မှသာ လွှဲပြောင်းရောင်းချ၊ မိခခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ သီရိသောဘတူခြင်းမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း ရောင်းချခြင်း၊ ဓွေနှိုက်ယေးကမ်းလေးနှိုင်းခြင်း၊ ငှါးရမ်းခြင်း၊ အခြားတစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချေးချက်အရ
ခေါ်ဝင်းသန်းဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၈၅)
ရှေ့နေများရုံးခန်း၊ ဧပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာ ရပ်ကွက်၊ သီတာအေး (၂)လမ်းတွင်ရှိသော မျက်နှာစာ (၃၆)ပေ၊ ရှေ့နောက်အရှည် (၃၀)ပေရှိ ဒြံမြေနှင့် ရောင်းသူအမည်ဖြင့် တပ်ဆင်ထားသော လျှပ်စစ်မီတာ သုံးစွဲခွင့်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူဖြစ်သည့် ဦးမြအောင် (၁၂)ဦးချယ်ရီ(၁၂/လကန(နိုင်)၃၁၄၀၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆောရင် (၁၂)ဦးစံမတူ(စ/ဆမန(နိုင်) ၀၂၄၀၀၉၂၂)မှ အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါလာသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း တိုက်ဆိုင်လျှံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လုပ်ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ -
ခေါ်သက်စာနည်ချို (LL.B)
အထက်တန်းရှေ့နေ(စဉ် -၃၆၂၄၈)(၁၀ -၁၁-၂၀၁၁)
သပိတ်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ လှည်းကူးခရိုင်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၀၀၅၅၄၀

ရေချွေတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်ပြင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောပြင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

အမည်မှန်

နောင်ချိုဖြို့နယ်၊ ကံကြီးအထက Grade-11 မှ အဖဦးအောင်ဆန်း၀င်း၏ သား အမည်မှန်မှာ မောင်သန့်ဇင်အောင်(၁၃/နခတ(နိုင်)၁၃၀၀၁၁) ဖြစ်ပါကြောင်း။

မောင်သန့်ဇင်အောင်

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်-၅၊ ကွက်ပေါက် နှစ်(၆၀) မြေဧရိယာ (၂၀၀ x ၆၀')၊ မြေကွက်တည်နေရာအမှတ်-၅၊ ရပ်ကွက်အမှတ်-၅၊ ရန်ကုန်ပြေး(၁)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမျိုးခင် (MDN-၁၅၁၇၆၉) အမည်ပေါက် နှစ် (၆၀) မြေဧရိယာ (၂၀၀ x ၆၀') မြေကွက်အမှတ်-၅၊ ရပ်ကွက်အမှတ်-၅၊ ရန်ကုန်ပြေး(၁)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမျိုးခင် ကိုယ်တိုင်မှ အမှတ့်အမှတ်-၁၅၁၇၆၉ အရ (၂၇-၂-၂၀၁၅) ရက်နေ့တွင် ဂရန်မိတ္တူမှန်ကို တရားဝင်ထုတ်ပေးခဲ့ကြောင်း၊ ယင်းထုတ်ပေးခဲ့သော ဂရန်မိတ္တူမှန်သည် မိမိ၏ခေနာမိမိတွင် သိမ်းဆည်းထားရာမှ အထားအသိမှား ယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နစ်(၆၀)ဂရန်မိတ္တူမှန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် သာကေတမြို့မရဲစခန်းထောက်ခံချက်၊ နှိပ်ဝံသာစီစစ်ရေးကတိပြုကတို့တင်ပြပြီး ဂရန်မိတ္တူမှန်ကူးယူခြင်းအား တရားဝင်နိုင်ငံလုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၃)လမ်း၊ (၁၅)ရပ်ကွက်၊ အမှတ်(၁၂၈/ခ)၊ (၂၈ ပေx၅၄ ပေ)ရှိ ဒုတိယထပ် အခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ရေး၊ မီးအစုံ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရောက်ပိုင်ဆိုင်သူ ဒေါ်သက်ထက်နိုင် [၁/၌၇၀၀(နိုင်)၁၃၀၇၂၅] ဆိုသူမှ ပြန်လည်ရောင်းချရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ လက်ရောက် ဝယ်ယူရန် လက်ခံသဘောတူညီခဲ့ပါသဖြင့် စရန်ငွေများကို ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသပေးအပ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ (၃)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်သည့်မူရင်းစာရွက်များနှင့် လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက် ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ဖြင့် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြတ်မြတ်စိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၇)
ဖုန်း- ၀၉- ၇၈၂၁၆၁၉၃၃

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

နေပြည်တော်၊ ဒဂ္ဂိဏာသီရိမြို့နယ်၊ မြသစ္စာလမ်းနှင့် မြကြည်ပြာလမ်းထောင့်၊ အမှတ်(အေ-၄၅၅) နေ ဒေါ်ခိုင်ခွန်ဇင် (၁၁) ဦးဌေးဝင်း [၁၄/ဇလန(နိုင်)၁၀၆၈၈၉] သည် **"K & Z FRUIT HUB"** လုပ်ငန်းအမှတ်တံဆိပ်နှင့် အမည်မူပိုင်ခွင့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့် ဦးစီးဌာနသို့ တင်ပြလျှောက်ထားခဲ့ရာ Application Number **T/2026/006352** ဖြင့် လျှောက်ထားချက်အား လက်ခံထားခံရပြီးဖြစ်သည့် ကုန်အမှတ်တံဆိပ်နှင့် အမည်၏ မူပိုင်ရှင်ဖြစ်ပါသည်။



အထက်ဖော်ပြပါ **"K & Z FRUIT HUB"** လုပ်ငန်းအမှတ်တံဆိပ်နှင့် အမည်အား အသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်နိုင်းလုံးတွင် သစ်သီးဝလံ တင်သွင်းဖြန့်ဖြူး ရောင်းချရေးလုပ်ငန်းကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းတို့တွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်နှင့် အမည်တစ်ခုလုံးကိုဖြစ်စေ၊ တစိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ **Social Media Platform** များနှင့် ဗီဒီယာလုပ်ငန်းများတွင် တုပသုံးစွဲခြင်းများ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ခြင်းအား တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးစန်လွင်
LL.B, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၄၉)
အမှတ်(၁-၃၁၇၉)၊ စွယ်တော်(၇)လမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊
ပုဇွန်ဝီရမြို့နယ်၊ နေပြည်တော်။ ဖုန်း-၀၉-၄၂၀၁၁၅၂၃

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဖြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မျးဘထူးလမ်း၊ ဗိုလ်ဗထူးဘန်ဖိုးမျတ(ဒုတိယသားဆင့်)အိမ်ရာရှိ တိုက်အမှတ်(AA-7)၊ အခန်းအမှတ်(703)၊ အကျယ်အဝန်း(၂၀ပေx၃၀ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်အမည်ပေါက်လျက် လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲဘုန်းလှုပ်(၁၄/ကလန(နိုင်)၁၀၅၆၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်ငံလုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်ဟု သဘောထားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဥာဏ်လင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲသဲမာ LL.B,D.B.L,D.I.L,WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၆၀/၂၀၀၇)
အမှတ်-၈၂ အင်ကြင်းဖြိုင်လမ်း။ (၁၀၅)ရပ်ကွက်၊
ဒဂုံဖြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်ဖြို့။ ဖုန်းနံပါတ်- ၀၉-၇၉၉၆၀၁၂၇၃

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဖိုးသိန်းလမ်းသွယ်၊ အမှတ်(၄)၊ မြေအကျယ်(အလျား ဂုဂ'/အနှံ ၂၀')ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ၂-ထပ်အိမ်တစ်လုံး (ရေ၊ မီးအစုံ)အပါအဝင် ယင်းအိမ်ခြံမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်အေးအေးဝင်း[၁၂/သကတ(နိုင်)၁၁၆၇၈၅] အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်ခန့်ခြံမြေ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးအေးကိုကို
[၁၂/သကတ(နိုင်)၀၄၀၄၁၁]

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ရွှေဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၉)
အမှတ်(၉/၁၁)၊ ဒုတိယထပ်၊ အခန်း(၂၀၂-E)၊
(၃၆)လမ်းတို့၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၄၂၀၂၂၇၂၅ ၀၉-၇၉၈၀၆၅၁၁

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၄)လမ်းအရှေ့၊ တိုက်အမှတ်(၉၂၅)၊ မြေအကျယ်အဝန်း(အလျား၂၀ပေx၃၀ပေ)ရှိ တိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြင်ကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းဌာန ဦးတင်ဦး[၁၂/သကတ(နိုင်)၀၁၀၉၁၀]၏ ဧနီးဖြစ်သူ ဒေါ်ဖြူဖြူ[၁၂/သကတ(နိုင်)၁၃၀၃၂၂]မှ မိမိသာလျှင်ပိုင်ဆိုင်ပြီး ဝန်ခံပြောဆိုလျက် အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီး လက်ရှိပိုင်ဆိုင်ထားသောဒေါ်ဆွေဆွေမွန်[၁/သကတ(နိုင်)၂၈၇၆၆၆]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှေ့အနောက်ကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြော ဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ မော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းဝါ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၅၄)(ဇ-၂၂၂၂)
အမှတ်(၆၅/၆/ခ)၊ ဝိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံဖြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၄၂၄၂၂၅၅ ၀၉-၇၁၀၀၈၈၃၀

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ပေါ်ရပ်ကွက်၊ ဦးဖိုးသိန်းလမ်းသွယ်၊ အမှတ်(၄)၊ မြေအကျယ်အဝန်း(အလျား ၂၀ပေx၃၀ပေ)ရှိ တိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြင်ကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းဌာန ဦးတင်ဦး[၁၂/သကတ(နိုင်)၀၁၀၉၁၀]၏ ဧနီးဖြစ်သူ ဒေါ်ဖြူဖြူ[၁၂/သကတ(နိုင်)၁၃၀၃၂၂]မှ မိမိသာလျှင်ပိုင်ဆိုင်ပြီး ဝန်ခံပြောဆိုလျက် အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီး လက်ရှိပိုင်ဆိုင်ထား သောဒေါ်ဆွေဆွေမွန်[၁/သကတ(နိုင်)၂၈၇၆၆၆]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ထားပြီး အရှေ့အနောက်ကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြော ဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ မော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းဝါ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၅၄)(ဇ-၂၂၂၂)
အမှတ်(၆၅/၆/ခ)၊ ဝိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံဖြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၄၂၄၂၂၅၅ ၀၉-၇၁၀၀၈၈၃၀

လုပ်ငန်းသုံးပစ္စည်း (ကတ္တရာ၊ ပရိမိယံဒီဇယ်ဆီ) အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရုမဲးပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ခရိုင်/လမ်း အထူးအမွဲများမှ ၂၀၂၆– ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရင်ပြုလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်း (ကတ္တရာ၊ ပရိမိယံဒီဇယ်ဆီ)ကို သက်ဆိုင်ရာခရိုင်/လမ်းအထူးအမွဲအလိုက် သတ်မှတ်ရုပ်နေရာအရောက်(မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါ	၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်
(က) တင်ဒါလျှောက်လွှာပုံစံရတင်ရောင်းချမည့်နေရာ	(၂၅-၁၁-၂၀၂၆) မှ (၇-၁၂-၂၀၂၆) ရက်အထိ (၉:၃၀) နာရီမှ (၁၆:၀၀)နာရီ ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ	ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရုမဲးပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။
(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံးသွင်းရာရက်/အချိန် (ဃ) တင်ဒါဖွင့်လှစ်မည့်ရက် (င) တင်ဒါဖွင့်လှစ်မည့်နေရာ	(၈-၁၂-၂၀၂၆)ရက် (၁၆:၀၀)နာရီ (၉-၁၂-၂၀၂၆)ရက် (၁၀:၀၀)နာရီ ညွှန်ကြားရေးမှူး(မြို့ပြုပြုရုံး၊ လမ်းဦးစီးဌာန၊ ရုမဲးပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရုမဲးပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၇၇၇၀၆၆၂၂၀၊ ၀၈၁-၂၁၂၀၁၆၊ ၀၈၁- ၂၁၂၁၆၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ပန်းကန်ဆေးဆပ်ပြာဆီ ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာဆောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်(၇၃၈)နေ **ဒေါ်နိုင်ဇင်ဝင်း [၉/ဟဟမ(နိုင်)၀၁၇၃၉၂]**သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မန္တလေးမြို့ စာချုပ်စာတမ်းမှတပ်တင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-



စာချုပ်အမှတ် (၄/၁၃၃၆/၂၀၂၂)

အထက်ဖော်ပြပါ **"C-Clean"** ဟူသော စကားရပ်နှင့် ယှဉ်တွဲဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မန္တလေးမြို့ စာချုပ်စာတမ်းမှတပ်တင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

ဒေါ်နိုင်ဇင်ဝင်း [၉/ဟဟမ(နိုင်)၀၁၇၃၉၂]၏ လွှဲအပ်ချက်အရ
ဦးညီသေးကိုကို
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၅၆)
ဖုန်း-၀၉-၅၁၀-၃၇၃၇၀

ကန့်ကွက်နိုင်ကြောင်းကြေညာ

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကြာကန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၄-ကြာကန်)၊ ဦးပိုင်အမှတ်(၁၃၀)၊ ဧရိယာ(၀.၀၃၅) ကေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မြိမ့်မွေး [၁၀/သဖရ(နိုင်)၁၁၃၄၁၀]နှင့် ဒေါ်အေးသံစည်ဦး [၁၀/သဖရ(နိုင်)၁၃၃၅၅၀]တို့မှ ဂရန်မြေကွက်နှင့် အိမ်အရောင်းအဝယ်ကတိစာချုပ် မှတ်ပုံတင်စာချုပ် အမှတ်- ၁၂/၂၀၂၆ ဖြင့် ချုပ်ဆို ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြိမ့်မွေး၊ ဖုန်း - ၀၉- ၄၂၅၂၇၂၅၁၉

ကန့်ကွက်လိုက ခိုင်လုံသော မူတပ်တင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရင်းလိုအပ်ခြင်း ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စဉ်	လျော်ကြေးငွေထားသူ		လျော်ကြေးငွေထားသည့်					လျော်ကြေးငွေထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်သက်သက်ဆိုင်	၁၄/ဒဒခ(နိုင်)၀၆၂၃၆၆	ဒဂုံဆြက်	၄၁	၁၅၃/က	ဦးပေါက်	၁၅၃/က၊ ပေါ်ဧရမဲးမွေးလမ်း။ (၄၁)ရပ်ကွက်	ဂရန်ရွဲ့
၂။	ဒေါ်ငဝစဝမေ	၁၂/ပစတ(နိုင်)၀၂၁၀၄၄	သဃိန်းကျွန်း	ကြီးပွားရေး/တောင်	၂၅၀/က	ဒေါ်သြမွှောသြ	၂၅၀/က၊ တာသံသုတြသြးရေး(တောင်)ညွှတ်ငိုင်းကြီး	အမည်ပြောင်း
၃။	ဒေါ်ယုယုဇော်	၁/မတက(နိုင်)၀၀၉၉၆၉	ဒဂုံဆြက်	၁၃၀	၁၃၀/ရ	ဒေါ်ပြုမွှောသြး	၁၃၀/ရ၊ ထန်းဘုပ်လမ်း။ (၁၃၀)ရပ်ကွက်	အမည်ပြောင်း
၄။	ဦးမြတ်သူ+၁	၁/တမန(နိုင်)၀၄၁၃၀၅	ဒဂုံဆြက်	၂၉	၂၃.E1	ဦးအေးမြတ်	၄၆၊ အောင်ရိပ်သာ(၁)လမ်း၊ (၂၉)ရပ်ကွက်	အမည်ပြောင်း
၅။	ဒေါ်မြင့်ရီ(ခ)နော်ဇွေဦးဒိုး+၃	၁/အလန(နိုင်)၀၂၆၀၀၂	အလုံ	၃၁.E1	V ၁၀၄	ဦးကုတ်ခင်းနှင့် ဒေါ်ရန်းမောင်	၁၀၄၊ သိပ္ပံလမ်း၊ ဆင်ယင်းရပ်ကွက်	အမည်ပြောင်း
၆။	ဦးဝင်းမြင့်ဆိုင်းဒူး	၁/ဒပန(နိုင်)၀၆၅၅၅၅	သာကေတ	၃/ရန်ကြေး	၂၂၅	ဒေါ်ခင်ရီ	၂၂၅၊ ပင်လယ်ကျောက်တန်းလမ်း၊ (၃/ရန်ကြေး)ရပ်ကွက်	အမည်ပြောင်း
၇။	ဦးလင်းလင်း+၅	၁/သကတ(နိုင်)၀၆၂၉၃၃	သာကေတ	၁၀/ဖြတက်	V.၁၉၁	ဦးလွှောသွန်း	၁၁၀၊ လယ်ယာ(၇)လမ်း။ (၁၀/ဖြတက်)ရပ်ကွက်	အမည်ပြောင်း
၈။	ဦးစန်းလွင်	၁/မတက(နိုင်)၁၀၆၅၅၅	မစ်ဇားဇောင်းညွှန့်	၁၁.O	V.၁၉၁	ဒေါ်စီးဘီးဘီး(ဒ)ဒေါ်ဆာဆာဇွန်း+၅	၂၉၂ (ဘ၂)လမ်း၊ သမြေကုန်းရပ်ကွက်	အမည်ပြောင်း
၉။	ဦးထွန်းထွန်းစိုး(ခ)ဦးကျော်ကျော်ဝိုး	၁/လမတ(နိုင်)၀၂၆၁၀၂	သာကေတ	၄/တောင်	၎၆/ခ	ဒေါ်ခင်သင်းမေမေ	၎၆/ခ၊ အောင်သစ္စာ(၆)လမ်း။ (၄/တောင်)ရပ်ကွက်	အမည်ပြောင်း
၁၀။	ဦးခေါ်ထူးမောင်း+၅	၁/ဥတက(နိုင်)၁၀၆၃၂၀	တောင်ဥက္ကလာ	၃၁/က	၆၀	ဦးကျော်ဝံသာ	၃၉၉/၂ မြင်သာ(၁၁)လမ်း။ (၁၄/၁)ရပ်ကွက်	အမည်ပြောင်း
၁၁။	ဦးဝင်းကိုကိုသိန်း	၁/ပဘတ(နိုင်)၀၃၁၃၃၃	ဒဂုံဆြက်	၆၅	၆၅/၃	ဒေါ်သိန်းသိန်း+၅၅	၆၅/၃၊ ဧရာဝတီလမ်း။ (၆၅)ရပ်ကွက်	အမည်ပြောင်း
၁၂။	ဒေါ်ခိုနီးသီတာ	၁/တမန(နိုင်)၀၉၇၉၉၀	ဒဂုံဆြက်	၆၄/စက်မုဇုန်	၄၄၂	ဦးသာမင်း	၈၁၆၊ နွယ်ရိပ်(၁၂)လမ်း။ (၆၄)ရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်ခင်ကြူ	၁/အစန(နိုင်)၁၃၀၀၀၆	ဒွန်းညီသာ	၂၅	၁၆၆/က	ဦးခိုင်ဦး	၁၆၆/က၊ ဝိလိန္ဒရိလမ်း။ (၅/ဂ)ရပ်ကွက်	ဂရန်ရွဲ့
၁၄။	ဒေါ်ကျင်လဲး	၁/အစန(နိုင်)၀၉၀၀၃၃	ဒွန်းညီသာ	၂၅	၁၆၆/ခ	ဦးခိုင်ဦး	၁၆၆/ခ၊ ဝိလိန္ဒရိလမ်း။ (၅/ဂ)ရပ်ကွက်	ဂရန်ရွဲ့
၁၅။	ဦးစင်ဆောင်မြို့+၂	၁/သဃက(နိုင်)၀၆၁၀၆၆	ဒဂုံဆြက်	၄၆	၄၃၄	ဦးတင်အောင်	၄၃၄၊ ပြည်ထောင်စုလမ်း။ (၄၆)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဦးတင်ကိုကို	၁/ပဇတ(နိုင်)၀၀၁၄၅၃	တောင်ဥက္ကလာ	၁၄/J	၁၀၄၅/J	ဦးဝင်းမိုနိုး	၁၀၄၅/J၊ မြို့တော်သာလမ်း။ (၁၄/J)ရပ်ကွက်	အမည်ပြောင်း
၁၇။	ဒေါ်စိန်းသီတာ	၁/တမန(နိုင်)၀၉၇၉၉၀	ဒဂုံဆြက်	၆၄/စက်မုဇုန်	၄၄၂	ဦးသာမင်း	၄၄၂၊ ရွှေလမ်းလမ်း။ (၆၄)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဦးမင်းသန့်	ရ/ဝမန(နိုင်)၀၀၃၁၂၃	တောင်ဥက္ကလာ	၁၃	၁၆၅/ခ	ဒေါ်သိန်းကြည်	၁၆၅/ခ၊ ဝရုဏာ(၆)လမ်း။ (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၉။	ဒေါ်အာကာကျူး+၅	N-OKA-၀၀၀၁၉၅	မြောက်ဥက္ကလာ	၈၁	၂၀၀(က)	ဒေါ်ညွှန့်မိုး	၂၀၀၊ ဝေဟင်္ဂရွှေ(၆)လမ်း။ (၈၁)ရပ်ကွက်	အမည်ပြောင်း
၂၀။	ဒေါ်ခွေခင်မြင့်	၉/ဝမန(နိုင်)၀၀၇၉၆၀	စမ်းချောင်း	၂၇/ဒီ	ဒေါအက်ဒ်/၉-အေ-

ဦးတင်ဖေ
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
(ကျိုက်လတ်၊ ပင်လည်ဘူးမြို့)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန် (၄) လမ်း၊ အမှတ်(၁၇၄)နေ (ဦးကျော်ဝင်း - ဒေါ်အေးကျင်) တို့၏ သား၊ (ဦးသာထိန် - ဒေါ်စံတင်) တို့၏ သားသမက်၊ (ဒေါ်အမာ)၏ ခင်ပွန်း၊ ဒုတိယဖိုလ်မှူးကြီး ဌေးလှိုင်(ငြိမ်း) - ဒေါ်သန်းသန်းအေး၊ ဗိုလ်ကြီး သန်းဦး(ငြိမ်း) - ဒေါ်ဖြူဖြူဝင်း၊ (ဗိုလ်မှူး စိန်လှမောင်) - ဒေါ်တင်တင်မိုး၊ ဦးတင်အောင်မိုး - ဒေါ်အေးအေးသန်း၊ ဗိုလ်ကြီး တင်အောင်တိုး(ငြိမ်း)- ဒေါ်ဃသွယ်မော်၊ (ဦးညီညီထွေး) - ဒေါ်မျိုးမင်းမင်း တို့၏ ဖခင်၊ မြေး (၈) ယောက်၊ မြစ် (၁)ယောက်တို့၏ အဘိုး ဦးတင်ဖေ(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)သည် ၂၂-၁၁-၂၀၂၆ ရက်(တနင်္ဂနွေနေ့) ညနေ (၄) နာရီအချိန်တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၆ ရက်(တနင်္လာနေ့) မွန်းလွဲ (၂) နာရီအချိန်တွင် ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလူလူသွင်
အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မြေနေလမ်း၊ အမှတ်(၁၅)နေ (ဦးမောင်သွင် - ဒေါ်လှမြင့်) (ဆန်းကဒီး)တို့၏ သားကြီး၊ ဦးစိုးလွင် - ဒေါ်သူသူသွင်တို့၏ အစ်ကို၊ Dr.ပြည်ဖြိုးသွင်၏ ဦးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်းကျွန်းမြို့နယ်၊ (၁၆)အုပ်စုံး(၁)၊ ဧဝ္ဌေလ(၄)လမ်း၊ အမှတ်(၈၀၀/၁၅)နေ (ဒေါ်သန်းသန်းဝင်း)၊ ဒေါ်တင်တင်ဝင်းတို့၏ ခင်ပွန်း၊ မခိုင်ဇာဝေဖ၏ကျေးဇူးဝဖခင်သည် ၂၁-၁၁-၂၀၂၆(စနေနေ့) ညနေ ၃:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ဒေါ်တင်တင်ဝင်းတို့၏ ခင်ပွန်း၊ မခိုင်ဇာဝေ၏ကျေးဇူးဝဖခင်သည် ၂၁-၁၁-၂၀၂၆(စနေနေ့) ညနေ ၃:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၃-၁၁-၂၀၂၆ ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုဿာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂၇-၁၁-၂၀၂၆(သောကြာနေ့) နံနက် ၇ နာရီတွင် ဘုရားအမှုရုံရှိသော သဲယာတော်အရှင်သူမြတ်တို့ကို ဒါဝတ္ထုဝတ္ထုုအစုစုတို့ဖြင့် ဆက်ကပ်လျှုဒါန်းပြီးရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ဟူသော ဤကဲ့သို့ ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၆၆၂)။ (အလျားငပေပေ အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးမျိုးနိုင် (ISN-၅၃၃၀၁၈) အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွဋ်ထိပ်အောင်(၁၂/ဗဟန(နိုင်)၀၉၆၈၈၁၁)မှ ဥပဒေနှင့် အညီလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုပန်ခံကတိပြုပြောဆိုလာရာကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ငွေလွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုကမန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း

❖ နိုင်ငံတော် ရွှေသီဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

M-League ယူ-၂၀ လူငယ်လိဂ်တွင် ချန်ပီယံဆုအတွက် ရန်ကုန်ယူနိုက်တက်အသင်း အမှားအယွင်းမရှိ နိုင်ပွဲဆက်ယူ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်ကော်မတီတို့ကြီးမှူးရွက် Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် Grand Royal M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၅) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၂ ရက်က YUSC ကွင်းၭိကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက် အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❍



ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



ချန်ပီယံ SGF Youth အသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် SGF Youth အသင်း ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၂၆ MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပရာ SGF Youth အသင်း ချန်ပီယံဆု ဆွတ်ခူးရရှိသည်။

SGF Youth အသင်းသည် နောက်ဆုံးပွဲတွင်လည်း ဂိုးပြတ်နိုင်ပွဲရယူနိုင်သဖြင့် သုံးမှတ်အသာဖြင့် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၂၂) တွင် မာရိန်းအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ကိုးဂိုး-ခုနစ်ဂိုး၊ ဘူရိုဒိုအသင်းက Jullniss အသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ FFU မင်းမဟော်အသင်းက Avengers Junior အသင်းကို သုံးဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက Mahar Burma အသင်းကို သုံးဂိုး-တစ်ဂိုး၊ Victoria အသင်းက United City အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ SGF Youth အသင်းက TKA Star အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၃ သို့ ❒

M-League ပြိုင်ပွဲတွင် ရတနာပုံကို ဒဂုံစတားယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ယူ

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၂၆–၂၀၂၇ ရာသီ Grand Royal M-League ပြိုင်ပွဲ ပွဲစဉ် (၇) ဒုတိယနေ့ကို နိုဝင်ဘာ ၂၂ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရာသီကြို ပြင်ဆင်မှုများစွာ ပြုလုပ်ထားသလို နည်းဗျူဟာ ကျွမ်းကျင်သည့် နည်းပြနှစ်ဦး တွေ့ဆုံသည့်ပွဲတွင် ဒဂုံစတား ယူနိုက်တက်အသင်းက ပထမပိုင်း သွင်းဂိုးများဖြင့် အနိုင်ရရှိကာ နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့သည်။ နည်းဗျူဟာ အားပြိုင်သည့်ပွဲတွင် ဒဂုံစတား ယူနိုက်တက်အသင်း နည်းပြချုပ် ဦးချစ်နိုင် အနိုင်ရခဲ့ပြီး ကွင်းအတွင်း ကစားသမားများ ပုံဖော်နိုင်ခြင်းကြောင့် ဒဂုံစတား ယူနိုက်တက်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အဆုံးသတ်အားနည်းမှုများကြောင့် ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ဂိုးတစ်ဂိုးသာပြန်ရခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ✲



ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။



Junior Lions အသင်းနှင့် Asia Lion အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

M-League II ပြိုင်ပွဲတွင် Asia Lion အသင်း ပထမဆုံး နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်ကော်မတီတို့ကြီးမှူးရွက် Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ Grand Royal M-League II ပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၂ ရက်က ပဒုမ္မာကွင်းၭိကျင်းပရာ Asia Lion အသင်းက Junior Lions အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❂

ယနေ့ ဖတ်စရာ

ထိုင်းနိုင်ငံ ဖူးခက်ဒေသ၌ မောင်းသူမဲ့ ဒရုန်းတက္ကစီယာဉ်များ ၂၀၂၇ ခုနှစ်တွင် စတင်ပြေးဆွဲမည်
စာမျက်နှာ » ၁၃

ကျန်းမာတက်ကြွ သက်ကြီးပုဂ္ဂိုလ်ဘဝ
ဆောင်းပါး၊ စာမျက်နှာ » ၁၉

အေအိုင်ခေတ်နှင့် စာမေးပွဲစနစ် အားပြိုင်မှု
စာမျက်နှာ » ၂၁

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ပုဂံမာရသွန်အပြေးပြိုင်ပွဲ ကျင်းပ
စာမျက်နှာ » ၂၃

ဘုန်းမောက်အသင်း ပြိုင်ပွဲစုံ ကိုးပွဲဆက်အနိုင်ရတဲ့ စံချိန်သစ် စိုက်ထူ
စာမျက်နှာ » ၂၈